# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၅၁)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေး ခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ | စာ - ၃

သံအမတ်ကြီး ဦးအောင်ကျော်ဇံ ဘာရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ခန့်အပ်လွှာပေးအပ်

ပြည်တွင်းသတင်း | စာ - ၅




ငပလီဆောင်းဦးပွဲတော်ဖွင့်ပွဲအတွက် အကြိုလေ့ကျင့်ပြင်ဆင်နေမှုကို တွေ့ရစဉ်။

## ငပလီဆောင်းဦးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

သံတွဲ နိုဝင်ဘာ ၁၉

ငပလီဆောင်းဦးပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်တွင် Ngapali Paradise ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ သဲပန်းချီပြပွဲနှင့် စက်ဘီးစီးပြိုင်ပွဲအစရှိသည့် အားကစားပွဲများ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

ငပလီကမ်းခြေသို့ လာရောက်အပန်းဖြေမည့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်သည့်အနေဖြင့် ငပလီဆောင်းဦးပွဲတော်ကို ၂၀၁၉ ခုနှစ်က ပထမအကြိမ်စတင်ကျင်းပခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် နိုဝင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ဒုတိယအကြိမ် ကျင်းပခဲ့ကာ ယခုနှစ်တွင် တတိယအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❑

## MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ကော့သောင်း နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေးလုပ်ငန်းစဉ်အရ ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား ၃၀ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင် အကျိုးဆောင်(ထိုင်း) လိုင်စင်ရ အေဂျင်စီတစ်ခုဖြစ်သည့် J.M.K Services Co.,Ltd မှ ထိုင်းနိုင်ငံရှိ SPM Feed Mill Co.,Ltd သို့ အမျိုးသားအလုပ်သမား ၁၅ ဦး နှင့် အမျိုးသမီးအလုပ်သမား ၁၅ ဦး စုစုပေါင်းအလုပ်သမား ၃၀ ကို နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်းအပြည်ပြည်ဆိုင်ရာ

*စာမျက်နှာ ၅ ကော်လံ ၅* ❖






# ကျန်းမာရေးအတွက် ဆေးတစ်လက်

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် အကောင်းဆုံး ဆေးတစ်လက်ဖြစ်သည်ဟု ဖော်ညွှန်းကြသည်။ လွန်စွာလွယ်ကူသလောက် ငွေကုန်ကြေးကျလည်း နည်းလွန်းလှသည့် လမ်းလျှောက်ခြင်းအားဖြင့် ရရှိလာနိုင်သည့် ကျန်းမာရေးရလဒ်အကျိုးကျေးဇူးများမှာ အံ့အားသင့်ဖွယ်ကောင်းလောက်အောင်ပင် များပြားလှသည်။ သို့ရာတွင် နေ့စဉ်မှန်မှန် မပျက်မကွက် လမ်းလျှောက်ရန်အတွက် မိမိကိုယ်ကို တာဝန်ယူနှိုးဆော်ထားရမည်ဖြစ်သည်။

ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းသည် တစ်ရက်လျှင် မိနစ် ၃၀ နှုန်းဖြင့် တစ်ပတ်လျှင် အနည်းဆုံး ငါးရက်လျှောက်ရန်လိုသည်။ အလေ့အကျင့်မရှိသေးသူအတွက် တစ်ရက်လျှင် ၁၀ မိနစ် လမ်းလျှောက်ခြင်းဖြင့် စတင်ကာ တဖြည်းဖြည်း တိုး၍သွားရမည်ဖြစ်သည်။ စတင်လမ်းလျှောက်သူသည် နာရီဖြင့် အချိန်မှတ်၍ သက်သောင့်သက်သာအနေအထားဖြင့် လျှောက်ရမည်ဖြစ်ပြီး ရက်သတ္တတစ်ပတ်ပြီးတစ်ပတ် ၁၀ မိနစ်မှသည် ၁၅ မိနစ်၊ ၁၅ မိနစ်မှသည် မိနစ် ၂၀ – မိနစ် ၃၀ စသည်ဖြင့် တိုးမြှင့်သွားရမည်ဖြစ်သည်။

ထို့အပြင် လမ်းမလျှောက်မီ ရေအနည်းငယ်သောက်၍ သွေးပူလေ့ကျင့်ခန်း အနည်းငယ်လုပ်ရန်၊ လမ်းမလျှောက်မီနှင့် လျှောက်ပြီးချိန်တွင် အကြောလျှော့ရန်၊ လမ်းလျှောက်သည့်အချိန်တွင် ဦးခေါင်းမတ်မတ်ထား၊ ရှေ့ကို တည့်တည့်ကြည့်၍ လက်လွှဲလျှောက်ရန်၊ တစ်ခါတစ်ခါ အရှိန်မြှင့်လျှောက်၍ နှလုံးခုန်မြန်လာအောင် လျှောက်ပေးရန်၊ လှေကားအတက်ကုန်းအတက်များကို လျှောက်ရန်၊ ပို၍မြန်မြန် ပို၍ဝေးဝေး လျှောက်ပေးရန်၊ နေ့စဉ် မိမိလမ်းလျှောက်သည့် ကြာမြင့်ချိန်နှင့် ခြေလှမ်းမှတ်သည့်ကိရိယာရှိပါက ခြေလှမ်းအရေအတွက်တို့ကို မှတ်တမ်းတင်ရန် စသည်တို့ကို ကျန်းမာရေးပညာရှင်တို့က အကြံပြုတိုက်တွန်းထားကြသည်။

တစ်နေ့လျှင် မိနစ် ၃၀ နှုန်းဖြင့် နေ့စဉ်မှန်မှန် လမ်းလျှောက်လာနိုင်သည်နှင့်အမျှ နှလုံးရောဂါဖြစ်နိုင်ခြေမှာ ၁၉ ရာခိုင်နှုန်းလျော့နည်းသွားပြီဖြစ်ပြီး နှလုံးသွေးကြောရောဂါနှင့် ကင်ဆာရောဂါတို့လည်း ဖြစ်နိုင်ခြေလျော့ကျသွားပြီဖြစ်သည်။ ဆီးချိုရောဂါဖြစ်နေသူများ ပုံမှန်လမ်းလျှောက်ခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သည်။ လမ်းလျှောက်ခြင်းက ကိုယ်အလေးချိန်ကို လျော့ကျစေပြီး ကြွက်သားများကို သန်မာစေသည်။ အဆုတ်ကို အားကောင်းစေပြီး သွေးလည်ပတ်မှုကို ကောင်းစေသည့်အတွက် အမောခံ သက်လုံကောင်းလာစေသည်။ လေဖြတ်၊ လေဖြန်း ကင်းစေသည်။ ကျောရိုးမကြီးကို အားကောင်းလာစေသည့်အတွက် ခါးနာနေသူများအတွက် လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ စိတ်ဖိစီးမှုကို လျော့ကျစေနိုင်ပြီး ဦးနှောက်အပေါ်တွင်လည်း အကျိုးသက်ရောက်နိုင်သည့်အတွက် အယ်ဇိုင်းမားရောဂါ၊ သူငယ်ပြန်ခြင်းနှင့် ဦးနှောက်သွေးကြောပြတ်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်ဟုလည်း ဆိုထားသည်။

ကိရိယာမလို၊ နည်းစနစ်မလို၊ ငွေကုန်ကြေးကျမရှိဘဲ လူတိုင်းပြုလုပ်နိုင်ကြသည့် လမ်းလျှောက်လေ့ကျင့်ခန်းကို နေ့စဉ် နာရီဝက်မှန်မှန်ပြုလုပ်ခြင်းဖြင့် အဖိုးမဖြတ်နိုင်သော ကျန်းမာရေးလာဘ်လာဘကို ရယူနိုင်ကြပါစေကြောင်း။ ။

# (၁၀၄)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၄) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင် ရာဟုထောင့်အောင်မြေရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယက သြဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက် စာမ ဆရာတော်များ၊ နိဗဒ္ဓသံဃာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ စာလျှောက်မေးပွဲ ဝင်ရောက်ဖြေဆိုရန် ကြွရောက်တော်မူလာကြသည့် စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ဒေ့ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ သြဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဝရာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဘိုးသင်းက အဖွင့်စကားလျှောက်ထားသည်။

ထို့နောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ သြဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သ.စ.အ ဓမ္မာစရိယ (ဝဋံသကာ)ပါဠိပါရဂူ၊ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ စာလျှောက်မေးပွဲနှင့် စပ်လျဉ်း၍ သြဝါဒခံယူကြသည်။

စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၄၅ ခုနှစ် (၆၇) ကြိမ်မြောက်ကာလမှစ၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က တာဝန်ယူ ကျင်းပခဲ့ရာ ယခုဆို (၁၀၄)ကြိမ်မြောက်ရှိပြီဖြစ်သည်။

ယခင် (၁၀၃) ကြိမ်မြောက် စာလျှောက်မေးပွဲတွင် သီးခြားစာချတန်းမှ သုံးပါးနှင့် သီးခြားစာသင်တန်းမှ နှစ်ပါး စုစုပေါင်း သံဃာတော် ငါးပါးတို့ အောင်မြင်တော်မူခဲ့ကြသည်။ ယခုနှစ် (၁၀၄) ကြိမ်မြောက် စာလျှောက်မေးပွဲကို ယနေ့မှ နိုဝင်ဘာ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ သီးခြားစာချတန်း၌ အပါး ၃၀၊ သီးခြားစာသင်တန်းမှ ၁၈၉ ပါး စုစုပေါင်း ၂၁၉ ပါးတို့ စာရင်းပေးသွင်းထားကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဓာတ်ပုံ – ကိုကိုဇော်(MNA)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်တိုက်သစ်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်(**ဝဲပုံ**)၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တုလွတ်စံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မဟာမြိုင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ မဟာသုဒဿနာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မူလသစ်စိမ့်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာကုသိုလ်တော်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ နန္ဒဝန်ဥယျာဉ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ပဒံပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မေတ္တာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။ **မိုး/ဇလ**



# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၁၅ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်**
**( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၁၉ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | H.E. Army General Sergey Kuzhugetovich Shoigu | Minister of Defence<br>Russian Federation |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**
**သီရိပျံချီဘွဲ့**

| | | |
|---|---|---|
| ၁။ | Colonel General Alexander Vasilyevich Fomin | Deputy Minister of Defence<br>Russian Federation |
| ၂။ | H.E. Mr. Hideo Watanabe | Chairman<br>Japan – Myanmar Association |
| ၃။ | ဦးကဝိဓဇ | ဇွဲကပင်ကျောင်းတိုက်ဆရာတော်၊ တော်ပုံကျေးရွာ၊<br>ကရင်ပြည်နယ် |
| ၄။ | ဦးသာထူးကျော် | ဥက္ကဋ္ဌ (DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး |
| ၅။ | ဦးကျော်သန်း | စစ်ဦးစီးချုပ် (DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး |
| ၆။ | ဗိုလ်မှူးကြီး စောထွန်းလှိုင် | ဥက္ကဋ္ဌ (DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၇။ | စောဖားနီး | ဒုတိယဥက္ကဋ္ဌ (DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ |
| ၈။ | စောပြားပြား(DKBA) | တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၉။ | စောမောင်ကြည် | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၁၀။ | ဗိုလ်မှူးကြီး စောချစ်သူ | အတွင်းရေးမှူး(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီး ကျော်ထူး | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီး စောဒေါဒေါ | နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့<br>ဟောင်သရောအထူးဒေသ |
| ၁၃။ | ဒေါက်တာတင်မိုသီ | ငြိမ်းချမ်းရေးအကျိုးတော်ဆောင် |
| ၁၄။ | ဦးယွတ်ဇော်ခေါင် | အဖွဲ့ခေါင်းဆောင်<br>Peace Talk Creation Group |
| ၁၅။ | ဦးလမိုင်ခွန်ဂျာ | အဖွဲ့ဝင်၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>Peace Talk Creation Group |
| ၁၆။ | ဦးစခုန်တိန့်ယိန်း | ဥက္ကဋ္ဌ ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>New Democratic Army – Kachin |
| ၁၇။ | ဒေါက်တာဆာဘွဲ့ဂျမ် | နာယက၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>( ငြိမ်းဖောင်ဒေးရှင်း) |
| ၁၈။ | သိက္ခာတော်ရဆရာတော် ဆိုတေးရိုဖမော | ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>လွှိုင်ကော်ကက်သလစ်သာသနာဂိုဏ်းအုပ်(ငြိမ်း) |
| ၁၉။ | ဦးဝိစိတ္တာဘိဝံသ(ခ) ဦးဝီရသူ | နာယကဆရာတော်<br>မစိုးရိမ်တိုက်သစ်၊ ဓမ္မသဟာယကျောင်းတိုက်၊<br>မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀။ | ဦးပညာသာမိ | နာယကချုပ်<br>တောင်ကလေးပရိယတ္တိစာသင်တိုက်၊ ဘားအံမြို့၊ ကရင်ပြည်နယ် |
| ၂၁။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ<br>ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| ၂၂။ | ဒေါက်တာအေးမောင် | ဥက္ကဋ္ဌ<br>ရခိုင့်ဦးဆောင်ပါတီ |
| ၂၃။ | ဦးခွန်ထွန်းလူ(ခ) ဒီကီ | ဥက္ကဋ္ဌ<br>"ဝ"အမျိုးသားပါတီ |
| ၂၄။ | ဦးစံကျော်လှ | ဗဟိုအလုပ်အမှုဆောင်<br>ရခိုင်အမျိုးသားပါတီ |
| ၂၅။ | ဦးရွှေမင်း(ခ) ဆီဖာလာလူး | ဥက္ကဋ္ဌ<br>လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) |
| ၂၆။ | ဦးသုဝေ | ဥက္ကဋ္ဌ<br>ဒီမိုကရက်တစ်ပါတီ(မြန်မာ) |
| ၂၇။ | ဦးသိမ်းဝေ | ဥက္ကဋ္ဌ<br>ရိုးမဘဏ်(YOMA Bank) |
| ၂၈။ | ဦးဇော်ဝင်းရှိန် | ဥက္ကဋ္ဌ<br>ဧရာဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်(A Bank) |
| ၂၉။ | ဦးဇော်မင်းဝင်း | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁။ | ဒေါက်တာရင်ရင်နွယ် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၂။ | ဒေါ်ယဉ်ယဉ်ဦး | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၃။ | ဒေါက်တာဆလိုင်းငွန်ကျုံးလျန် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၄။ | ဒေါ်ခင်ဦးလှိုင် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၅။ | ဗိုလ်မှူးကြီးထိန်လင်း(ငြိမ်း) | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၆။ | ဦးစစ်အေး | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်ခင်မျိုးမြင့် | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဦးဉာဏ်ထွန်း | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဦးသန်းကျော် | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**
**စီမံထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | Mr. Alexander Vladimirovich OSTROVSKY | Expert<br>Federal Service for Military –Technical Cooperation(FSMTC)<br>Russian Federation |

**လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးရဲမိုး(ခ)နေရီ | စာရေးဆရာ/ Journalist |

**( ပုံ ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ
# (၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် Transport Week 2022 ပြပွဲသို့ တက်ရောက်ခဲ့




**နေပြည်တော် နိုဝင်ဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Vitaly Saveliev ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သော (၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် Transport Week 2022 ပြပွဲသို့ တက်ရောက်ခဲ့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့သို့ ရောက်ရှိစဉ်အတွင်း နိုဝင်ဘာ ၁၆ ရက်တွင် မီးရထားစက်ခေါင်း၊ တွဲများနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုအရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ ဆွေးနွေးပွဲ၊ မောင်းသူမဲ့ လေယာဉ်များကို မြို့တွင်းသယ်ယူပို့ဆောင်ရေးတွင် အသုံးပြုခြင်းဆိုင်ရာဆွေးနွေးပွဲများကို တက်ရောက်ခဲ့ပြီး ရန်ကုန်–ဗလာဒီဗော့စတော့၊ ရန်ကုန်– နိုဗိုစီဗစ်၊ ရန်ကုန်– ကရာနိုရက်စ် နှစ်ဖက်လေကြောင်းခရီးစဉ်များ ပျံသန်းနိုင်ရေး မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြို့ပြလေကြောင်းအာဏာပိုင်များအကြား သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနားများကို တက်ရောက်ခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Igor Petrovich Chalik နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ် ခဲ့ကြသည်။ နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက် မှု စုံညီဆွေးနွေးပွဲ (International Transport Cooperation in 2022) သို့ တက်ရောက်ခဲ့ပြီး Transport Week ကာလအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

**နှစ်နိုင်ငံ ပူးပေါင်းရေးကိစ္စရပ်များဆွေးနွေး**

နှစ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနများအကြား တွေ့ဆုံမှုအစီအစဉ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်က ရထားပို့ဆောင်ရေးဆိုင်ရာ တည်ဆောက်၊ ပြုပြင်၊ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ကဏ္ဍများတွင် အတွေ့အကြုံရင့်ကျက်သည့် ကျွမ်းကျင်ပညာရှင်များနှင့်ပုဂ္ဂလိကလုပ်ငန်းကုမ္ပဏီများစွာ ရှိသဖြင့် မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အကူအညီများပေးနိုင်ကြောင်း၊ မြန်မာနိုင်ငံဘက်က ရန်ကုန်မြို့နှင့် ရုရှားဖက်ဒရေး ရှင်းနိုင်ငံရှိ မြို့ကြီး သုံးမြို့တို့အကြား လေယာဉ် ခရီးစဉ်များပြေးဆွဲရေးကို အထောက်အကူပြုနိုင်ရန်အတွက် နှစ်နိုင်ငံ မြို့ပြလေကြောင်းအာဏာပိုင်များအကြား သဘောတူညီချက်ကို ယနေ့လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ လေကြောင်းလိုင်း တစ်ခုဖြစ်သည့် Myanmar Airways Internat–ional (MAI) ကလည်း နှစ်နိုင်ငံ အကြားခရီးစဉ်များကို ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်ပြေးဆွဲရန် အဆိုပြုလွှာတင်ပြထားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရထားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု စုံညီဆွေးနွေးပွဲတွင်**(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ပထဝီအနေ အထားအရ ဒေသတွင်း အချက်အချာကျသည့် နေရာတွင် တည်ရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ခွင့်ပြုပေးနိုင်သည့် လုပ်ငန်း/ နယ်ပယ်အများအပြားရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရထားလမ်း ကွန်ရက်အောက်တွင် တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံများနှင့် မီးရထားလမ်းပိုင်းများ ချိတ်ဆက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကားလမ်းကွန်ရက် ဆက်သွယ်မှုအတွက် အာရှလမ်းမကြီး၊ အာဆီယံ လမ်းမကြီး၊ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ လမ်းမကြီးတို့ကို ဖော်ဆောင်လျက်ရှိကြောင်း၊ တစ်ဆက်တည်းတွင် အာဆီယံ၊ ဘင်းမ်စတက်နှင့် ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်စည်နှင့်ခရီးသည်များ နယ်စပ်ဖြတ်ကျော် ပို့ဆောင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအား နှစ်နိုင်ငံအကြား လွယ်ကူချောမွေ့စေရေးနှင့် တစ်ပြေးညီဖြစ်စေရေး၊ ဘက်စုံပို့ဆောင်မှုမြှင့်တင် အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနှင့် ရုရှားဆက်သွယ်နိုင်ရေးအတွက် မြောက်–တောင် အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးစင်္ကြံ (North–South Transport Cooridor) ဖော်ဆောင်ရန် လိုအပ်ပါကြောင်း၊ စွမ်းရည်ရှိသော ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်က ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ရင်းနှီးကျွမ်းဝင်သော ဆက်ဆံမှုကို ပေးစွမ်းနိုင်ကြောင်း ဆွေးနွေးခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး**

နိုဝင်ဘာ ၁၅ ရက်မှ ၁၈ရက်အထိ ကျင်းပသည့် Transport Week သို့ နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ကိုယ်စားလှယ် ၁၆၀ ခန့်နှင့် ရုရှားနိုင်ငံမှ တာဝန်ရှိသူများ ကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်း/အဖွဲ့အစည်းများနှင့် လေ့လာသူများ စုစုပေါင်း ၁၄၀၀ခန့် တက်ရောက်ခဲ့ကြပြီး ရုရှား–မြန်မာနှစ်နိုင်ငံအကြား လေကြောင်းဆက်သွယ်မှု အပါအဝင် ကုန်းလမ်း၊ ရေကြောင်း၊ လေကြောင်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး (ဒုတိယအကြိမ်) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**လားရှိုး နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ၂၀၂၂–၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး (ဒုတိယအကြိမ်) အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် ညနေ ၃ နာရီက လားရှိုးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မောချယ်ရီခန်းမ၌ ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး (ဒုတိယအကြိမ်) အလုပ်ရုံဆွေးနွေးပွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၈၀ ကို ပေးအပ်ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပညာရေးမှူး(ရုံးခွဲ) ပြည်နယ်ပညာရေးမှူး ဆရာကြီး ဦးမောင်ဌေးက လက်ခံရယူပြီး ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဥက္ကဋ္ဌ ဦးမျိုးကျော်က နည်းပြများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ ပေးအပ်ရာ လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဌေးအောင်က လက်ခံ ရယူသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သင်တန်း တက်ရောက်မည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး (ဒုတိယအကြိမ်) အလုပ်ရုံ ဆွေးနွေးပွဲသို့ ဆရာ ဆရာမ ၈၂၈ ဦး တက်ရောက်ကာ ကျောင်း ရှစ်ကျောင်း၊ ခန်းမ ကိုးခု၌ ဘာသာရပ် ကိုးခုကို နှစ်ရက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## လင်းခေးမြို့၊ လဲချားမြို့၊ ကာလိမြို့နှင့် ဟိုမိန်းမြို့များရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့၊ လဲချားမြို့၊ ကာလိမြို့နှင့် ဟိုမိန်းမြို့များရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးအောင်ကျော်ဇံ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ကျော်ဇံသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၂ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်တွင် ဘရာဇီးလ်နိုင်ငံ သမ္မတရုံး၌ ဘရာဇီးလ်ဖက်ဒရယ်သမ္မတ နိုင်ငံ ဒုတိယသမ္မတ အန်တိုနီယို ဟမျူတို မာချင်းစ် မော်ရီထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ သံအမတ်ကြီးနှင့်အတူ မက္ကဆီကို၊ ဒိန်းမတ်၊ ဖင်လန်၊ နီပေါ၊ အာဂျင်တီးနား၊ အဇာဘိုင်ဂျန်နှင့် အိုမန်နိုင်ငံတို့မှ သံအမတ်ကြီးများလည်း ၎င်းတို့၏ ခန့်အပ်လွှာများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



**သံအမတ်ကြီး ဦးအောင်ကျော်ဇံ ၎င်း၏ ခန့်အပ်လွှာကို ဘရာဇီးလ်ဖက်ဒရယ် သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ပေးအပ်စဉ်။**



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ငရုတ်ကောင်း မြို့ရှိ ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၉၄၂ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၂၈ ဦး၊ ခွဲစိတ်ရောဂါ ၁၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၄၈ ဦး၊ ကလေးရောဂါ ၅၈ ဦး၊ အရိုးရောဂါ ၁၈၅ ဦး၊ နား/ နှာခေါင်း/ လည်ချောင်း ရောဂါ ၃၉ ဦးနှင့် သွားနှင့်ခံတွင်း ရောဂါ ၆၇ ဦး စုစုပေါင်း ၉၄၂ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၄၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပန်ကြူရေဝေရေလဲထိန်းသိမ်းရေး ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ (c) အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၁၈၂၀ ရှိသော နယ်မြေကို **“ပန်ကြူ ရေဝေရေလဲ ထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာ အမှတ်(၁၆၃/၂၀၂၂)အရ ၁၃၈၄ ခုနှစ် တန်းဆောင်မုန်းလပြည့်ကျော် ၈ ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ပန်ကြူ ရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တောဧရိယာအား ကျိုင်းတုံမြို့ ရေပေးဝေရေး ဆောင်ရွက်ရာတွင် သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးမြေများအတွက် လိုအပ်သောရေကို အဓိကထောက်ပံ့ပေးနေသည့် နမ့်ခင်ချောင်းရေဝေရေလဲ ဒေသ၏ ရေ၊ မြေ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတု ညီညွတ်မျှတစေရန်၊ မြေဆီမြေသား ကောင်းမွန်လာစေရန်၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်နှင့် သဘာဝတောများကို အခွန့်ရှည်စွာ တည်တံ့ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ရေဝေရေလဲထိန်းသိမ်းရေး ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

ပန်ကြူ ရေဝေရေလဲထိန်းသိမ်းရေး ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် သဘာဝပေါက်ပင်များဖြစ်သည့် တောရှောက်၊ တပင်တိုင်မြနန်း၊ ဝံအူ၊ ကျားမနိုင်မြစ်၊ တောချင်းနက်နှင့် တောနနွင်းစသည့် ဆေးဖက်ဝင်အပင်များအပြင် တားမြစ်ရာပါသစ်ဖြစ်သည့် ထင်းရှူးပင်နှင့် အခြားသစ်မျိုးများဖြစ်သည့် ပရုတ်၊ လောက်ယား၊ စွယ်တော်၊ သစ်ချ၊ သစ်အယ်၊ နဘဲ၊ ရေနဲပင်များပေါများစွာ ပေါက်ရောက်လာနိုင် ခြင်း၊ တောဝက်၊ ချေ၊ ဒေါင်း၊ တောကြက်၊ တောကြောင်၊ မျောက်စသည့် တိရစ္ဆာန်များ၏ နေထိုင် ကျက်စားရာ ဒေသတိုးပွားလာနိုင်ခြင်းနှင့် မဲခေါင်မြစ်အတွင်း စီးဝင်သည့် နမ့်လွေချောင်း ရေဝေရေလဲ ဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**



❑ ***ရှေ့ဖုံးမှ***

ငပလီဆောင်းဦးပွဲတော် ဖွင့်ပွဲအကြိုလေ့ကျင့်မှုကို ယနေ့နံနက် ၈ နာရီက Ngapali Paradise Hotel ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ထို့နောက် ငပလီဆောင်းဦးပွဲတော်ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် ငပလီကမ်းခြေသို့ရောက်ရှိကာ ပန်းပွားဘင်ခရာအဖွဲ့၊ ရခိုင်မင်္ဂလာစည်တော်အဖွဲ့၊ ရခိုင်ရိုးရာယိမ်းအဖွဲ့တို့ကပြဖျော်ဖြေနေမှုများနှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း သရုပ်ပြလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြသည်။

ငပလီဆောင်းဦးပွဲတော်ဖွင့်ပွဲအကြိုလေ့ကျင့်မှုအပြီးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြပြင်ရပ်ကွက်ရှိ အများပြည်သူအပန်းဖြေကမ်းခြေ (Public Area) ရှိ WE LOVE NGAPALI ဆိုင်းဘုတ် ဆောင်ရွက်မည့်နေရာ၊ သံတွဲ-ငပလီ ကားလမ်းတွင် ငပလီမြို့အဝင် ဆိုင်းဘုတ် ဆောင်ရွက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

❖ ***ရှေ့ဖုံးမှ***

နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ရာ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကော့သောင်းခရိုင်ရုံး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တာဝန်ရှိ အဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီတာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကချင်ပြည်နယ် ပူတာအိုဒေသ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် ကချင်ပြည်နယ် လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီး အောင်ကြည်လင်းနှင့် တာဝန် ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပူတာအိုမြို့နယ် ဇီအွန်- လန်းတောင်-နောင်ခိုင် ကျေးရွာ ချင်းဆက် ကျောက်ချောလမ်း အရှည် ၁ မိုင် ၇ ဖာလုံ ဖောက်လုပ် နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဇီအွန်မှ မူလာရှီးဒီသို့ ကျောက်ချော လမ်း ဆက်လက်ဖောက်လုပ် နိုင်ရေး စိစစ်တင်ပြရန် တာဝန် ရှိသူများကို မှာကြား၍ လမ်းတစ်လျှောက် ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် မချမ်းဘော့ မြို့နယ်နှင့် ခေါင်လန်ဖူးမြို့နယ် များမှ နေရပ်စွန့်ခွာခဲ့သည့် အိမ်ထောင်စု ၇၆ စုကို ပြန်လည် နေရာချထားပေးသည့် ပူတာအို မြို့နယ် ဇီဒန်း(၂)ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာ သားများနှင့် တွေ့ဆုံ၍ နယ်မြေ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စ ရပ်များကို ရှင်းလင်းပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ခဲ့သည်။ ယင်းနောက် ကျေးရွာအတွင်း လှည့်လည် ကြည့်ရှု၍ ကျေးရွာဖွံ့ဖြိုးရေး အတွက် လိုအပ်သည့် ကိစ္စရပ်များ ကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ပူတာအို ဒေသ၏ ထွက်ကုန်များကို အဆင်ပြေချောမွေ့စွာ သယ်ယူ ပို့ဆောင်နိုင်ရန်နှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေ ရန် ရည်ရွယ်၍ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းတာဝန်ယူ ဖောက်လုပ် လျက်ရှိသည့် ၂၅ မိုင် အရှည်ရှိ ပူတာအို လွင်ပြင်ပတ်လမ်း တစ်လျှောက် လမ်း/တံတားများ ဖောက်လုပ် ဆောင်ရွက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ် ဖောက်လုပ်နိုင်ရေးအတွက် လိုအပ် ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် တာဝန်ရှိသူ များအား မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်း တွင် ပူတာအိုမြို့နယ် စိုက်ပျိုးရေး



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပူတာအိုမြို့နယ် ပူတာအိုလွင်ပြင်ပတ်လမ်းပေါ်၌ တစ်မိုင်အရှည် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဦးစီးဌာန၏ မတ်ပန်ကွင်း မိုးစပါး ဆင်းဧကရီ-၃ (RS-CS) မျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းသို့ ရောက်ရှိ ၍ ဒေသတွင်း စားနပ်ရိက္ခာဖူလုံ စေရန်အတွက် နွေ၊ မိုး၊ ဆောင်း သီးထပ်စိုက်ပျိုးနိုင်ရေး နယ်စပ် ရေးရာဝန်ကြီးဌာနမှ ဆိုလာ ရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိ ရေး ဆောင်ရွက်ပေးမည့် အစီအမံ များကို တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ပူတာအိုမြို့ စိန့်အန်ထော်နီ ကက်သလစ် ဘုရားကျောင်းရှိ ပရဟိတ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြား ခဲ့ပြီး စားနပ်ရိက္ခာများ ထောက်ပံ့ ပေးအပ်သည်။

ထို့နောက် ပူတာအိုမြို့ ဟိုခို (ပရဟိတ) ဇေယျာသိဒ္ဓိကျောင်းနှင့် ဖန်ခိုင် (ပရဟိတ) ဘုန်းတော်ကြီး သင် ပညာရေးကျောင်းများသို့ သွားရောက်၍ ဆရာတော်များ အား ဖူးမြော်ကာ ကျောင်းသား ကျောင်းသူများ၏ စားသောက် နေထိုင်ရေး လိုအပ်ချက်များကို လျှောက်ထားမေးမြန်းခဲ့ပြီး စားနပ် ရိက္ခာများ ထောက်ပံ့လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် နယ်စပ် ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ် ရေးဝန်ကြီးဌာနနှင့် ကချင် ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်း ၍ တာဝန်ယူဖောက်လုပ်လျက် ရှိသည့် အထက် ဆန်ခေါင် - လုံနဒမ်း - ဇီယာဒမ်းမှတစ်ဆင့် ဖုန်ကန်ရာဇီ ရေခဲတောင်သွား လမ်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ခရီးသွား လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ရည်ရွယ် ဆောင်ရွက်ခြင်း ဖြစ်သဖြင့် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာ ရေးနှစ်တွင် အပြီးသတ်ဖောက် လုပ်နိုင်ရေး ခွဲဝေတာဝန်ယူ ဆောင်ရွက်သွားရန် မှာကြား၍ လမ်း/တံတားများ ဖောက်လုပ် ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် ယနေ့နံနက်ပိုင်းတွင် အမျိုး သမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်း (ပူတာအို)၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျောင်း ဝတ်စုံ၊ စာရေးကိရိယာ၊ ဗလာ စာအုပ်နှင့် အားကစားပစ္စည်းများ ပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ သည်။ ထို့နောက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုး ရေးသင်တန်းကျောင်း(ပူတာအို) ၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများ နှင့် မိတ်ဆုံစားပွဲသို့ တက်ရောက်၍ ရင်းနှီးနွေးထွေးစွာ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာနရုံး အစည်း အဝေးခန်းမ၌ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ၂၀၂၂ ခုနှစ် ကမ္ဘာ့ ဆီးချို၊ သွေးချိုရောဂါကာကွယ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ တိုင်း ဒေသကြီး ပြည်သူ့ကျန်းမာရေး နှင့် ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ တက် ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကာကွယ်ခြင်းသည် ကုသခြင်း




ထက် ပိုကောင်းသည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆီးချို မဖြစ်စေရန် လူတစ်ဦးချင်း၊ တစ်ယောက်ချင်းကိုယ်တိုင် မိမိတို့ ၏ အပြုအမူ၊ အနေအထိုင်များကို ကျန်းမာရေးနှင့် ညီညွတ်သည့် ပုံစံများဖြစ်အောင် ပြောင်းလဲ နေထိုင်ရန်လိုကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ပြည်သူ လူထုအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက် နှင့် ပတ်ဝန်းကျင်များ ဖန်တီး ပေးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကို အားပေးခြင်း၊ ကျန်းမာရေး အသိပညာများကို ပြည်သူလူထု အတွင်း ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားစေရန် လုပ်ဆောင် ခြင်းတို့ကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ ဆီးချို၊သွေးချိုကာကွယ်ထိန်းသိမ်း ရေးနေ့တွင် ဆီးချိုရောဂါပညာ ပေးလုပ်ငန်းများကို ယခင်ထက် ပိုပြီး အဆင့်မြှင့်တင်ကာ အရည် အသွေးပြည့်ဝသည့် အစီအစဉ်များ ဖြင့် ပြည်သူလူထုကို အသိပညာ ဖြန့်ဝေပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မကူးစက်နိုင်သော ရောဂါများ ကာကွယ်နိုင်ရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ပထမဆု ရရှိသော ဝေါမြို့နယ်၊ ဒုတိယဆု ရရှိသော ပေါက်ခေါင်းမြို့နယ်နှင့် တတိယဆုရရှိသော ပြည်မြို့နယ် တို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ကလည်းကောင်း၊ နှစ်သိမ့်ဆု ရရှိသော လက်ပံတန်းမြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့ကို သယံဇာတ ရေးရာဝန်ကြီး ဦးတင်သိန်းက လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ပြီး ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာသီဟက ဆီးချို၊ သွေးချိုရောဂါ ကာကွယ် ကုသရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှ ဆောင်ရွက်နေမှု များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြသထားသော ပြခန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာ ကြသူများက လှည့်လည်ကြည့်ရှု ကြပြီး အခမ်းအနားတက်ရောက် လာကြသူများအား ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်း များက ဆီးချို၊ သွေးချိုရောဂါ စမ်းသပ်စစ်ဆေးပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဂွမြို့နယ် တောင်ပတ်လည်ကျေးရွာ၌ ကျေးလက်အိမ်ရာများ တည်ဆောက်ပေးလျက်ရှိ

**ဂွ နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ် ဂွမြို့နယ် တောင် ပတ်လည်ကျေးရွာ၌ ကျေးလက် အိမ်ရာများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ် ရန်ပုံငွေကျပ် ၆၂ ဒသမ ၅ သန်း ဖြင့် မင်းဗာကြီးကုမ္ပဏီက တာဝန် ယူ တည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်း ဆောင်ရွက်နေမှုများ ကို မြို့နယ်တာဝန်ရှိသူများက နိုဝင်ဘာ ၁၆ ရက်က ကွင်းဆင်း စစ်ဆေးကြသည်။

ဂွမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဒေါ်ဝေဝေသန်း နှင့် အဖွဲ့ဝင်များက ကွင်းဆင်း စစ်ဆေးခြင်းဖြစ်ပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန် ရှိသူများအား သတ်မှတ်ကာလ အတွင်း ပြီးစီးရေးနှင့် သတ်မှတ် အရည်အသွေးပြည့်မီစွာ ပြီးစီး ရေး ဆောင်ရွက်ကြရန် မှာကြား ခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ Sanit Petersburg ရှိ Nuclear technology information center၊ Peter the Great St. Petersburg Polytechnic University နှင့် Hermitage Museum တို့ကို သွားရောက်လေ့လာ



**နေပြည်တော် နိုဝင်ဘာ ၁၉**
ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် Sanit Peters-burg ရှိ Nuclear technology information center သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ မြန်မာနိုင်ငံ၌ နျူကလီးယားပညာကို ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ ပြည်သူလူထု ယုံကြည်စိတ်ချ လက်ခံနားလည် သဘောပေါက်သိမြင်လာနိုင်စေရေးအတွက် ရန်ကုန်မြို့၌ Nuclear Technology Information Center တည်ထောင်ဖွင့်လှစ်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နျူကလီးယား နည်းပညာပြန်ကြားရေးဌာနသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် ယာနစ်ချင်ကာက ကြိုဆိုနှုတ်ဆက်ပြီး အစည်းဝေးခန်းမတွင် Nuclear Technology Information Center မှ ပြည်သူလူထုအတွက် အသိပညာပေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Nuclear tech-nology information center အတွင်း ပြသထားသည့် ပုံစံငယ်များ၊ Virtual Reality digital နည်းပညာဖြင့် ခင်းကျင်းပြသမှုများ၊ စွမ်းအင်များကို အကျိုးရှိရှိထိရောက်စွာ ထုတ်လုပ်မှုများ၊ Nuclear နည်းပညာ၏ လူသားနှင့် ပတ်ဝန်းကျင်အပေါ် မထိခိုက်စေဘဲ အကျိုးပြုမှုများနှင့် သတင်းအချက်အလက်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက အသေးစိတ် လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Peter the Great St. Petersburg Polytechnic University သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ရုဒ်စကွိုင် အန်ဒရယ်အီက ကြိုဆိုနှုတ်ဆက်ပြီး အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို သင်တန်းများ၊ ကျွမ်းကျင်မှု လက်ဆင့်ကမ်းသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ၊ Student exchangeနှင့် faculty exchange အစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ တက္ကသိုလ်အတွင်း သင်ကြား သင်ယူနေမှုများနှင့် လက်တွေ့ ဆောင်ရွက်နေမှုများ၊ သုတေသန စီမံကိန်းများကို လှည့်လည်ကြည့်ရှုကာသိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အဆိုပါ တက္ကသိုလ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၂၀ ကျော်ခန့်က စတင်တည်ထောင်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုဖြစ်ကာ နိုဗယ်ဆုရသိပ္ပံပညာရှင်များ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်သည့်အပြင် နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်မှုပြည့်ဝသည့် သိပ္ပံနှင့် နည်းပညာနယ်ပယ်စုံ အသိပညာရှင်/ အတတ်ပညာရှင်နှင့် အင်ဂျင်နီယာများကို ပြုစုပျိုးထောင်ပေးနေသည့် တက္ကသိုလ်ဖြစ်သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Hermitage Museum အတွင်း ခင်းကျင်းပြသထားသည့် သမိုင်းဝင်အနုပညာလက်ရာ အမွေအနှစ်များနှင့် မှတ်တမ်းများကို ကဏ္ဍအလိုက် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုများကို လိုက်လံကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာပညာရေးဒီဂရီကောလိပ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး သင်တန်းသား ၂၀၀ ဆံ့၊ လေးထပ် အမျိုးသားအိပ်ဆောင် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



**မုံရွာ နိုဝင်ဘာ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာပညာရေးဒီဂရီကောလိပ်အား ကျောင်းဥပမိရုပ် ကောင်းမွန်စေရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လုပ်ငန်းဆောင်ရွက်နေကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာပညာရေးဒီဂရီကောလိပ်အတွင်း တည်ဆောက်လျက်ရှိသော သင်တန်းသား ၂၀၀ ဆံ့ RC ကွန်ကရစ် လေးထပ်ဆောင် အဆောက်အအုံသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီတည်ဆောက်ပြီးစီးရေး၊ လုံခြုံရေးအသိ၊ သတိတို့ဖြင့် ဆောင်ရွက်ရေးကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၉**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၉၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူ ၁၂၆၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသား ကျောင်းသူ ၂၄၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၉**
မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် နေ့လယ်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး(**ယာပုံ**) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက **နံပါတ်တစ်**အနေဖြင့် **နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ**၊ **နံပါတ်နှစ်**အနေဖြင့် **ပြစ်ဒဏ်ကျခံနေရသူများကို ပြစ်ဒဏ်များမှ ဖြေလျှော့သက်ညှာစွာ ဆောင်ရွက်ပေးမှုကိစ္စရပ်များ၊ နံပါတ်သုံး**အနေဖြင့် **အာဆီယံအဖွဲ့ကြီးနှင့် ပတ်သက်သည့် ဆက်စပ်ကိစ္စရပ်များ၊ နံပါတ်လေး**အနေဖြင့် **ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုကိစ္စရပ်များ၊ နံပါတ်ငါး** အနေဖြင့် **ပညာရေးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဆိုင်ရာကိစ္စရပ်များ၊ နံပါတ်ခြောက်** အနေဖြင့် **အကြမ်းဖက်ကိစ္စရပ်များကို** ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း၊ နံပါတ်တစ်မှ ခြောက်အထိ မိမိအနေဖြင့် ရှင်းလင်းသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အပိုင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး၊ ဖြေ ကဏ္ဍဖြစ်ပါကြောင်း၊ မေးခွန်းများမေးသည့်အခါတွင် စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးမှ မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရ မေးခွန်းတစ်ခုစီမေးမြန်းပေးရန်ဖြစ်ကြောင်း။

## မီဒီယာများ၏မေးမြန်းမှု ဖြေကြားပေး

သတင်းစာရှင်းလင်းပွဲတွင် ပြောကြားမည့်အကြောင်းအရာများကို မပြောကြားမီ မီဒီယာများသို့ ပြောကြားလိုသည်မှာ မိမိတို့သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်သည် သတင်းမီဒီယာများ သိရှိမေးမြန်းလိုခြင်းများကို ဖြေကြားရန်အတွက်သာမဟုတ်ဘဲ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များ ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်မှုများကို ပြည်သူလူထု သိရှိရန်နှင့် ပြည်သူလူထုအား ပြန်ကြားပေးရန် သိရှိရမည့် အသိပညာဗဟုသုတများ ဖြန့်ဖြူးပေးရန်ဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းစာရှင်းလင်းပွဲများကို လစဉ်ပုံမှန်ဆောင်ရွက်နေခြင်းရှိသကဲ့သို့ မီဒီယာများ၏မေးမြန်းမှုများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး နေ့စဉ်ဖြေကြားပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပထမဆုံးအနေဖြင့် ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခြင်းနှင့် ပတ်သက်ပြီး ပြောကြားလိုကြောင်း၊ **ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း၊ ကျေးဇူးရှိသူကို ကျေးဇူးပြုခြင်းသည် မင်္ဂလာတစ်ပါး** ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါပြီး မင်္ဂလာရှိတဲ့ နေ့တစ်နေ့ဖြစ်သည့် အမျိုးသားအောင်ပွဲနေ့တွင် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခဲ့ပါကြောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရမည့်သူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါကြောင်း၊ ယမန်နေ့က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ပေးအပ်ချီးမြှင့်ခဲ့သည့် အရေအတွက်အနေဖြင့် ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ၊ မဟာသရေစည်သူဘွဲ့ ၊ စည်သူဘွဲ့ ၄၂ ဦး ၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ စသည့်ဘွဲ့ ၂၂၇ ဦး ၊ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် သုံးဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ၁၇၇ ဦး၊ စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် ခုနစ်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များဖြစ်သည့် စီမံထူးချွန်တံဆိပ်၊ လူမှုထူးချွန်တံဆိပ် ၄၀၁ ဦး၊ စီးပွားရေးထူးချွန်တံဆိပ်ဖြစ်သည့် လယ်ယာစီးပွားထူးချွန်တံဆိပ်၊ စက်မှုစီးပွားထူးချွန်တံဆိပ်၊ ဝန်ဆောင်မှုစီးပွားထူးချွန်တံဆိပ် ၁၁၈ ဦး၊ ပညာရပ်ဆိုင်ရာ ထူးချွန်တံဆိပ်များဖြစ်သည့် သိပ္ပံပညာထူးချွန်တံဆိပ်၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်၊ နည်းပညာထူးချွန်တံဆိပ်၊ စာပေပညာထူးချွန်တံဆိပ် ၁၂၄ ဦးဖြစ်ပြီး စုစုပေါင်း ၁၀၉၉ ဦးဖြစ်ကြောင်း။

## ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်

မိမိတို့အစိုးရအနေဖြင့် အလားတူချီးမြှင့်မှုများကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ၁၂၉၀ ဦး ၊ တပ်မတော်နေ့တွင် ၈၇၇ ဦး ၊ နှစ်ဆန်းတစ်ရက်နေ့ ဧပြီလ ၁၇ ရက်နေ့တွင် ၁၄၆ ဦးချီးမြှင့်ခဲ့ပါကြောင်း၊ ယနေ့ထိ စုစုပေါင်း ၄၃၁၂ ဦး ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်သည့်နေရာတွင် ၂၀၀၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များကို မိမိအနေဖြင့် အနှစ်ချုပ်ပြောရမည်ဆိုပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ ကြိုးပမ်းကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ဝိဇ္ဇာပညာနှင့်အခြားသောပညာရပ်တစ်ခုခုတွင် အဆင့်မီအောင်မြင်စွာ ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားစွာတတ်မြောက်ခဲ့သည့် ပုဂ္ဂိုလ်များကို ချီးမြှင့်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ၏(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်ပါကြောင်း၊ ၇၅ နှစ်တာကာလအတွင်း နိုင်ငံ့အကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးခဲ့ကြသူများကို ဖော်ထုတ်ရမည်ဖြစ်ပါကြောင်း၊ ချီးမြှင့်ရမည်ဖြစ်ကြောင်း၊ **ကောင်းမွန်သည့်လုပ်ဆောင်မှုကို ဖော်ထုတ်ပြီး အစဉ်အလာဖြစ်သွားအောင် လုပ်ရမည်**ဖြစ်ပါကြောင်း၊ ယင်းကိုရည်ရွယ်ပြီး လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ သို့သော် အကောင်းမမြင်နိုင်သေးသည့် အမျိုးမျိုးသောဝေဖန်မှုများ ရှိမည်ဖြစ်ကြောင်း၊ ယခင်ချီးမြှင့်စဉ်က မြန်မာ့ငြိမ်းချမ်းရေးကို အစဉ်တစိုက်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ၊ EAO ခေါင်းဆောင်များကို ချီးမြှင့်စဉ်က ယခုကဲ့သို့ ဝေဖန်မှုများ၊ သွေးခွဲမှုများ ပေါ်ပေါက်ခဲ့ပါကြောင်း၊ အမျိုးသားအောင်ပွဲနေ့တွင် ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ခြင်းကိစ္စများကို သိသာထင်ရှားအောင် ထုတ်နုတ်ပြသလိုသည်များကို ထုတ်နုတ်ပြောကြားလိုပါကြောင်း၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ရာတွင် မိမိတို့အစိုးရအနေဖြင့် ယခင်အစိုးရလက်ထက်က ဘွဲ့တံဆိပ်ရရှိရန် အရည်အချင်းကိုက်ညီပြီး ကျန်နေသည့် ပုဂ္ဂိုလ်များကို မိမိတို့အစိုးရလက်ထက်တွင် စိစစ်ရွေးချယ်ပေးအပ်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရ၏ မူဝါဒသည် မည်သည့်အစိုးရလက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ မည်သည့်ပါတီဝင်ဖြစ်ခဲ့ကြောင်း၊ မည်သူ၏ လူဖြစ်ခဲ့သည်မှာ အရေးမကြီးပါကြောင်း၊ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် မည်မျှတာဝန်ထမ်းဆောင်ခဲ့သည်သာ အရည်အချင်းဖြစ်ပါကြောင်း၊ ယမန်နေ့က ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမိန့်အမှတ်၊ ၂၁၂ /၂၀၂၂ အရ သီရိပျံချီဘွဲ့ ချီးမြှင့်ခံရသူ ၂၃ ဦးနှင့်ပတ်သက်ပြီး ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

## ချီးမြှင့်ရန် ကျန်ရစ်ခဲ့သူများကို စိစစ်ရွေးချယ်ပေး

ဆက်လက်၍ NLD အစိုးရလက်ထက် ပြည်ထောင်စုအဆင့် တာဝန်ထမ်းဆောင်ခဲ့သူ ၁၂ဦး ပါဝင်ပါကြောင်း၊ သီရိပျံချီဘွဲ့ ၂၃ ဦးထဲတွင် ဦးမျိုးညွန့်၊ ဒေါက်တာဝင်းသိန်း၊ ဒေါက်တာဖေမြင့်တို့ အပါအဝင် ၁၂ ဦး ပါဝင်ပါကြောင်း၊ အသေးစိတ်ဇယားများကို ဘုတ်များတွင် မီဒီယာများလေ့လာနိုင်ပါကြောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၅၉ ဦးရှိပြီး NLD အစိုးရလက်ထက်တွင် ပြည်ထောင်စုအဆင့် တာဝန်ထမ်းဆောင်ခဲ့သူ ဦးမင်းလွင်၊ ဦးဖရတ်ဆင်း၊ ဦးဝင်းမော်ထွန်းနှင့် ဦးလှမော်ဦးတို့အပါအဝင် ၁၂ဦး ရရှိပါကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် အခြေခံဥပဒေအရလွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသောနိုင်ငံဖြစ်ပါကြောင်း၊ ဗုဒ္ဓဘာသာကို နိုင်ငံသားအများစု ကိုးကွယ်သည့်ဘာသာဟု အသိအမှတ်ပြုသည့်အပြင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်သည့် ဘာသာများကိုလည်း ကိုးကွယ်ရာဘာသာအဖြစ် အသိအမှတ်ပြုထားပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ဘာသာပေါင်းစုံတို့၏ ဘာသာရေးပွဲတော်များ၊ အထိမ်းအမှတ်နေ့များ၊ အခမ်းအနားများတွင် တက်ရောက်ခြင်းများ၊ သဝဏ်လွှာပေးပို့ခြင်း၊ အမှာစကားပြောကြားခြင်း၊ ဂုဏ်ပြုစကားပြောကြားခြင်းနှင့် သွားရောက်လှူဒါန်းခြင်းများ ပြုလုပ်သည့်အခါတွင် ပြောကြားသည့်စကားရှိပါကြောင်း၊ "လူသားတိုင်း နိုင်ငံသူ/နိုင်ငံသားတိုင်း၏ ငြိမ်းချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ မေတ္တာတရားများကို ဘာသာတရားတိုင်းက အလေးထားဆုံးမကြသကဲ့သို့ ဘာသာရေးခေါင်းဆောင်များကလည်းဆောင်ရွက်ပေးကြရန်" မှာကြားပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယခုကဲ့သို့ ဘွဲ့တံဆိပ်များ ချီးမြှင့်ရာတွင် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ခေါင်းဆောင် ၁၆ ဦးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ ၊ ဟိန္ဒူဘာသာ ဘာသာရေးခေါင်းဆောင်များ၊ အသင်းအဖွဲ့ခေါင်းဆောင် ၁၆ ဦးကို ချီးမြှင့်ခဲ့ပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ရေး၊ နိုင်ငံသူ/နိုင်ငံသားအားလုံး စည်းလုံးညီညွတ်အေးချမ်းရေးကို ဆက်လက်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။ အလားတူ နယ်ပယ်အသီးသီးတွင် တိုင်းကျိုး ပြည်ပြုတာဝန်ထမ်းဆောင်ခဲ့သည့်သူများကိုလည်း ပေးအပ်ခဲ့ပါကြောင်း၊ မည်ကဲ့သို့ ဝေဖန်ချက်များရှိသည်ဖြစ်စေ အစိုးရတစ်ရပ်အနေဖြင့် လုပ်သင့်လုပ်ထိုက်သင့်သည်များ၊ ချီးမြှင့်ထိုက်သူများ၊ အသိမှတ်ပြုသင့်ပြုထိုက်သည်များကို အစဉ်အလာတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး အစိုးရအဆက်ဆက်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များ ချီးမြှင့်ရန် အရည်အချင်းကိုက်ညီသော်လည်း မချီးမြှင့်ဘဲ ကျန်ရစ်ခဲ့သူများကို ဆက်လက်စိစစ်ရွေးချယ်လျက်ရှိကြောင်း သတင်းကောင်းပါးလိုပါကြောင်း ပြောကြားသည်။

## ပြစ်ဒဏ်မှ ဖြေလျှော့ပေးမှုကိစ္စရှင်းလင်း

ဆက်လက်၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်ဒဏ်ကျခံနေရသူများကို လက်ရှိကျခံနေရဆဲ ပြစ်ဒဏ်များမှ ဖြေလျှော့သက်ညှာစွာ ဆောင်ရွက်ပေးမှုကိစ္စရပ်များအကြောင်းကို ပြောလိုပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသည့် အခြေအနေများသည် ရွေးကောက်ပွဲမဲမသမာမှုက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ရန်အတွက် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲသည် အသက်တမျှ အရေးကြီးပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲသည် ယင်းအချက်အလက်များအပေါ်က သွေဖည်သွားပြီး မဲမသမာမှုကြောင့် တိုင်းပြည်၏ ဒီမိုကရေစီခရီးလမ်း နှောင့်နှေးကြန့်ကြာမှုရှိခဲ့ပြီး နိုင်ငံတကာတွင် ပုံရိပ်ကျဆင်းခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကျင့်သုံးနေသည့် နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံအုပ်ချုပ်သူများ ဆောင်ရွက်မှုတိုင်းသည် ယင်းဥပဒေနှင့် ညီညွတ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မတရားမှု၊ မသမာမှုများအတွက် အမှန်ကို တည့်မတ်ပေးရန်၊ တရားမျှတသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ထွန်းလာခဲ့ရခြင်းဖြစ်ကြောင်း။

တပ်မတော်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းဆောင်ရွက်သည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုဖြစ်စဉ်အပေါ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၃ ရက်နေ့အတွင်း နိုင်ငံတစ်ဝန်း ဆန္ဒပြထုတ်ဖော်မှုများ မရှိခဲ့ပါကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး နေပြည်တော်၊ စည်ပင်သာယာရိပ်သာတွင်ရှိနေသည့် စောင့်ကြည့်ခံလွှတ်တော်အမတ်များကို လက်ရှိနိုင်ငံဖြစ်စဉ်အပေါ် ဥပဒေနှင့်အညီ ဖြေရှင်းနိုင်စေရန် ရှင်းလင်းပြောကြားပြီးနောက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် နေ့မှ ၄ ရက်နေ့အထိ နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်ပေးခဲ့ပါကြောင်း၊ အစိုးရကပဲ ပို့ဆောင်ခဲ့ပါကြောင်း၊ ထိုအချိန်တွင် NLD ၏ CEC အဖွဲ့ဝင်တစ်ဦးက အကြမ်းဖက်မှုများ ဖြစ်ပေါ်လာရန်အတွက် စာတစ်စောင်ထုတ်ပြီး လှုံ့ဆော်ခဲ့ခြင်းကို မီဒီယာများအားလုံးလည်း သိခဲ့ပြီးဖြစ်မည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မန္တလေးမြို့ ဆေးတက္ကသိုလ်ရှေ့ ဆန္ဒပြသူ ၂၀ ဦးခန့်ကစတင်၍ CDM လှုပ်ရှားမှု စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းမှ အကြမ်းဖက်လုပ်ဆောင်မှုများ ယနေ့အထိ အဆင့်ဆင့် ကူးပြောင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ အစိုးရက နိုင်ငံ့တာဝန်လွှဲပြောင်းရယူပြီးနောက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အစဉ်အမြဲ ရှေးရှုဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသူ/နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြည့်ဆည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရကို ဆန့်ကျင်ပြီး ဆူပူဆန္ဒပြမှုဖြစ်စဉ်များ၊ နိုင်ငံတော်အား ဆန့်ကျင်လှုံ့ဆော်မှုများတွင် ပါဝင်ခဲ့မှုကြောင့် အရေးယူခံထားရသူများ၊ ပြစ်မှုမကျူးလွန်ဘဲ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများအပေါ်တွင် အတတ်နိုင်ဆုံး အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေး

(၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် ပြည်ထောင်စုဝန်ကြီးဟောင်း တစ်ဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဟောင်း တစ်ဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် တစ်ဦး၊ အနုပညာရှင် **၁၃ ဦးနှင့်** နိုင်ငံခြားသား **လေးဦး** အပါအဝင် အကျဉ်းသား **၅,၇၇၄ ဦးတို့ကို** ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း စိန်ရတုပြည်ထောင်စုနေ့တွင် **နိုင်ငံခြားသား ၅၅ ဦး၊ နိုင်ငံသား ၂၃,၃၁၄ ဦး၊ စုစုပေါင်း ၂၃,၃၆၉ ဦး၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် စုစုပေါင်း ၂၃,၁၈၄ ဦး ပြစ်ဒဏ်ဖြေလျှော့ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခဲ့သည့် အကြိမ်အရေပေါင်း ခုနှစ်ကြိမ်ရှိပါကြောင်း၊ နိုင်ငံခြားသား ၂၁၉ ဦး၊ နိုင်ငံသား ၅၉,၃၉၀ ဦး စုစုပေါင်း ၅၉,၆၂၉ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေကို ကျူးလွန်မှုကြောင့် တရားစွဲဆိုခံနေရသူများကိုလည်း ဖြေလျှော့ပေးခဲ့ပါကြောင်း၊** ဥပဒေနှင့်အညီ ပိတ်သိမ်းပေးခြင်း၊ ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အတူ ၂၀၂၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲ မဲမသမာမှုဖြစ်စဉ်ကြောင့် ပြစ်ဒဏ်အသီးသီးချမှတ်ခြင်းခံထားရသူများအနက် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဟောင်း **ဦးလှသိန်း** နှင့် ကော်မရှင်အဖွဲ့ဝင်ဟောင်းဖြစ်သည့် **ဦးမြင့်နိုင်**တို့ကို ၂၅-၁၀-၂၀၂၂ ရက်နေ့၊ ကော်မရှင်အဖွဲ့ဝင်ဟောင်းဖြစ်သည့် **ဦးသန်းဌေး**ကို ၁၇-၁၁-၂၀၂၂ ရက်နေ့တွင် လည်းကောင်း ဆက်လက်ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်အားလျှော့ပေါ့လွတ်လပ်ခွင့်ပေးခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဥက္ကဋ္ဌဟောင်းနှင့် အဖွဲ့ဝင်ဟောင်းများသည် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်ပြီး သမ္မတဟောင်း ဦးဝင်းမြင့်အနေဖြင့် ၎င်း၏နိုင်ငံရေးအရ ရထားသည့် အခွင့်အာဏာထက်ကျော်လွန်ကာ ကော်မရှင်၏လုပ်ဆောင်ချက်အပေါ် လွှမ်းမိုးခဲ့ကြောင်းကို ၎င်းတို့၏ ထုတ်ဖော်ပြောဆိုချက်များအား သတင်းစာရှင်းလင်းပွဲတွင် ပြသခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ထားရှိသော ရည်ရွယ်ချက်များကိုသိရှိပြီး နိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းပြည်စည်းလုံးညီညွတ်ရေး

> **❍ တူညီဆန္ဒ (၅) ချက်ကို အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုကိစ္စရပ်တစ်ခုမှာ AHA စင်တာမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ခဲ့၊ လူသားချင်းစာနာမှု အကူအညီများကို လိုအပ်နေသူများထံသို့ မျှတမှုရှိပြီး ခွဲခြားဆက်ဆံမှုမရှိဘဲ ပေးပို့ဆောင်ရွက်လျက်ရှိ**

တွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အာဆီယံအဖွဲ့ကြီးနှင့် ဆက်စပ်ကိစ္စများ ပြောမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံက ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါကြောင်း၊ ၎င်းကာလသည် မြန်မာနိုင်ငံ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ တာဝန်ယူထားသည့် အချိန်ဖြစ်ပါကြောင်း၊ အဆိုပါအာဆီယံအဖွဲ့သို့ ဝင်ရောက်နိုင်ရန်အတွက် ထိုအချိန်မှ စတင်ကြိုးပမ်းခဲ့ခြင်း မဟုတ်ကြောင်း၊ ၁၉၅၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ပထမအကြိမ်ကျင်းပခဲ့သည့် အာဆီယံကျွန်းဆွယ် အားကစားပြိုင်ပွဲသို့ မိမိတို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းခြောက်နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ထိုကျွန်းဆွယ်အားကစားပြိုင်ပွဲသို့သွားရောက်ယှဉ်ပြိုင်စဉ်ကတည်းကပင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့သို့ ဝင်ရောက်ရန် အစပြုခဲ့ခြင်းဖြစ်ကြောင်း။

အာဆီယံအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့ကြီးဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်းနှင့် အခြားသော အာရှနိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ပညာရေးနှင့် လူမှုယဉ်ကျေးမှုများ ပေါင်းစည်းရေးကိုမြှင့်တင်ပေးနိုင်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ အာဆီယံအသင်းဝင်ဟုဆိုရာတွင် နိုင်ငံကိုလက်ခံခြင်းသာဖြစ်ကြောင်း၊ အစိုးရတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦးမဟုတ်သည်ကို အာဆီယံနိုင်ငံတိုင်းမှ ခေါင်းဆောင်များအားလုံး သိရှိပြီးဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် အာရှ-ပစိဖိတ်မဟာဗျူဟာနှင့် အာဆီယံက ချိတ်တွဲလာသည့် နိုင်ငံကြီးအချို့၏ ပယောဂသည် အာဆီယံနိုင်ငံအချို့အပေါ် သက်ရောက်မှုရှိလာသည်ကို တွေ့ရပါကြောင်း၊ ယနေ့အချိန်တွင် အာဆီယံနိုင်ငံအချို့၏ လုပ်ဆောင်ချက်များသည် အာဆီယံ၏ အခြေခံမူများနှင့် ပဋိညာဉ်များကို လျစ်လျူရှုနေပြီး အာဆီယံအဖွဲ့ကြီးအပေါ် သက်ရောက်မှုများရှိလာသည်ကို တွေ့မြင်ကြောင်း။

### မတော်မတရားဖိအားပေးမှုများ ပြုလုပ်လာ

မိမိတို့အစိုးရအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ခွင့်ပြုချက်ဖြင့်သာ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဒီမိုကရေစီထိန်းကျောင်းခြင်းလုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရသည် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမည်မဟုတ်ဘဲ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် တည့်မတ်ပေးခြင်းသာဖြစ်ပါကြောင်း၊ အချို့သော အာဆီယံနိုင်ငံအချို့က မိမိတို့အစိုးရအပေါ် အာဆီယံမူဘောင်များနှင့် ကင်းလွတ်၍ ဆက်ဆံလာကြသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ သီးခြားလွတ်လပ်သော ဆက်ဆံရေးများကိုပြောရန်မရှိသော်လည်း ထိုနိုင်ငံများက အာဆီယံအဖွဲ့ကြီးကို အသုံးပြု၍ မြန်မာနိုင်ငံအပေါ် မတော်မတရားဖိအားပေးမှုများ ပြုလုပ်လာသည်ကို တွေ့ရပါကြောင်း။

အာဆီယံ၏ပဋိညာဉ်သည် အာဆီယံ၏ အသက်၊ နှလုံးသားဖြစ်ပါကြောင်း၊ ထိုပဋိညာဉ်တွင် ပါဝင်သည့် အာဆီယံ၏အခြေခံမူများမှ သွေဖည်လာခြင်းသည် အာဆီယံ၏အနာဂတ်အတွက် စိတ်ပူစရာဖြစ်ပြီး အာဆီယံ၏ယုံကြည်မှုတန်ဖိုးကိုလည်း ကျဆင်းစေပါကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင် အာဆီယံနှင့် ပတ်သက်လျှင် မြန်မာနိုင်ငံသည် တာဝန်သိအာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူပြီး နှစ်လအကြာ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် အာဆီယံခေါင်းဆောင်များအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အစည်းအဝေးအပြီးတွင် တူညီဆန္ဒ(၅)ချက်ကို ချမှတ်ခဲ့ပါကြောင်း၊ **ယင်းတူညီဆန္ဒ (၅) ချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများထံသို့ ကြိုတင်အသိပေးညှိနှိုင်းခဲ့ခြင်းမဟုတ်ဘဲ အစည်းအဝေးအပြီးမှသာ ဥက္ကဋ္ဌ၏ကြေညာချက် နောက်ဆက်တွဲအဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊** အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနေဖြင့် မြန်မာနိုင်ငံ၏ ထိုအချိန်တွင်ဖြစ်ပေါ်နေသည့် အခြေအနေများ၊ မဲမသမာမှုလုပ်ခဲ့သည့် အထောက်အထားများကို အာဆီယံခေါင်းဆောင်များနှင့်တွေ့ဆုံ၍ အသေးစိတ်ရှင်းပြခဲ့ကြောင်း၊ အာဆီယံခေါင်းဆောင်များ၏ ဆွေးနွေးချက်များအပေါ် အချက် (၃) ချက်ကို အလေးထား၍ ပြောကြားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထိုအချက်(၃)ချက်အတိုင်း တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ဆောင်ရေးအတွက် ဆက်လက်ရပ်တည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုအချက် (၃)ချက်မှာ မိမိတို့နိုင်ငံသားတိုင်း သိရှိထားသင့်သည့် အချက်များဖြစ်ကြောင်း၊ အဆိုပါအချက်များမှာ **မြန်မာနိုင်ငံရေးကိစ္စနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အကြံပြုချက်အချို့သည် အပြုသဘောဆောင်သည်ကို မှတ်သားမိပါကြောင်း၊အဆိုပါအကြံပြုချက်များကို နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေပေါ်မူတည်၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းတည်ငြိမ်မှုရှိရေးအတွက် ဦးစားပေးဆောင်ရွက်နေရသည့်အတွက် နိုင်ငံ၏အကျိုးစီးပွားကို အခြေခံလျက် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ၏ အကြံပြုချက်များကို အလေးထားစဉ်းစားပေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အကြံပြုချက်များသည် အစိုးရကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုခြင်း၊ နိုင်ငံအတွက် အကျိုးရှိစေခြင်း၊ ASEAN Charter, ASEAN Way နှင့် ASEAN Sprit တို့အပေါ် အခြေခံမည်ဆိုပါက အပြုသဘောစဉ်းစားပေးမည်ဟုဆိုသည့် အချက်များဖြစ်ကြောင်း၊** အဆိုပါအချက် (၃) ချက်ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တူညီဆန္ဒ(၅)ချက်ကို အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသည့် တိုးတက်မှုကိစ္စရပ်တစ်ခုမှာ AHA စင်တာမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ လူသားချင်းစာနာမှု အကူအညီများကို လိုအပ်နေသူများထံသို့ မျှတမှုရှိပြီး ခွဲခြားဆက်ဆံမှုမရှိဘဲ ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့အတူ (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ဗီဒီယိုကွန်ဖရင့်ဖြင့် ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ထိုအစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ဘရူနိုင်းနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး၊ မစ္စတာ ဒါတိုအီရဝမ်အား ခန့်အပ်ရေးကို အတည်ပြုနိုင်ခဲ့ကြောင်း၊ အထူးကိုယ်စားလှယ်ခန့်အပ်ခြင်းအပေါ်တွင် အာဆီယံခေါင်းဆောင်များ အစည်းအဝေး၏တူညီဆန္ဒ (၅) ချက်နှင့်အညီ အပြုသဘောဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် အာဆီယံခေါင်းဆောင်များ အစည်းအဝေး၏ တူညီဆန္ဒ (၅) ချက်နှင့်အညီ ၎င်း၏တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အဆိုပါအထူးကိုယ်စားလှယ်ကို လက်ခံရာတွင် ပြောကြားခဲ့သည့် အချက်တချို့ရှိကြောင်း၊ ထိုအချက်များမှာ သဘောတူညီချက်(၅)ချက်ဖြင့် မည်သို့သော အဆိုပြုချက်အသစ် (သို့မဟုတ်) ခြွင်းချက်အသစ်ကိုမျှ လက်ခံမည်မဟုတ်ဟု ကြေညာခဲ့ပါကြောင်း၊ အထူးကိုယ်စားလှယ်သည် ၎င်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ခွင့်၊ အချုပ်အခြာအာဏာ၊ သာတူညီမျှရှိမှု၊ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာကို လေးစားရန်၊ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရန်၊ ပြည်ပဝင်ရောက်စွက်ဖက်မှု၊ သိမ်းသွင်းမှု၊ အကျပ်ကိုင်မှု မပြုလုပ်ရန်၊ မိမိနိုင်ငံ၏ ကံကြမ္မာကို မိမိဘာသာ ဖန်တီးနိုင်မှုအခွင့်အရေးကို လေးစားရန် စသည့် အချက်များဖြစ်ကြောင်း။

အလားတူ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် အရေးပေါ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး(BAMM)သို့ မိမိတို့နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးက အခြားအာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါကြောင်း။

### မြန်မာနိုင်ငံ၏ သဘောထား ပြောကြား

ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံမှ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရန်အတွက် အချိန်ပေးသင့်ကြောင်း၊ ယခုအချိန်သည် အာဆီယံထိပ်သီး အစည်းအဝေးများနှင့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ နိုင်ငံရေးအရကိုယ်စားပြုသည့် ပုဂ္ဂိုလ်ကို မတက်ရောက်စေသင့်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးတွင် အာဆီယံထိပ်သီး အစည်းအဝေးနှင့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသူ တက်ရောက်ရေးကိစ္စအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒမရရှိဘဲ ဆုံးဖြတ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးက တူညီဆန္ဒမရှိဘဲ ဆောင်ရွက်ခဲ့မှုအပေါ် မြန်မာနိုင်ငံမှ သဘောမတူကြောင်းနှင့် ယင်းကန့်ကွက်ချက်ကို မှတ်တမ်းတင်ပေးပါရန်နှင့် ဘရူနိုင်းနိုင်ငံမှ ထုတ်ပြန်မည့် ထုတ်ပြန်ချက်များတွင်လည်း မြန်မာနိုင်ငံ၏ သဘောထားကို ထင်ဟပ်ဖော်ပြပေးရန် ထပ်မံပြောကြားခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ လက်ထက်တွင် အာဆီယံဥက္ကဋ္ဌ၏အထူးကိုယ်စားလှယ် မစ္စတာပရပ်ဆုတ်ခွန်းသည် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ မစ္စတာပရပ်ဆုတ်ခွန်းသည် မြန်မာနိုင်ငံသို့ နှစ်ကြိမ်တိုင်တိုင် အလုပ်သဘောခရီးစဉ်လာရောက်ခဲ့သည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဖွံ့ဖြိုးတိုးတက်မှုအမြင်နှင့် အလှမ်းဝေးနေသော လူကုန်ကူးမှုဆိုင်ရာ ထုတ်ပြန်ချက်

•••••••• မိုးမြင့် ••••••••

**ကမ္ဘာလုံးဆိုင်ရာ အချို့ကိစ္စရပ်များဟာ ပူးပေါင်းဆောင်ရွက်သင့်တဲ့အရာဆို ပူးပေါင်းဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ မပူးပေါင်းလို့မရပါဘူး။ ဒီအချက်ကို မျက်ကွယ်ပြုပြီး ပူးပေါင်းဆောင်ရွက်ရမယ့်အစားပိတ်ဆို့ဖို့၊ ဖြတ်တောက်ဖို့၊ တားဆီးဖို့ချည်းပဲ လုပ်နေမယ်ဆိုရင် ထိုအရေး၊ ထိုပြဿနာဟာ အောင်မြင်မှုရဲ့ ပြောင်းပြန်ရလဒ်တွေကိုသာ ရရှိတတ်ပါတယ်။ လူကုန်ကူးမှု တိုက်ဖျက်ရေး အရေးဟာ တစ်နိုင်ငံတည်းမက နိုင်ငံအားလုံးနဲ့ ဆက်စပ်နေတဲ့ကိစ္စပါ။ အနည်းဆုံးတော့ လူတွေစထွက်ခွာရာ မူရင်းနိုင်ငံနဲ့ ဖြတ်သန်းရာနိုင်ငံတွေ၊ နောက်ဆုံးသူတို့အလုပ်လုပ်မယ့် ဆိုက်ရောက်နိုင်ငံ တွေဆိုပြီး ပါဝင်ပတ်သက်တဲ့ နိုင်ငံတွေရှိကြပါတယ်။ အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်မှ အဖြေထွက်တဲ့ ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။**

### နားလည်မှုပေးသင့်

လူကုန်ကူးမှုကိစ္စ ဖြေရှင်းမယ်ဆိုရင် ဟန်ချက်ညီရပါတယ်၊ မျှတရပါမယ်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဆင်းရဲတဲ့နိုင်ငံတွေ၊ နိုင်ငံအရေးပဋိပက္ခတွေနဲ့ လူမျိုးရေး ပဋိပက္ခတွေရှိနေတဲ့ နိုင်ငံတွေအပေါ်မှာ ဘက်မလိုက်ဘဲ နိုင်ငံကြီးတွေအနေနဲ့ ပိုပြီး ညီမျှတဲ့ အနေအထားမျိုး ထားရှိဖို့သင့်ပါတယ်။ ယခုလို ကိုဗစ်ကပ်ကို ရင်ဆိုင်နေရချိန်၊ စစ်ပွဲနဲ့ သဘာဝဘေးဒဏ်တွေ သင့်နေချိန်မှာ ချမ်းသာတဲ့ နိုင်ငံတွေဟာ ဆင်းရဲတဲ့နိုင်ငံတွေအပေါ်မှာ ပို၍ စာနာထောက်ထား နားလည်မှုပေးသင့်တယ်လို့ ယူဆပါတယ်။ စီးပွားရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးတဲ့အခြေအနေရှိနေခိုက်မှာ နိုင်ငံအတော်များများမှာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအစီအစဉ်တွေနဲ့ ကြိုးပမ်းဆောင်ရွက်နေကြပေမယ့် ရည်မှန်းချက်မရောက် တစ်ခါတရံ ထိုက်သင့်သလောက် အောင်မြင်မှုမရနိုင်ဘဲ အခက်အခဲတွေရှိနိုင်တယ်ဆိုတာ နားလည်မှုပေးနိုင်ရပါမယ်။

### ဘက်လိုက်မှုရှိနိုင်တဲ့ထုတ်ပြန်ချက်

မြန်မာနိုင်ငံလည်း ထို့အတူပါပဲ။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စမှာ အမေရိကန်ရဲ့ မလိုတစ်မျိုး၊ လိုတစ်မျိုးအနေအထားကို ယခင်ကလိုပဲ ရင်ဆိုင်ရပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်လွှတ်တော်က ၂၀၀၀ ပြည့်နှစ်ကတည်းက သူတို့စံနှုန်းနဲ့သူတို့ပြဋ္ဌာန်းထားတဲ့အနိမ့်ဆုံး စံနှုန်းအတိုင်း သို့မဟုတ် စံနှုန်းတွေနဲ့အညီ လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းအားထုတ်မှုမှာ မြန်မာနိုင်ငံဘက်ကအားနည်းတယ်ဆိုပြီး ကြိုးပမ်းအားထုတ်မှုအားအနည်းဆုံးနိုင်ငံတွေစာရင်း TIER (3) မှာ ထည့်သွင်းထားလိုက်ပါတယ်။ ယခင်နှစ်တွေ အတိုင်းပါပဲ၊ မြန်မာနဲ့ပတ်သက်တဲ့ အစီရင်ခံစာ သတ်မှတ်ချက်မှာ အပြောင်းအလဲ မရှိခဲ့ပါဘူး။

ဒါဟာ အမေရိကန်တို့ လုပ်နေကျ ဘက်လိုက်ခွဲခြားမှုတွေထဲက တစ်ခုဆိုတာထက် မပိုပါဘူး။ သူ့ကိုထောက်ခံတဲ့နိုင်ငံ၊ အကျိုးပြုတဲ့နိုင်ငံ၊ မဟာမိတ်နိုင်ငံဆိုလျှင် ဘယ်လို လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ အားနည်းချက်တွေရှိနေပါစေ၊ ဘယ်လိုပဲ လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိနေပါစေ လျစ်လျူရှုခံရတဲ့အပြင် အမေရိကန်ရဲ့ မျက်နှာသာပေးမှုလည်း ခံရပြီး TIER (3) စာရင်းထဲမှာ ပါဝင်တာလည်း မတွေ့ရပါဘူး။ ထုံးစံအတိုင်း အီရန်၊ ဂီနီယာ၊ တရုတ်၊ အာဖဂန်နစ္စတန်စတဲ့ အမေရိကန်မလိုလားတဲ့ နိုင်ငံတွေကတော့ ဒီစာရင်းမှာ ထည့်သွင်းထားခြင်း ခံရပါတယ်။ ဒီလိုစာရင်းသွင်းခံရတဲ့နိုင်ငံတွေအနေနဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာနဲ့ ကုန်သွယ်ရေးမဟုတ်တဲ့ အကူအညီတွေ၊ အခြားအကူအညီတွေကို အမေရိကန်ဆီက ရနိုင်တော့မှာ မဟုတ်ပါဘူး။

### ခေတ်သစ်ကျွန်လူကုန်ကူးမှုကို ဘယ်နိုင်ငံကမှ လက်မခံပါ

ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ မြန်မာအပါအဝင် အထက်ပါနိုင်ငံတွေအနေနဲ့ လူကုန်ကူးခြင်းဆိုတာ လုပ်အားကို ခေါင်းပုံဖြတ်တဲ့လုပ်ငန်း၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခံရပြီး ဘဝရပ်တည်ဖို့ ခက်ခဲတဲ့သူတွေကို ပိုပြီးပစ်မှတ်ထားခံရတဲ့ မကောင်းမှုဒုစရိုက်လုပ်ငန်းတစ်ခုဆိုတာ သိရှိပြီးသားပါ။ ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျတာနဲ့အမျှ လူကုန်ကူးမှု ပြဿနာတွေကို ပိုပြီးခံစားကြရတယ်ဆိုတာကိုလည်း အားလုံးထက်ပိုသိပါတယ်။ အမျိုးသမီးနဲ့ ကလေးသူငယ်တွေဟာ အဓိကသားကောင်တွေဖြစ်ကြရပါတယ်။

အဓမ္မထိမ်းမြားခံရပြီး အဓမ္မပြည့်တန်ဆာလုပ်ခိုင်းခြင်းခံကြရတယ်။ ကြွေးမြီ အတင်ခံရတယ်။ ကလေးသူငယ်ပါမချန် လူကုန်ကူးခံရတဲ့အထိ ကျေးကျွန်စနစ်တစ်ခုအဖြစ် သတ်မှတ်ခံရတဲ့ လူလူချင်းအမြတ်ထုတ်ခံရတဲ့ မကောင်းမှုလုပ်ငန်းမျိုး ဖြစ်လို့ မြန်မာနိုင်ငံအပါအဝင် ဘယ်လိုအစိုးရ၊ ဘယ်လိုယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းမျိုးကမှ လက်ခံလို့မရဘူးဆိုတာ နားလည်သဘောပေါက်သင့်ပါတယ်။

> **“အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်လွှတ်တော်က ၂၀၀၀ ပြည့်နှစ်ကတည်းက သူတို့ စံနှုန်းနဲ့သူတို့ပြဋ္ဌာန်းထားတဲ့အနိမ့်ဆုံး စံနှုန်းအတိုင်း သို့မဟုတ် စံနှုန်းတွေနဲ့အညီ လိုက်လျောညီထွေ ဖြစ်အောင် ကြိုးပမ်းအားထုတ်မှုမှာ မြန်မာနိုင်ငံဘက်ကအားနည်းတယ်ဆိုပြီး ကြိုးပမ်းအားထုတ်မှု အားအနည်းဆုံး နိုင်ငံတွေစာရင်း TIER (3) မှာ ထည့်သွင်းထားလိုက်ပါတယ်။ ယခင်နှစ်တွေ အတိုင်းပါပဲ၊ မြန်မာနဲ့ပတ်သက်တဲ့ အစီရင်ခံစာ သတ်မှတ်ချက်မှာ အပြောင်းအလဲမရှိခဲ့ပါဘူး။ ဒါဟာ အမေရိကန်တို့ လုပ်နေကျ ဘက်လိုက်ခွဲခြားမှု တွေထဲက တစ်ခုဆိုတာထက် မပိုပါဘူး”**

မြန်မာနိုင်ငံအခြေအနေကို ကြည့်မယ်ဆိုရင် ပြည်တွင်းရေးအခြေအနေတွေကို အခွင့်ကောင်းယူပြီး ပြည်ပနိုင်ငံတွေရဲ့ ဆွဲဆောင်မှုတွေပါနေတာ တွေ့ရပါလိမ့်မယ်။ ပြည်ပမှာ အလုပ်အကိုင်သစ်ရှာဖွေလိုတဲ့ လူငယ်တွေကို ဈေးကွက်လိုအပ်ချက်အရ စည်းရုံးသိမ်းသွင်းမှုတွေရှိနေတာကြောင့် ပြည်ပထွက်ခွာ၊ ပြည်ပလူကုန်ကူးမှု အရေအတွက်ဟာ ပြည်တွင်းလူကုန်ကူးမှုထက် လေးဆလောက် ပိုများနေပါတယ်။ အမျိုးသမီးနဲ့ ကလေးသူငယ်ကတော့ ၅၀ ရာခိုင်နှုန်းခန့်ထိ ရှိပါတယ်။

ပွဲစားတွေရဲ့ ပစ်မှတ်ထားခံရတဲ့ အဓိကသားကောင်တွေပါ။ မိန်းကလေးငယ်တွေ အဓမ္မထိမ်းမြားခံရ၊ အငှားကိုယ်ဝန်ဆောင်ကြရ၊ လုပ်အားခေါင်းပုံဖြတ်ခံရ၊ ကြွေးမြီနှောင်ဖွဲ့ခံရ၊ မွေးစားခံရ၊ အလွဲသုံးစားလုပ်ခံရ၊ ခြိမ်းခြောက်ခံရ စသဖြင့် စိတ်မကောင်းစရာ ဖြစ်ရပ်တွေကို ဘယ်လိုလူ့အဖွဲ့အစည်းကမှ လျစ်လျူရှုထားမယ်မထင်ပါဘူး။ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံအနေနဲ့တော့ ဖြဟ္မာစိုရ်တရားလက်ကိုင်ထားတဲ့ လူမျိုးများပီပီ မေတ္တာ၊ ကရုဏာနဲ့ လူကုန်ကူးမှုကို အရေးယူတားဆီးတိုက်ဖျက်တဲ့နေရာမှာ ကျရာကဏ္ဍကနေ ပါဝင်ကူညီဆောင်ရွက်ပေးနေတယ်ဆိုတဲ့အချက်ကို အသိအမှတ်ပြုသင့်ပါတယ်။

### အမျိုးသားရေးတာဝန်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်နေ

ဒါကြောင့်လည်း မြန်မာနိုင်ငံအနေနဲ့ လူကုန်ကူးမှုတားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်ကတည်းက အမျိုးသားရေးတာဝန်တစ်ခုနှယ်သတ်မှတ်ပြီး ငါးနှစ်စီမံကိန်းနဲ့ မဟာဗျူဟာသုံးရပ်၊ နည်းဗျူဟာလေးရပ်ချမှတ်ပြီး တိုက်ဖျက်ခဲ့ကြပါတယ်။ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးနဲ့ဆက်နွယ်တဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအပိုင်းများမှာလည်း တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ နိုင်ငံတကာ ဖြတ်ကျော်အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း UNTOC နဲ့ နောက်ဆက်တွဲစာချုပ်တွေဖြစ်တဲ့ အမျိုးသမီးနှင့် ကလေးသူငယ်များအား အထူးပြုသည့် လူကုန်ကူးမှုနှိမ်နင်းခြင်းနှင့်ပြစ်ဒဏ်ပေးရေးဆိုင်ရာစာချုပ်နဲ့ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းအသုံးပြု၍ ရွှေ့ပြောင်းသွားလာသူတွေအား မှောင်ခိုပို့ဆောင်မှုဆိုင်ရာ စာချုပ်တွေမှာ ၂၀၀၄ ခုနှစ် မတ် ၃၀ ရက်ကတည်းက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ဒေသတွင်း လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ ယန္တရားတွေမှာလည်း တိုးမြှင့်ပါဝင်ဆောင်ရွက်တဲ့အနေနဲ့ မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံ ပူးပေါင်းလူကုန်ကူးမှု၊ ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်းမှာလည်း မြန်မာနိုင်ငံပါဝင်ဆောင်ရွက်နေပါတယ်။ တရုတ်၊ ထိုင်း၊ လာအို၊ အိန္ဒိယ နိုင်ငံအသီးသီးနဲ့လည်း MoU လက်မှတ်ရေးထိုးထားပြီး BIMSTEC အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ နီပေါ၊ ဘူတန်နိုင်ငံတွေနဲ့လည်း ၂၀၀၄ ခုနှစ်ကစပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ အာဆီယံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအောက်မှာ မြန်မာနိုင်ငံဟာ ဒေသတွင်း နိုင်ငံတွေနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

### ပြင်ဆင်ခဲ့ပြီး လူကုန်ကူးမှုဆိုင်ရာ ဥပဒေအသစ်ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံမှာ ၂၀၀၅ ခုနှစ်ကတည်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပါတယ်။ နောက်ပိုင်းမှာ လူကုန်ကူးမှုပုံစံတွေမှာ ပြောင်းလဲမှုတွေ ရှိလာပါတယ်။ အွန်လိုင်းနဲ့ အီလက်ထရွန်နစ်နည်းပညာတွေ အသုံးပြုပြီး လူစုပြီး လူကုန်ကူးလာကြပါတယ်။ ယခုလို ပြောင်းလဲတိုးတက်လာတဲ့ အခြေအနေမှာ ခေတ်စနစ်နဲ့အညီဖြစ်စေဖို့ မူလဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲဖို့ အကြောင်းဖန်လာပါတယ်။

ဒါကြောင့်လည်း ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်မှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အမည်သစ်နဲ့ ဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြန်ပါတယ်။ ဥပဒေအဟောင်းနဲ့အသစ်ကြား ကွာခြားချက်ကို ပြန်ကြည့်ရင် မြန်မာနိုင်ငံအစိုးရအနေနဲ့ လူကုန်ကူးမှုအပေါ် ပိုပြီး အာရုံစိုက်တွန်းအားပေးအားထုတ်ဆောင်ရွက်လိုစိတ်ကို တွေ့မြင်ရပါတယ်။

လူကုန်ကူးမှုမှာ ကာကွယ်ရေးအသွင်မှ တားဆီးနှိမ်နင်းရေးအသွင်သို့ တိုးမြှင့်လာခဲ့ပါပြီ။ အွန်လိုင်းအသုံးပြု ကျူးလွန်သူတွေအတွက် ထိရောက်တဲ့ပြစ်ဒဏ်တွေပေးဖို့ ထည့်သွင်းပြင်ဆင်လာခဲ့ပါပြီ။ ဥပဒေအဟောင်းမှာ လူကုန်ကူးခံရသူတွေကိုပဲ အကာအကွယ်ပေးနိုင်တဲ့ အနေအထားရှိခဲ့တဲ့အတွက် သက်သေတွေကိုပါ အကာအကွယ်ပေးနိုင်ဖို့အထိ ရည်ရွယ်တဲ့ အသစ်ထည့်သွင်းပြဋ္ဌာန်းချက်တွေ ပါဝင်လာတာကိုလည်း လေ့လာမိပါတယ်။

### ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ဗဟိုအဖွဲ့နှင့် ဆက်စပ်ဥပဒေများ

တစ်ဆက်တည်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ ဥပဒေပါပြဋ္ဌာန်းချက်တွေကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ဖို့ ရည်ရွယ်ပြီး ပြည်ထဲရေးဝန်ကြီးက ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌလေးဦး၊ အဖွဲ့ဝင် ၂၀ အထိ ပါဝင်သင့်ပါဝင်ထိုက်သူတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်တဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါတယ်။ ဗဟိုအဖွဲ့အနေနဲ့ ယခင်ဆောင်ရွက်ချက်တွေအပေါ်မှာ ပိုပြီးဆောင်ရွက်ပေးနိုင်တဲ့ အနေအထားမျိုးနဲ့ လုပ်ပိုင်ခွင့်အခွင့်အလမ်းတွေ ရရှိလာတော့မယ်လို့ ယူဆရပါတယ်။

မြန်မာနိုင်ငံမှာ လူကုန်ကူးမှုနဲ့ တိုက်ရိုက်ပတ်သက်တဲ့ ဥပဒေရှိသလို ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့တဲ့

*စာမျက်နှာ ၁၁ သို့*

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၁၉**

၂၀၂၂ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းက ကော့သောင်းတင်းနစ်အားကစားကွင်း၌ ကျင်းပသည်။

၂၀၂၂ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင်တင်းနစ်ပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့မှ ပြိုင်ပွဲဝင်အားကစားသမားများ ပတ်လည်ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့ဗိုလ်လုပွဲအဖြစ် မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့ ယှဉ်ပြိုင်ကြရာ မြိတ်ခရိုင်အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးအောင်၊ ကော့သောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ တိုင်း၊ ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပထမတံခွန်စိုက်ဆုရ မြိတ်ခရိုင်အသင်းနှင့် ဒုတိယဆုရရှိသည့် ကော့သောင်းခရိုင်အသင်းကို ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# တပ်မတော်(လေ)မှ လေ့ကျင့်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရ

**နေပြည်တော် နိုဝင်ဘာ ၁၉**

တပ်မတော်(လေ)မှ လေ့ကျင့်ရေးလေယာဉ်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လေ့ကျင့်ပျံသန်းစဉ် သရက်ချောင်းမြို့ တောင်ဘက် မီတာ ၉၀၀၀ ခန့်အကွာသို့အရောက် စက်ချွတ်ယွင်းမှုဖြစ်ပွားခဲ့သဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်းနှင့် လေယာဉ်မှူး နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ရန်ပုံငွေဖြင့် မိုင်းရယ်မြို့ ရပ်ကွက်(၃)အတွင်း ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုဝင်ဘာ ၁၈ ရက်က သောက်သုံးရေပိုက်များ သွယ်တန်းမှု ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်း ၆၈/၅ ဒသမ ၃၃ မိုင်နှင့် တံတား ၃၁ စင်း ဆောင်ရွက်လျက်ရှိ

**မုံရွာ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ဦးဉာဏ်မြင့်ကျော်က အမှာစကားပြောကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းဝင်းခိုင်က ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ခရိုင်/ မြို့နယ်တာဝန်ခံများက မိမိခရိုင်/ မြို့နယ်အသီးသီးတွင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (မူလ)ခွင့်ပြု ရန်ပုံငွေကျပ် ၂၆၅၁ ဒသမ ၃၈၀ သန်းဖြင့် ကွန်ကရစ်လမ်း ၇ ဒသမ ၇၄၃ ကီလိုမီတာ၊ ကတ္တရာလမ်း ၂ ဒသမ ၀၃၄ ကီလိုမီတာ၊ ကျောက်လမ်း ၈ ဒသမ ၆၁၀ ကီလိုမီတာ၊ မြေသားလမ်း ၀ ဒသမ ၁၆၇ ကီလိုမီတာ စုစုပေါင်း ၁၈ ဒသမ ၅၅၄ ကီလိုမီတာနှင့် တံတား ၁၀ စင်း၊ တိုင်းဒေသကြီး (မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၉၀၇၅ ဒသမ ၅၀၂ သန်းဖြင့် ကွန်ကရစ်လမ်း ၂၂ ဒသမ ၈၉၆ ကီလိုမီတာ၊ ဂျင်းလမ်း ၁၇ ဒသမ ၁၅၀ ကီလိုမီတာ၊ မြေသားလမ်း ၄၀ ဒသမ ၆၂၂ ကီလိုမီတာ ပေါင်း ၁၁၀ ဒသမ ၅၀၅ ကီလိုမီတာနှင့် တံတား ၃၁ စင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

*စာမျက်နှာ ၁၀ မှ*

ဆက်နွယ်ဥပဒေတွေလည်း ရှိပြီးဖြစ်ပါတယ်။ ရာဇသတ်ကြီး၊ လူဝင်မှုကြီးကြပ်ရေး (၁၉၄၇)၊ အဂတိလိုက်စားမှုတားမြစ်ရေး (၁၉၄၈)၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး (၁၉၄၉)၊ ကလေးသူငယ် (၁၉၉၃)၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ (၁၉၉၉)၊ တရားမဝင်နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး (၂၀၂၂)၊ ကိုယ်အင်္ဂါအစိတ်အပိုင်းဆိုင်ရာ (၂၀၀၄)၊ ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး (၂၀၀၄)၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ (၂၀၁၉) စသဖြင့် ဆက်နွယ်ဥပဒေတွေနဲ့လည်း လူကုန်ကူးမှုကျူးလွန်သူတွေကို အရေးယူလျက်ရှိပါတယ်။

### အသိပညာပေး၊ ထူထောင်ပေးမှုများ

လက်ရှိဆောင်ရွက်ချက်တွေကို လေ့လာကြည့်ရင်– ပြည်သူလူထုကို ရုပ်မြင်သံကြားကတစ်ဆင့် သီချင်းဇာတ်လမ်းတွေ၊ လက်ကမ်းစာစောင်တွေ၊ ပညာပေးဆိုင်းဘုတ်တွေ၊ မိုဘိုင်းဖုန်းအော်ပရေတာတွေကတစ်ဆင့် SMS တွေ၊ ကျောင်းသင်ခန်းစာတွေမှာ လူကုန်ကူးခံရပုံနည်းလမ်းတွေ၊ ကာကွယ်မှုနည်းလမ်းတွေ၊ အသိပေးသတင်းပို့နည်းလမ်းတွေနဲ့ပတ်သက်ပြီး ထည့်သွင်းပို့ချခြင်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

လူကုန်ကူးခံရသူတွေကို အချိန်မီကယ်တင်နိုင်ဖို့ Hot line တွေထားရှိပါတယ်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မူဆယ်မြို့တွေမှာရှိတဲ့ Hot line တွေကတစ်ဆင့် ၂၄ နာရီ သတင်းပေးတိုင်ကြားမှုတွေအပေါ် အချိန်မီ ဖော်ထုတ်အရေးယူ ကယ်တင်ပေးလျက် ရှိနေပါတယ်။ လူကုန်ကူးခံရဖို့ ဖြစ်နိုင်ခြေတွေရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက်လည်း သတင်းအချက်အလက်တွေ မျှဝေအသိပေး၊ ပညာပေးနိုင်ဖို့ ထောက်ပံ့ကူညီရေးဌာနတွေကို ဖွင့်လှစ်ထားရှိပါတယ်။

> ❖ **၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်မှာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အမည်သစ်နဲ့ ဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြန်ပါတယ်။ ဥပဒေအဟောင်းနဲ့ အသစ်ကြားကွာခြားချက်ကို ပြန်ကြည့်ရင် မြန်မာနိုင်ငံအစိုးရအနေနဲ့ လူကုန်ကူးမှုအပေါ် ပိုပြီးအာရုံစိုက်တွန်းအားပေးအားထုတ်ဆောင်ရွက်လိုစိတ်ကို တွေ့မြင်ရပါတယ်**
>
> ❖ **လူကုန်ကူးမှုမှာ ကာကွယ်ရေးအသွင်မှ တားဆီးနှိမ်နင်းရေးအသွင်သို့ တိုးမြှင့်လာခဲ့ပါပြီ။ အွန်လိုင်းအသုံးပြုကျူးလွန်သူတွေအတွက် ထိရောက်တဲ့ပြစ်ဒဏ်တွေပေးဖို့ ထည့်သွင်း ပြင်ဆင်လာခဲ့ပါပြီ။ ဥပဒေအဟောင်းမှာ လူကုန်ကူးခံရသူတွေကိုပဲ အကာအကွယ်ပေးနိုင်တဲ့ အနေအထားရှိခဲ့တဲ့အတွက် သက်သေတွေကိုပါ အကာအကွယ်ပေးနိုင်ဖို့အထိ ရည်ရွယ်တဲ့ အသစ်ထည့်သွင်းပြဋ္ဌာန်းချက်တွေ ပါဝင်လာတာကိုလည်း လေ့လာမိပါတယ်**

လူကုန်ကူးခံရသူတွေဟာ မူလပုံမှန်ဘဝမှာ ပြန်လည်ရပ်တည်ဖို့ စိုးရွံ့တတ်ကြပါတယ်။ မိသားစုနဲ့ပြန်လည်ပေါင်းစည်းဖို့၊ လူ့အဖွဲ့အစည်းထဲ ပြန်လည်ဝင်ရောက်ဖို့ အနေအထားမှာ သူတို့အတွက် စိန်ခေါ်မှုတွေရှိနိုင်ပါတယ်။ သူတို့ရဲ့ အခက်အခဲနဲ့စိန်ခေါ်မှုတွေကို ကြိုတင်မျှော်တွေးဖြေရှင်းဆောင်ရွက်ပေးနိုင်မှသာ တားဆီးနှိမ်နင်းရေး လုပ်ငန်းတွေဟာ ရာနှုန်းပြည့်အောင်မြင်နိုင်မှာဖြစ်ပါတယ်။

လူကုန်ကူးခံရသူတွေကို ပြန်လည်လက်ခံသည်မှအစ လူတွေကြားထဲ ပြန်လည်ဝင်ဆံ့ဖို့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်တွေအတိုင်း ဆောင်ရွက်ပေးနေပါတယ်။ သူတို့ကို တရားရုံးမှာ စစ်ဆေးခံနေရစဉ်မှာ ခရီးစရိတ်၊ ဆေးကုသစရိတ်၊ ကျွေးမွေးစရိတ်တွေ ထောက်ပံ့ပေးပါတယ်။ သီးခြားရန်ပုံငွေတစ်ရပ်ထူထောင်ပေးပြီး ဘဝရပ်တည်နိုင်ရေး တတ်နိုင်သမျှ ထောက်ပံ့ပေးနေပါတယ်။ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာတွေမှာ ရောက်ရှိနေတဲ့သူတွေအတွက် အခြေခံလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပါတယ်။

အထက်ပါအချက်တွေအရတော့ မြန်မာနိုင်ငံဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ ပြည်တွင်းရေးရာတွေနဲ့ ပြည်ပဖိအားမျိုးစုံကြားကနေ တတ်နိုင်သမျှကြိုးပမ်းအားထုတ် တိုက်ဖျက်နေတယ်ဆိုတာ သုံးသပ်လို့ရပါတယ်။ လူကုန်ကူးမှုပြဿနာဟာ နိုင်ငံတိုင်းနဲ့ တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်ပါဝင် မကင်းနိုင်တဲ့ ပြဿနာတစ်ခုပါ။

ကမ္ဘာတစ်ဝန်း ကိုဗစ်ကပ်၊ သဘာဝဘေး၊ စီးပွားရေးကျဆင်းမှုနဲ့ ဆင်းရဲမှု၊ ငတ်မွတ်မှု အခြေအနေတွေဟာ လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ ကြီးမားတဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုတွေအဖြစ် တည်ရှိနေပါတယ်။ ထိုပြဿနာတွေကို မရှင်းနိုင်သမျှ စိန်ခေါ်မှုတွေအဖြစ် ရေရှည်တည်ရှိနေမှာ ဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်အစိုးရရဲ့ နိုင်ငံရေးအာဃာတတွေနဲ့ ပြည့်နှက်နေပြီး ဒဏ်ရာနဲ့ ဆေးမတည့်တဲ့ လူကုန်ကူးမှုဆိုင်ရာ ထုတ်ပြန်ချက်တွေဟာ ထပ်တလဲလဲ ပိတ်ဆို့မှု၊တားဆီးမှု၊ ဖြတ်တောက်မှုတွေနဲ့အတူ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပန်းတိုင်တွေနဲ့ အလှမ်းကွာဝေးလွန်းသထက် ကွာဝေးနေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

# ဘီယာ မရှိလျှင်လည်း ကမ္ဘာ့ဖလားပရိသတ်များရှင်သန်နိုင်သည်ဟု ဖီဖာ အကြီးအကဲပြော




ကာတာနိုင်ငံမှ ကမ္ဘာ့ဖလားပွဲကျင်းပမည့် အားကစားရုံတစ်ရုံကို တွေ့ရစဉ်။

ဒိုဟာ နိုဝင်ဘာ ၁၉

**ကမ္ဘာ့ဖလားဘောလုံးပရိသတ်များသည် ဘီယာမသောက်ရဘဲ တစ်နေ့လျှင် သုံးနာရီနေနိုင်ကြောင်း ဖီဖာ အကြီးအကဲဖြစ်သူ ဂီယန်နီအင်ဖန်တီနို က နိုဝင်ဘာ ၁၉ ရက်တွင် ပြောသည်။ ဘောလုံးကစားကွင်း အနီးတစ်ဝိုက်တွင် ဘီယာရောင်းချခြင်းကို ပိတ်ပင်လိုက်ပြီးနောက် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။**

ငှင်းအနေဖြင့်တွေးတောလျှင် တစ်နေ့လျှင် သုံးနာရီမျှ ဘီယာမသောက်ဘဲနေရလျှင်လည်း နေနိုင်ကြောင်း ဒိုဟာမြို့ရှိ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ကာတာနိုင်ငံရှိ ဘောလုံးကွင်း ပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် ဘီယာရောင်းချခြင်းကို နိုဝင်ဘာ ၁၈ ရက်တွင် ကမ္ဘာ့ဖလား အကြီးအကဲများက ပိတ်ပင်ခဲ့သည်။ ကာတာနိုင်ငံသည် အရက်ကိုပိတ်ပင်ထားသည့် နိုင်ငံဖြစ်သော်လည်း ယခုလို နောက်ကျမှ ဆုံးဖြတ်ချက်ချခဲ့သည့်အတွက် ပွဲစီစဉ်သူများကို ပရိသတ်များက အမျက်ထွက်ခဲ့ကြသည်။

ကမ္ဘာ့ဖလားပွဲကျင်းပမည့် ကာတာနိုင်ငံရှိ အားကစားရုံကြီး ရှစ်ရုံစလုံးတွင် ဘီယာရောင်းချမည် မဟုတ်ဟု ဖီဖာက ပြောသည်။ ယခုလိုအံ့အားသင့်ဖွယ်ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မည်သည့်အကြောင်းပြချက်မျှ မပေးထားသော်လည်း ကာတာတော်ဝင်မိသားစု၏ ကြားဝင်ဆုံးဖြတ်ချက် ပါဝင်လိမ့်မည်ဟု မီဒီယာများတွင် ဖော်ပြထားကြသည်။

**အေအက်ဖ်ပီ**

# လုံခြုံရေးခြံစည်းရိုး တည်ဆောက်ရန်အတွက် ဖင်လန်နိုင်ငံက ယူရို ၁၃၉ သန်း သုံးစွဲမည်ဟုဆို

**ဟယ်လ်ဆင်ကီ နိုဝင်ဘာ ၁၉**

ဖင်လန်နိုင်ငံ အရှေ့ပိုင်းနယ်စပ်တွင် လုံခြုံရေးခြံစည်းရိုးတည်ဆောက်ရန်အတွက် ရန်ပုံငွေ ယူရို ၁၃၉သန်း အသုံးပြုသွားရန် ဖင်လန်အစိုးရက အဆိုပြုထားသည်ဟု ဖင်လန်နယ်စပ်အစောင့်အဖွဲ့က နိုဝင်ဘာ ၁၈ ရက်တွင် ပြောသည်။

ပထမအဆင့် နယ်စပ်ခြံစည်းရိုး တည်ဆောက်မှုမှာ ၇၀ ကီလိုမီတာ ရှည်လျားသည်ဟု ဖင်လန်နယ်စပ်အစောင့်အဖွဲ့က ပြောသည်။ ၂၀၂၃-၂၀၂၆ ခုနှစ်တွင် တည်ဆောက်မှုလုပ်ငန်းကို စတင်သွားမည်ဟု သိရသည်။ နယ်စပ်ခြံစည်းရိုးတည်ဆောက်မှုအတွက် ဖင်လန်အစိုးရက ယူရို ၆သန်း ရန်ပုံငွေ ပေးအပ်သွားမည်ဟု အောက်တိုဘာလကုန်ပိုင်းတွင် သဘောတူခဲ့သည်။ ခြံစည်းရိုးတည်ဆောက်မှုအတွက် စမ်းသပ်မှုကို ၂၀၂၃ ခုနှစ် မတ်လတွင် စတင်သွားမည်ဖြစ်သည်။ နွေရာသီတွင် အပြီးသတ်နိုင်အောင် ကြိုးပမ်းမည်ဖြစ်သည်။ နယ်စပ်ခြံစည်းရိုး တည်ဆောက်မှု အရှည်မှာ ၂၀၀ ကီလိုမီတာ ရှည်လျားမည်ဖြစ်ပြီး ဖင်လန်နိုင်ငံအရှေ့တောင်ပိုင်းမှ နေရာများပါဝင်မည်ဖြစ်သည်။ ကုန်ကျစရိတ် စုစုပေါင်းမှာ ယူရို သန်း ၃၈၀ ကုန်ကျမည်ဖြစ်သည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နောက်ထပ်ကူးစက်ခံရသူ ၁၁၂၂ ဦး ထပ်မံတွေ့ရှိ

**မနီလာ နိုဝင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၁၉ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၂၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူပေါင်း ၄၀၂၄၉၅၆ ဦး ရှိလာသည်ဟု သိရသည်။

လက်ရှိ ရောဂါကူးစက်ခံရသူ ဦးရေမှာ ၁၈၈၆၄ ဦးအထိ ကျဆင်းလာကြောင်း ကျန်းမာရေးဌာနက ပြောသည်။ ထိုစဉ် ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေမှာ ၁၀ ဦး ထပ်တိုးလာခဲ့သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေမှာ ၆၄၄၆၈ ဦးအထိ ရှိလာခဲ့သည်။ လူဦးရေ ၁၃ သန်းကျော်ရှိသည့် မနီလာမြို့တွင် နောက်ထပ်ကူးစက်ခံရသူ ၂၈၅ ဦး ထပ်တိုးလာခဲ့သည်။ လူဦးရေ သန်း ၁၁၀ ဝန်းကျင်အနက် ၇၃ ဒသမ ၇သန်းမှ ကာကွယ်ဆေးထိုးပြီးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



# ဂျပန်နှင့် အမေရိကန်တို့ ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်

**တိုကျို နိုဝင်ဘာ ၁၉**

ဂျပန်လေကြောင်းရန် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် အမေရိကန်လေတပ်တို့ ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကျူရှူးတွင် နိုဝင်ဘာ ၁၉ ရက်က ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ကျူရှူး အနောက်မြောက်ဘက် စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံမှ အက်ဖ်-၂ တိုက်လေယာဉ် ငါးစင်းနှင့် အမေရိကန်နိုင်ငံမှ ဘီ-၁ ဗုံးကြဲလေယာဉ် နှစ်စင်း ပါဝင်ခဲ့ကြောင်း ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောသည်။ အမေရိကန် ဗုံးကြဲလေယာဉ်များနှင့်အတူ ဂျပန်တိုက်လေယာဉ်များ ပျံသန်းနေသည့် ဓာတ်ပုံများကို အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။



အဆိုပါ စစ်ရေးလေ့ကျင့်မှုက ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ခိုင်မာသည့် သဘောထားကို ပြသကြောင်း ဖြစ်သည်ဟု သိရသည်။ ဂျပန်လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့နှင့် အမေရိကန် လေတပ်တို့သည် နိုဝင်ဘာ ၁၈ ရက်ကလည်း စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကမှ ကလေးများကိုအကာအကွယ်ပေးကြရန် ယူနီဆက်ဖ်တောင်းဆို

**ဂျီနီဗာ နိုဝင်ဘာ ၁၉**

အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကမှ ကလေးသူငယ်များနှင့် ၎င်းတို့၏ အခွင့်အရေးကို အကာအကွယ်ပေးကြရန် နိုဝင်ဘာ ၁၈ ရက်တွင် ကုလသမဂ္ဂကလေးသူငယ်များ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က တောင်းဆိုခဲ့သည်။



ဂါဇာမြို့ရှိ ဒုက္ခသည်စခန်းမှ ကလေးနှစ်ဦးကို တွေ့ရစဉ်။

အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတွင် အကြမ်းဖက်မှုများ၊ ပဋိပက္ခဖြစ်မှုများနှင့် မငြိမ်မသက်ဖြစ်မှုများကြောင့် ယခုနှစ်အတွင်း ကလေးငယ်ပေါင်း ၅၈၀ ၏ အသက်များ ဆုံးရှုံးခဲ့ရသည်။ ယခုနှစ်အစပိုင်းမှ စတင်ကာ အဆိုပါဒေသများတွင် ပဋိပက္ခများကြောင့် ကလေးငယ်ပေါင်း ၅၈၀ မှာ အသတ်ခံခဲ့ရပြီး ပျမ်းမျှအားဖြင့် အပတ်စဉ်ကလေး ၁၀ ဦး အသတ်ခံနေရခြင်းဖြစ်သည်ဟု ယူနီဆက်ဖ်က ပြောသည်။ ဒဏ်ရာရရှိသည့် ကလေးငယ်များမှာလည်း များပြားသည်။

အီရတ်၊ အီရန်၊ လစ်ဗျား၊ ဆူဒန်၊ ဆီးရီးယား၊ ယီမင်၊ ပါလက်စတိုင်းတို့ရှိ ကလေးများမှာ ဆိုးရွားလှသည့် ပဋိပက္ခ၊ မငြိမ်မသက်မှုများ၊ စစ်ပွဲများနှင့် ရင်ဆိုင်နေရသည်ဟု ယူနီဆက်ဖ်က ဖော်ပြထားသည်။ ကလေးသူငယ်များသည် အကြမ်းဖက်မှုများနှင့် ပဋိပက္ခများအတွက် တန်ဖိုးကြီးကြီး ပေးဆပ်နေရကြောင်း ယူနီဆက်ဖ်က သတိပေးခဲ့သည်။

**ဆင်ဟွာ**

# ဒုက္ခသည်များအား နိုင်ငံရပ်ခြား ထွက်ခွာခွင့်ပြုကြောင်း ဩစတြေးလျ လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ထုတ်ပြန်ကြေညာ

**ကင်ဘာရာ နိုဝင်ဘာ ၁၉**

ဒုက္ခသည်များအား နိုင်ငံရပ်ခြားထွက်ခွာခွင့်နှင့် နိုင်ငံသို့ ပြန်လာခွင့်ပြုသော အပြောင်းအလဲကြီးတစ်ရပ်ကို ဩစတြေးလျလူဝင်မှုကြီးကြပ်ရေးဝန်ကြီး အန်ဒရူးဂီးလ်စ် က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

၂၀၁၃ ခုနှစ် ဇူလိုင်လနောက်ပိုင်း နိုင်ငံအတွင်းမှီတင်းနေထိုင်သော ဒုက္ခသည်ပေါင်း ၁၉၀၀၀ ကျော်၏ ယာယီအကာအကွယ်ပေးမှုဗီဇာ(TPVs)နှင့် လုံခြုံရာနယ်မြေလုပ်ငန်းဗီဇာ (SHEVs) များကို အစိုးရရွေးကောက်ပွဲ ကတိအတိုင်း အမြဲတမ်းအကာအကွယ်ဗီဇာသို့ ပြောင်းလဲပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ သို့သော်လည်း TPV နှင့် SHEV ကိုင်ဆောင်ထားသူများသည် တတိယနိုင်ငံသို့ သွားရန်အတွက် ခွင့်ပြုချက်တောင်းခံရန် လိုအပ်နေသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# အရှေ့တောင်အာရှခရီးစဉ်သည် ဂျပန်နိုင်ငံကို ကာကွယ်ရန်အရေးကြီးသည့် ခြေလှမ်းဖြစ်သည်ဟု ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြား

**ဘန်ကောက် နိုဝင်ဘာ ၁၉**

နိုင်ငံတကာအခြေအနေ ပိုမိုဆိုးရွားနေသည့်ကြားတွင် အရှေ့တောင်အာရှခရီးစဉ်သည် ဂျပန်နိုင်ငံကို ကာကွယ်ရန် အရေးကြီးသည့် ခြေလှမ်းတစ်ခုဖြစ်ကြောင်း ခရီးစဉ် ရှစ်ရက်မြောက်ဖြစ်သည့် နိုဝင်ဘာ ၁၉ ရက်တွင် ထိုင်းနိုင်ငံ၌ ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက သတင်းထောက်များကို ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်ကို ကြည့်ခြင်းအားဖြင့် နိုင်ငံရေးတွင် အရေးကြီးဆုံး တာဝန်ကိုအောင်မြင်ရန်၊ ဂျပန်နိုင်ငံကို ကာကွယ်ရန်နှင့် ပြည်သူများကို လုံခြုံစေရန် လုပ်ဆောင်ခြင်းသည် အရေးကြီးသည့် ခြေလှမ်းတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် သုံးနှစ်အတွင်း တရုတ်နှင့် တောင်ကိုရီးယား ခေါင်းဆောင်များနှင့် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မဖြေရှင်းနိုင်သည့် ပြဿနာများစွာရှိသော်လည်း ၎င်းတို့နှင့် အပြုသဘောဆောင်သည့်အမြင်များဖလှယ်ကြကြောင်း သိရသည်။ လွတ်လပ်၍ပွင့်လင်းသော အင်ဒို - ပစိဖိတ်ဒေသကို မြှင့်တင်ရန်၊ စီးပွားရေး၊ မိမိနိုင်ငံ၏လုံခြုံရေးနှင့် သာယာဝပြောရေးကို အထောက်အကူဖြစ်စေမည့် ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ဦးဆောင်မှုကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**



ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ။

# ကမ္ဘောဒီးယားနိုင်ငံသည် ၁၀ လအတွင်း စိုက်ပျိုးရေးထုတ်ကုန်တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၃ ဘီလီယံရရှိ

**ဖနောင်ပင် နိုဝင်ဘာ ၁၉**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ၁၀ လအတွင်း စိုက်ပျိုးရေးထုတ်ကုန် တန်ချိန် ၇ ဒသမ ၆၂ သန်း တင်ပို့ခြင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၇ ဘီလီယံရရှိကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန (အမ်အေအက်ဖ်အက်ဖ်) က နိုဝင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏အဓိက ထုတ်ကုန်များမှာ ဆန်၊ ငှက်ပျောသီး၊ သရက်သီး၊ ပီလောပီနံ၊ သီဟိုဠ်စေ့၊ ပြောင်း၊ စားအုန်းဆီ၊ ငရုတ်ကောင်း၊ ဆေးရွက်ကြီးတို့ဖြစ်ပြီး နိုင်ငံ၏ ထုတ်ကုန်များကို တရုတ်နိုင်ငံက အဓိက ဝယ်ယူကြောင်း ထုတ်ပြန်ထားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ဆန်၊ ငှက်ပျောသီး၊ သရက်သီးတို့ကို တရုတ်နိုင်ငံသို့ တင်ပို့ခြင်းကြောင့် ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့သည် ခိုင်မာသည့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုရှိကြောင်း ကမ္ဘောဒီးယား စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီး ဒက်တီနာက ပြောကြားသည်။ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RC-EP) ကုန်သွယ်ရေးသဘောတူညီချက်နှင့် ကမ္ဘောဒီးယား - တရုတ် လွတ်လပ်သည့် ကုန်သွယ်မှုသဘောတူညီချက်(CCFTA) တို့သည် ယခုနှစ် အစောပိုင်းတွင် အသက်ဝင်ခဲ့ပြီး နိုင်ငံ၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားဖြစ်စေကြောင်း ၎င်းက ပြောကြားသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကိုပံ့ပိုးပေးသည့် ကဏ္ဍကြီးလေးခုထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အီသီယိုပီးယား ပိုမိုလိုအပ်နေ

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၉**

အီသီယိုပီးယားနိုင်ငံသည် ပဋိပက္ခများ၊ ပြင်းထန်သော မိုးခေါင်ရေရှားမှုများနှင့် ရောဂါဘယဖြစ်ပွားမှုများကြောင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီ ပိုမိုလိုအပ်မှုများနှင့် ဆက်လက်ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (ယူအင်န်အက်ဖ်ပီအေ) က နိုဝင်ဘာ ၁၈ ရက်တွင် ပြောသည်။

အီသီယိုပီးယား နိုင်ငံ၌ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်သူ သန်း ၂၀ ခန့်ရှိပြီး နိုင်ငံတွင်း၌ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူ ၂ ဒသမ ၇ သန်းကျော်ရှိကြောင်း၊ ပဋိပက္ခဖြစ်ပွားမှုကြောင့် နိုင်ငံမြောက်ပိုင်း အေဖာ၊ အမ်ဟာရာ၊ တီဂရေးဒေသတစ်ဝန်း အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသူ ကိုးသန်းကျော် ရှိကြောင်းနှင့် နိုင်ငံတောင်ပိုင်း၌ ပြင်းထန်သော မိုးခေါင်ရေရှားမှုဒဏ်ကို ပြည်သူသန်းပေါင်းများစွာ ခံစားနေကြရကြောင်း ယူအင်န်အက်ဖ်ပီအေက ပြောသည်။

ထို့ပြင် ဆိုမာလီယာနှင့် အိုယိုမီယာဒေသများ၌ ကာလဝမ်းရောဂါ ဖြစ်ပွားနေဆဲဖြစ်ပြီး လက်ရှိအချိန်အထိ ကာလဝမ်းရောဂါဖြစ်ပွားသူ ၂၇၃ ဦးရှိ သေဆုံးကာ ကိုးဦး သေဆုံးကြောင်း သိရသည်။ **ဆင်ဟွာ**



မိုးခေါင်ရေရှားမှုကြောင့် အိုးအိမ်စွန့်ခွာလာသူများကို တွေ့ရစဉ်။

# အီရန်နိုင်ငံအနောက်ပိုင်း၌ ဓားထိုးမှုဖြစ်ပွားပြီး ထောက်လှမ်းရေး အရာရှိတစ်ဦး သေဆုံး

**တီဟီရန် နိုဝင်ဘာ ၁၉**

အီရန်နိုင်ငံအနောက်ပိုင်း ကာမန်ရှန်ပြည်နယ် ဆာနာမြို့၌ နိုဝင်ဘာ ၁၈ ရက်က ဓားထိုးမှုတစ်ခုဖြစ်ပွားရာ အီရန်ထောက်လှမ်းရေး အရာရှိတစ်ဦး သေဆုံးကြောင်း ဒေသအာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ သိရသည်။

နာဒါဘီရာမီဟု အမည်ရသည့် အဆိုပါထောက်လှမ်းရေးအရာရှိသည် ကာမန်ရှန်ပြည်နယ်ရှိ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (အိုင်အာရ်ဂျီစီ) ထောက်လှမ်းရေးဌာနမှ တာဝန်ခံတစ်ဦးဖြစ်ကြောင်းနှင့် မြို့တွင်းမငြိမ်မသက်မှုဖြစ်ပွားစဉ် သောင်းကျန်းသူများ၏ရန်မှ လမ်းသွားလမ်းလာများကို ကာကွယ်ရန်ကြိုးပမ်းစဉ် ဓားထိုးခံရခြင်းဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဓားထိုးသူများသည် ပြည်တွင်းအနုပညာရှင်တစ်ဦး၏ အထိမ်းအမှတ်ပွဲကျင်းပနေစဉ် အကြမ်းဖက်မှုနှင့် အဓိကရုဏ်းမှုဖြစ်ပွားစေရန် စည်းရုံးလှုံ့ဆော်သည့် ပုန်ကန်သူများဖြစ်ကြောင်း သိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဓားထိုးတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သူများကို ချက်ချင်းဖမ်းဆီးရမိခဲ့ကြောင်း ဆာနာမြို့ အုပ်ချုပ်ရေးမှူး ဂျဟန်ဘာရှ် ဇန်ဂါနာတာဘာက ပြောသည်။ **ဆင်ဟွာ**

# အစ္စတန်ဘူလ် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးမှုနှင့်ဆက်စပ်ပြီး သံသယရှိသူ ငါးဦးကို ဘူလ်ဂေးရီးယား ဖမ်းဆီးထား

**ဆိုဖီယာ နိုဝင်ဘာ ၁၉**

အစ္စတန်ဘူလ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးမှုများနှင့် ဆက်စပ်ပြီး သံသယရှိသူ ငါးဦးကို ဘူလ်ဂေးရီးယားအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်း တရားစီရင်မှုအာဏာပိုင်များက နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးခံရသူငါးဦးမှာ ဗုံးပေါက်ကွဲပြီးနောက် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ပါဝင်ကြောင်း ဘူလ်ဂေးရီးယားအစိုးရရှေ့နေရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဆိုင်ခါမဲလဲဗာက ဒေသတွင်းမီဒီယာသို့ ပြောကြားသည်။

ဖမ်းဆီးခံရသူ သုံးဦးမှာ မော်လ်ဒိုဗန်နိုင်ငံသားများနှင့် အာရပ်နွယ်ဖွား တစ်ဦးဖြစ်ကြောင်း ပြည်တွင်းရုပ်သံလိုင်းများတွင် ဖော်ပြထားသည်။

တူကီယဲနိုင်ငံမြို့တော် အစ္စတန်ဘူလ်တွင် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားပြီး ခြောက်ဦးသေဆုံးကာ ၈၁ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# တန်ဇန်းနီးယားနိုင်ငံ၌ တီဘီရောဂါဖြစ်ပွားမှု ၃၂ ရာခိုင်နှုန်း ကျဆင်းလာ

**ဒါအက်စ်ဆလမ် နိုဝင်ဘာ ၁၉**

တန်ဇန်းနီးယားနိုင်ငံ၌ တီဘီရောဂါဖြစ်ပွားမှုသည် ၂၀၁၅ ခုနှစ်က လူ ၁၀၀၀၀၀ တွင် တီဘီရောဂါဖြစ်ပွားသူ ၃၀၆ ဦး စစ်ဆေးတွေ့ရှိရာမှ ၂၀၂၁ ခုနှစ်၌ လူ ၁၀၀၀၀၀ တွင် တီဘီရောဂါဖြစ်ပွားသူ ၂၀၈ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် ၃၂ ရာခိုင်နှုန်းခန့်ကျဆင်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အကြီးအကဲဖြစ်သူ ကက်သရင်း ဂျိုအားချင်က နိုဝင်ဘာ ၁၈ ရက်တွင် ပြောသည်။

တန်ဇန်းနီးယားနိုင်ငံ မော်ဝန်ဇာမြို့၌ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများနှင့်ပြုလုပ်သော တီဘီရောဂါနှင့် အနာကြီးရောဂါထိန်းချုပ်ရေး အမျိုးသားအစီအစဉ်တွင် စိစစ်နေဆဲကာလအတွင်း နှစ်စဉ် တီဘီရောဂါဖြစ်ပွားသူ ၅၅၀၀၀ မှ ၂၅၈၀၀ သို့ ကျဆင်းလာကြောင်း ဂျိုအားချင်က ပြောသည်။ ထို့ပြင် အစိုးရက ယုံကြည်စိတ်ချပြီး ခိုင်မာတိကျသည့် အချက်အလက်များရရှိရန် တီဘီရောဂါနှင့် အနာကြီးရောဂါဖြစ်ပွားသူများကို စာရင်းသွင်းရာတွင် အီလက်ထရွန်နစ်စနစ်ကို အသုံးပြုရန် ကျန်းမာရေးဝန်ထမ်းများကို ၎င်းက တိုက်တွန်းထားသည်။

ပုဂ္ဂလိကကျန်းမာရေးဌာနများက လူနာများကို စစ်ဆေးပေးရန် တွန့်ဆုတ်နေခြင်းကြောင့် တီဘီရောဂါ လက္ခဏာခံစားနေရသူများသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း မော်ဝန်ဇာဒေသဆိုင်ရာ အုပ်ချုပ်ရေးအကြီးအကဲဖြစ်သူ ဘာလင်ဒရာ အီလီကာညာက ပြောသည်။ ထို့ပြင် တန်ဇန်းနီးယားရှိ ပုဂ္ဂလိကကျန်းမာရေးဌာန ၂၅၉၆ ခုအနက် ၄၀၆ ခုကသာလျှင် တီဘီရောဂါလူနာများကို စစ်ဆေးမှုပြုလုပ်ကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**

# ဆောင်းတွင်းဝင်ရောက်လာမှုနဲ့အတူ ရာသီတုပ်ကွေးနဲ့ ကိုဗစ် - ၁၉ နှစ်ဆတိုး ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုအတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်နေတဲ့ ဂျပန်နိုင်ငံ

ထွန်းကျော်




ဂျပန်နိုင်ငံ၌ အစုလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနေသည်ကိုတွေ့ရစဉ်။

ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မြင့်တက်လာတဲ့အချိန်မှာ နောက်တစ်ဖန် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက်ရိုက်ခတ်လာမှာကို ကျွမ်းကျင်သူတွေက စိုးရိမ်နေကြပါတယ်။ ထို့အတူ တစ်ချိန်တည်းမှာပဲ ရာသီတုပ်ကွေးကူးစက် ဖြစ်ပွားမှုတွေ မြင့်တက်လာပြီး ကျန်းမာရေးစနစ်ကို ဝန်ပိစေမယ့်အရေးကိုလည်း ကျွမ်းကျင်သူတွေက စိုးရိမ်လျက်ရှိပါတယ်။

**ရာသီတုပ်ကွေးမကြုံတွေ့ဖူးတဲ့ ဂျပန်**

ရာသီတုပ်ကွေးကို စိုးရိမ်ရခြင်းရဲ့ နောက်ကွယ်မှာ ဘယ်သူမှ မသိသေးတဲ့ အကြောင်းအချက်တွေ ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်ကတည်းက ဂျပန်နိုင်ငံဟာ ရာသီတုပ်ကွေးကူးစက်ဖြစ်ပွားတဲ့ အတွေ့အကြုံကို မကြုံတွေ့ဖူးသေးပါဘူး။ ဘာဖြစ်လို့လဲဆိုရင်တော့ ဂျပန်နိုင်ငံဟာ အမျိုးမျိုးသော ကူးစက်ရောဂါ ဆန့်ကျင်ကာကွယ်ရေး ဆောင်ရွက်ချက်တော်တော်များများ ချမှတ်ထားလို့ပဲဖြစ်ပါတယ်။ ကူးစက်ရောဂါ ကာကွယ်ရေး ဆောင်ရွက်ချက်တွေ ချမှတ်ထားတဲ့ အချိန်မှာ တစ်ဖက်ကလည်း နယ်စပ်ထိန်းချုပ်မှုတွေကို ဖြေလျှော့ပေးခဲ့သလို လူမှုရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကိုလည်း ပြန်လည်လုပ်ဆောင်လာကြပါတယ်။

ဂျပန်ကျန်းမာရေး အာဏာပိုင်တွေက ပြည်သူတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေးနဲ့ ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးတွေထိုးစေပြီး ကူးစက်ဖြစ်ပွားမှု နှစ်ဆဖြစ်ပွားလာမယ့်အရေးကို ကြိုတင်ကာကွယ်စေချင်ပါတယ်။ ထို့အတူ ဂျပန်အိမ်ထောင်စုတွေကို ကျန်းမာရေးဝန်ကြီးဌာန အသိအမှတ်ပြု အန်တီဂျန်စစ်ဆေးရေးကိရိယာများနဲ့ အဖျားပျောက်ဆေးတွေ ဆောင်ထားဖို့လည်း တိုက်တွန်းထားပါတယ်။ အကယ်၍ နေမကောင်းဖြစ်ခဲ့မယ်ဆိုရင်လည်း ကျန်းမာရေးဆိုင်ရာ အကြံပေးအစီအစဉ်တွေယူဖို့လည်း တိုက်တွန်းထားပါတယ်။

အိုမီခရွန်မျိုးကွဲအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဂျပန်နိုင်ငံမှာ စက်တင်ဘာလကတည်းက ရရှိနေပြီဖြစ်ပါတယ်။ သို့သော်လည်း အဲဒီကာကွယ်ဆေးကို နိုဝင်ဘာ ၁၀ ရက်အထိ ဂျပန်ပြည်သူ ရှစ်ရာခိုင်နှုန်းသာ ထိုးရသေးပါတယ်။ ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်ကို ဂျပန်အာဏာပိုင်တွေက ဒီထက်များစေချင်ပါတယ်။

ကမ္ဘာ့တောင်ဘက်ခြမ်း ဆောင်းရာသီ ကာလမှာ ဩစတြေးလျနိုင်ငံဟာ ပထမဆုံး ရာသီတုပ်ကွေးကူးစက်ဖြစ်ပွားမှုကို ကောင်းကောင်း အတွေ့အကြုံရထားပါတယ်။ ရာသီတုပ်ကွေး ကူးစက်ဖြစ်ပွားမှုတွေဟာ ကပ်ရောဂါကြိုတင်ကာကွယ်ရေးအဆင့် သတ်မှတ်ချက်နဲ့ တူနေပါတယ်။ ရာသီတုပ်ကွေးကူးစက်ဖြစ်ပွားမှုဟာ ဇွန်လမှာတော့ အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

ဒီလိုမျိုးအလားတူ ဖြစ်ရပ်မျိုး ဂျပန်နိုင်ငံမှာ ဖြစ်ပွားမှာကို ကျန်းမာရေး အာဏာပိုင်တွေက စိုးရိမ်လျက်ရှိပါတယ်။ ဂျပန်နိုင်ငံမှာ ရာသီတုပ်ကွေးကူးစက်ဖြစ်ပွားမှုနဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေပေါင်းပြီး ရောဂါကူးစက်ဖြစ်ပွားမှုတွေ နှစ်ဆမြင့်တက်လာပြီး ဆေးဘက်ဆိုင်ရာအဆောက်အအုံတွေနဲ့ ဝန်ဆောင်မှုတွေအပေါ် ဝန်ပိလာမှာကို အရာရှိတွေက စိုးရိမ်နေကြတာဖြစ်ပါတယ်။ သို့သော်လည်း ဂျပန်နိုင်ငံမှာ လူမှုဆက်ဆံရေး အခြေအနေတွေဟာ အရင်ကလို ပြန်မရောက်သေးတဲ့အတွက် အဲဒီစိုးရိမ်မှုအတွက်တော့ အနည်းငယ် စိတ်အေးသွားရပါတယ်။

**သေဆုံးတဲ့အထိ ကြောက်စရာကောင်း**

ကိုရိုနာဗိုင်းရပ်စ် ကျွမ်းကျင်ပညာရှင် အစိုးရအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တိုဟိုတက္ကသိုလ်ပါမောက္ခ တာတီဒါ ကာဇူဟီရိုက နိုင်ငံရပ်ခြား ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အလားအလာကိုလည်း ထည့်သွင်းစဉ်းစားဖို့ အရေးကြီးကြောင်း သတိပေး ပြောကြားထားပါတယ်။ သို့သော်လည်း ရာသီတုပ်ကွေးအတွေ့အကြုံရှိထားတဲ့ နိုင်ငံနဲ့ဒေသတွေမှာ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းကဲ့သို့သော အခြေခံကူးစက်ရောဂါ ကာကွယ်ရေး ဆောင်ရွက်ချက်တွေကို ရပ်ဆိုင်းထားတယ်လို့ ကာဇူဟီရိုက ပြောကြားလိုက်ပါတယ်။

ဗြိတိန်ဆေးပညာ ဂျာနယ်တစ်ခုဖြစ်တဲ့ သည်လန်းဆက် ဂျာနယ်မှာ မတ်လက ဖော်ပြခဲ့တဲ့ လေ့လာမှုတစ်ခုမှာ ရာသီတုပ်ကွေးကူးစက် ဖြစ်ပွားခြင်းနဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်း တစ်ပြိုင်နက်ဖြစ်ပွားပါက အပြင်းအထန်နေမကောင်းဖြစ်စေပြီး အသက်သေဆုံးစေသည်အထိ ကြောက်စရာကောင်းကြောင်း ဖော်ပြထားပါတယ်။ အီဒင်ဘာ့ဂ်တက္ကသိုလ်နဲ့ တခြားအင်စတီကျူးရှင်းတွေရဲ့ အဖွဲ့အစည်းတွေ ဦးဆောင်ပြုလုပ်ထားတဲ့ အဲဒီသုသေတနမှာ ရာသီတုပ်ကွေးနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ တစ်ပြိုင်တည်း ဖြစ်ပွားသူ ၂၀၀ ကို စမ်းသပ်မှု ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

> “ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ ရာသီတုပ်ကွေးကူးစက်ရောဂါ တစ်ပြိုင်နက်တည်း ဖြစ်ပွားတဲ့သူတွေဟာ သာမန်အခြေအနေထက် ပိုပြီးကြောက်စရာကောင်းတဲ့ အပြင်းအထန်ဖျားနာခြင်း ဖြစ်ပွားသလို အသက်ရှူလမ်းကြောင်းဆိုင်ရာ အကူအညီကိုလည်း သာမန်အခြေအနေထက် ၄ ဒသမ ၁၄ ဆ ပိုမိုလိုအပ်တာကို တွေ့ရှိရပါတယ်။ ထို့အတူ သေဆုံးနိုင်ခြေကလည်း ၂ ဒသမ ၃၅ ဆ ပိုမြင့်လာပါတယ် ”

**အသက်သေဆုံးမှုပိုဖြစ်စေ**

ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ ရာသီတုပ်ကွေးကူးစက်ရောဂါ တစ်ပြိုင်နက်တည်း ဖြစ်ပွားတဲ့သူတွေဟာ သာမန်အခြေအနေထက် ပိုပြီးကြောက်စရာကောင်းတဲ့ အပြင်းအထန်ဖျားနာခြင်း ဖြစ်ပွားသလို အသက်ရှူလမ်းကြောင်းဆိုင်ရာ အကူအညီကိုလည်း သာမန်အခြေအနေထက် ၄ ဒသမ ၁၄ ဆ ပိုမိုလိုအပ်တာကို တွေ့ရှိရပါတယ်။ ထို့အတူ သေဆုံးနိုင်ခြေကလည်း ၂ ဒသမ ၃၅ ဆ ပိုမြင့်လာပါတယ်။

ဂျပန်နိုင်ငံမှာရှိတဲ့ နာဂါဆာကီတက္ကသိုလ်ကလည်း လွန်ခဲ့တဲ့နှစ်က လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒီလေ့လာမှုမှာ ကိုဗစ်-၁၉ နဲ့ တုပ်ကွေးပိုး တစ်ပြိုင်နက်ထည့်ထားတဲ့ အစမ်းသပ်ခံဟမ်းစတားတွေဟာ သာမန်အခြေအနေထက် အဆုတ်ရောင်ရမ်းမှု ပိုမိုပြင်းထန်လာပြီး ပြန်လည်ကောင်းမွန်တဲ့နေရာမှာလည်း နှောင့်နှေးကြန့်ကြာမှုတွေ အများကြီး ကြုံတွေ့ခဲ့တာကို တွေ့ရှိခဲ့ပါတယ်။

ဒါကြောင့်မို့ ဂျပန်အာဏာပိုင်တွေဟာ ဒီလိုမျိုး နှစ်မျိုးလုံးတစ်ပြိုင်နက်တည်းဖြစ်မယ့် အခြေအနေမျိုးကို ကြိုးစားပြီးတော့ ရှောင်လွှဲချင်နေကြပါတယ်။ ဒီလိုမျိုးသာ တစ်ပြိုင်နက်တည်းဖြစ်ခဲ့မယ်ဆိုရင် ဒီအခြေအနေကကြောက်စရာကောင်းပြီး ဂျပန်နိုင်ငံရဲ့ ဆေးဘက်ဆိုင်ရာ အင်စတီကျူးရှင်းတွေကို သေချာပေါက် ဝန်ပိစေမှာဖြစ်ပါတယ်။

**တစ်ပြိုင်နက်မကူးအောင် သတိထား**

ဒါကြောင့်မို့ အသက်ကြီးသူတွေ၊ ရောဂါအခံရှိသူတွေအနေနဲ့ လည်ချောင်းနာခြင်းနဲ့ ဖျားနာခြင်းလိုမျိုး ရောဂါအခြေအနေတွေကို ခံစားလာရပြီဆိုရင် ဆေးခန်းကို လာရောက်ဖို့ တိုက်တွန်းထားပါတယ်။ အကယ်၍ သူတို့မှာ မိသားစုဆရာဝန်ရှိတယ်ဆိုပါကလည်း မိသားစုဆရာဝန်နဲ့ တိုင်ပင်သင့်တယ်လို့ အကြံပြုထားပါတယ်။ သို့မဟုတ်ပါကလည်း ကျန်းမာရေးအရေးပေါ် ကောစင်တာကိုလည်း ဖုန်းဆက်ပြီး အကြံဉာဏ်တောင်းနိုင်တယ်လို့ ကျန်းမာရေး အာဏာပိုင်တွေက အသိပေးထားပါတယ်။ ထို့အတူ ကိုယ့်ကိုယ်ကိုယ် သံသယရှိပါကလည်း အိမ်မှာ စမ်းသပ်စစ်ဆေးမှုတွေ လုပ်ဆောင်နိုင်ပါတယ်။ အကယ်၍ ရောဂါကူးစက်ဖြစ်ပွားနေပါကလည်း ကျန်းမာရေးဌာနတွေမှာ မှတ်တမ်းတင်ဖို့ လိုအပ်ပါတယ်။ ရောဂါအခြေအနေက ပြင်းထန်ခဲ့မယ်ဆိုပါက ဆေးကုသမှုခံယူဖို့တောင် လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် အခုလိုမျိုးဆောင်းရာသီဝင်ရောက်လာချိန်မှာ ကိုဗစ်-၁၉ နဲ့ ရာသီတုပ်ကွေးရောဂါ တစ်ပြိုင်နက် မကူးစက်အောင် သတိထားဖို့လိုအပ်လှပါတယ်။ အကယ်၍ ကူးစက်ခဲ့ပါကလည်း နောက်မကျစေဘဲ ကျန်းမာရေးဌာနတွေမှာ ဆေးကုမှု ခံယူသင့်ပါကြောင်း။

> “ ဂျပန်အာဏာပိုင်တွေဟာ ဒီလိုမျိုး နှစ်မျိုးလုံးတစ်ပြိုင်နက်တည်းဖြစ်မယ့်အခြေအနေမျိုးကို ကြိုးစားပြီးတော့ရှောင်လွှဲချင်နေကြပါတယ်။ ဒီလိုမျိုးသာ တစ်ပြိုင်နက်တည်းဖြစ်ခဲ့မယ်ဆိုရင် ဒီအခြေအနေကကြောက်စရာကောင်းပြီး ဂျပန်နိုင်ငံရဲ့ ဆေးဘက်ဆိုင်ရာ အင်စတီကျူးရှင်းတွေကို သေချာပေါက် ဝန်ပိစေမှာဖြစ်ပါတယ် ”

**ကိုးကား – အင်န်အိတ်ချ်ကေ**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၀ တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၈ ရက်ဆက်တိုက် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်း

**(၁၉–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၈၂,၃၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၉၈၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၃၀၈) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၇) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၈) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀–၁၁–၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၂၉၂၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၄၀ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၁၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၂ | ၂၀၁၄ |
| 95 Ron | ၂၀၄၀ | ၂၁၁၄ |
| HSD (500 ppm) | ၂၃၉၄ | ၂၄၇၁ |
| HSD (50 ppm) | ၂၄၆၇ | ၂၅၄၆ |
| HSD (10 ppm) | ၂၄၆၇ | ၂၅၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၀၉၈၈၁၊ ၀၉–၆၉၉၆၁၁၁၁၆

၀၆၇– ၄၁၁၁၂၉၊ ၀၉–၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်

**ဝ ထ က လ သ (နတလ)**

**“ဝိရောဓိ” ဟူသည် ဆန့်ကျင်ခြင်း၊ ဆန့်ကျင်ဘက်ဟူ၍ဖြစ်၏။“ဖွံ့ဖြိုးရေး” ဟူသည် လူတိုင်းလူတိုင်း၏ လိုအင်ဆန္ဒကို မဆန့်ကျင်သော သဘောလည်းရှိ၏။ “ကျေနပ်စရာ” သဘောလည်းရှိ၏။ လူအများအတွက် “နှစ်သက်စေသော” သဘောလည်းရှိ၏။ ကောင်းသောအကျိုးပြုခြင်း အချက်လည်းဖြစ်၏။ ချစ်စရာ မွန်မြတ်သည့် လုပ်ငန်းလည်းဖြစ်၏။**

ထို့ကြောင့် ဒေသတစ်ခုတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းမှာ မြင့်မြတ်သည်ဟု ဆိုထိုက်ပေမည်။ **ဖွံ့ဖြိုးရေး**၏ ဆန့်ကျင်ဘက် **“ဝိရောဓိ”** သည်ကား ထိုနှစ်သက်ဖွယ်အရာများကို ဒေါသ၊ ရန်လိုမှု၊ ကြမ်းတမ်းရက်စက်မှုများဖြင့် ပျက်စီးစေတတ်သော **“သဘာဝဘေးအန္တရာယ်များ”** ပင်တည်း။

**သဘာဝဘေးအန္တရာယ်များ**

ဘိုးတော်ဘုရားလက်ထက် ၁၁၅၄ ခုနှစ်တွင် “တွင်းသင်းမင်းကြီး မဟာစည်သူ ဦးထွန်းညို” ရေးသားခဲ့သော “ဘလ္လာလိယပျို့” ပါ “မိုးသက်လေပြင်းတွေထန်၊ သစ်ပင်တွေကျိုးပြတ်လွင့်စင်၊ ချောင်းရေတွေလျှံပြီး တစ်ဖက်၊ တစ်ကမ်းစီ တစ်ညတာ ကွဲကွာခဲ့ရသဖြင့်နှစ်ပေါင်း ၇၀၀ တိုင်အောင် ငိုကြွေးခဲ့ရသည်” ဟု တင်စားခဲ့သည့် ကိန္နရီ ကိန္နရာ မောင်နှံ ချောင်းခြားအလွမ်း အဖြစ်အပျက်သည်လည်းကောင်း၊ ၁၈၁၅ ခုနှစ်က ဖြစ်ပွားခဲ့သော အင်ဒိုနီးရှားနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးအပေါ် နစ်နာသော အကျိုးသက်ရောက်မှု ဖြစ်စေခဲ့သော “တန်ဘိုရာမီးတောင်” ပေါက်ကွဲမှုသည်လည်းကောင်း၊၂၀၀၈ ခုနှစ် မေလက မြစ်ဝကျွန်းပေါ်ဒေသကို အတိုင်းအတာ ကြီးကြီးမားမား ပျက်စီးဆုံးရှုံးစေခဲ့သော “နာဂစ်မုန်တိုင်း” သည်လည်းကောင်း၊ ၂၀၁၁ ခုနှစ် မတ်လက လှုပ်ခတ်ခဲ့သော ဂျပန်နိုင်ငံအဖို့ အကြီးမားဆုံးနှင့် အခဲယဉ်းဆုံးဟု ပြောဆိုရမည့် “ဆန်ဒိုင်ငလျင်နှင့် ဆူနာမီ” သည်လည်းကောင်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သမိုင်း၏ အဆိုးရွားဆုံး တောမီးလောင်မှုနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဘရာဇီးနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး အမေဇုန်မိုးသစ်တော ပြုန်းတီးမှုများသည်လည်းကောင်း ကမ္ဘာပေါ်တွင် နှစ်စဉ်နီးပါးဖြစ်ပေါ်လေ့ရှိသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ကြလေသည်။

ဘေးအန္တရာယ်ဟူသည်မှာ နေရာဒေသတစ်ခု (သို့မဟုတ်) လူတစ်စုအပေါ် ရွေးချယ်ကျရောက်တတ်ခြင်းမျိုး မဟုတ်ပေ။ ခေတ်မီဖွံ့ဖြိုးပြီး နည်းပညာအဆင့်မြင့်သည့်နိုင်ငံ၊ ဖွံ့ဖြိုးဆဲဒေသ၊ ဖွံ့ဖြိုးမှုနောက်ကျသည့် တိုင်းပြည်ဟူ၍ ရွေးချယ်မှုမရှိ၊ ညှာတာမှုမရှိ၊ခွဲခြားမှုမရှိပေ။သဘာဝဘေးအန္တရာယ်များကြောင့် လူသားတိုင်း၊ ဒေသတိုင်း၊ နိုင်ငံတိုင်းတွင် ဆက်စပ်ထိခိုက် ဆုံးရှုံးတတ်ပါသည်။

ကူးစက်ရောဂါနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးသုတေသနစင်တာ (Center for Research on the Epidemiology of Disasters)၏ အစီရင်ခံစာများအရ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း နှစ်စဉ်ဘေးဖြစ်ပွားမှု အကြိမ် ၃၀၀ ဖြစ်ပွားခဲ့ပြီး ဘေးသင့်သူ လူဦးရေမှာ တစ်နှစ်လျှင် ပျမ်းမျှ ၁၆၄ သန်းကျော်ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း ထို ၁၀ နှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များမှာ မီးဘေးအန္တရာယ် ၇၃ ရာခိုင်နှုန်း၊ ရေလွှမ်းမိုးခြင်း ၁၁ ရာခိုင်နှုန်း၊ လေပြင်းမုန်တိုင်းကျရောက်ခြင်း ၁၂ ရာခိုင်နှုန်းနှင့် ကျန်လေးရာခိုင်နှုန်းမှာ မြေငလျင်၊ မြေပြိုခြင်းနှင့် ဆူနာမီကျရောက်ခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။



ကချင်ပြည်နယ် မဂွေဇ-ခေါင်လမ်ဖူး ကားလမ်းပေါ်မှ တံတားတစ်စင်း ချောင်းရေတိုက်စား၍ ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

ထိုသဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံသားတို့၏ အသက်များ ဆုံးရှုံးခဲ့ရသည်။ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေး၊ သွားလာမှုလမ်းကြောင်းများ ပိတ်ဆို့ခဲ့ရသည်။ လမ်းတံတားများ မြေပြိုကျမှု (Land Slide) များဖြစ်ပွားပြီး ဆုံးရှုံးပျက်စီးခဲ့ရသည်။ ရေချိုများ ညစ်ညမ်းပြီး သောက်ရေ၊ သုံးရေ ပြတ်လပ်ရှားပါးခဲ့ရသည်။ စိုက်ပျိုးမြေများ ထိခိုက်ပျက်စီး လက်လွတ်ခဲ့ရသည်။ တိရစ္ဆာန်များလည်း များစွာ သေကျေခဲ့ကြရသည်။ သီးနှံခင်းများလည်း စိုက်ပျိုးမရ ပြဿနာများ ဖြစ်ခဲ့ရသည်။ ဓာတ်တိုင်များပြိုလဲပြီး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရသည်။ စာသင်ကျောင်းများလည်းပိတ်ခဲ့ရသည်။ ရောဂါဘယများ ထူပြောစေခဲ့သည်။ ဘုရားစေတီ၊ ကျောင်းကန်တို့လည်း ရေစီးတွင် ပြိုကျ၊ပျက်စီးမျောပါခဲ့ရ သည်။ သဘာဝအလှအပများကိုလည်း အကျည်းတန် စေခဲ့ပါသည်။

ထိုရာသီဥတုဆိုးရွားဖောက်ပြန်မှုနှင့် ကြမ်းတမ်းသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများသည် “နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန”၏ ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော တည်ဆောက်ဆဲ၊ တည်ဆောက်ပြီး လမ်းများ၊ တံတားများ၊ အဆောက်အအုံများကို ဖျက်ဆီးခဲ့သော မှတ်တမ်းများ များစွာရှိခဲ့ပေသည်။

**မည်သူ့ကို အပြစ်တင်ရမည်နည်း**

သဘာဝတရားကိုတော့ အပြစ်တင်၍ မရပေ။ မြေကမ္ဘာတွင် မြေပေါ်နှင့် မြေအတွင်းပိုင်းဟု သဘာဝဘေးအန္တရာယ် ဖြစ်စဉ်နှစ်မျိုးရှိသည်။ ကမ္ဘာ့မြေမျက်နှာပြင်ပေါ် ဖြစ်စဉ်များမှာ လေပြင်းမုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ ရေတိုက်စားခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်းနှင့် အနည်ပို့ချခြင်းတို့ဖြစ်၏။

ကမ္ဘာမြေအတွင်းပိုင်းဖြစ်စဉ်များမှာ ကမ္ဘာ့အပေါ်ယံအလွှာ (Earth Crust) ၌ ဖြစ်ပေါ်လေ့ရှိကြသည်။ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ တောင်တန်းများ၊ တိုက်ကြီးများ၊ သမုဒ္ဒရာ ချိုင့်ဝှမ်းများ ဖြစ်ပေါ်ခြင်းတို့ပင်ဖြစ်၏။ မြေပေါ်ဖြစ်စဉ်အများစု ဖြစ်ပွားရခြင်းမှာ လူသားတို့၏ ပယောဂကြောင့်ဟုသာ ဆိုရပေမည်။ အဘယ့်ကြောင့်နည်း။

**သဘာဝရဲ့စိန်ခေါ်သံ**

သစ်တစ်ပင်မျှပင် မစိုက်ပျိုးဖူးကြသော်လည်း သစ်ပင်ဆယ်ပင်ခုတ်ရန် ဝန်မလေးကြ။ လောဘဇောတိုက်၍ စည်းမရှိ ကမ်းမရှိ သစ်ထုတ်ကြ၏။ သစ်ခုတ်ကြ၏။ သစ်တောများစွာ ပြုန်းတီးကြရသည်။ အမှန်တော့ သစ်ပင်၊ သစ်တောတို့သည် မိုးရေကို မြေကြီးနှင့်တိုက်ရိုက်မထိအောင် ကာကွယ်ပေးထား၏။ မိုးရေကို ထိန်းပေး၏။ ထို့ကြောင့် ရေစီးရေလာကို နှေးစေ၏။ သစ်ပင်ရှိ၍ ရွာသော မိုးရေသည် မြေအောက်သို့ ပိုမိုစိမ့်ဝင်နိုင်၏။ မြေအောက်ရေကို ဖြည့်တင်းရာလည်း ရောက်ပါသည်။

သစ်ပင်၊ သစ်တောများ မရှိလျှင်တော့ မိုးရေသည် မြေကြီးနှင့် တိုက်ရိုက်ထိတွေ့ပြီး မြေဆီလွှာ ပျက်စီးစေ၏။ ထိုမြေလွှာများသည် မိုးရေနှင့်အတူ မြစ်များ၊ ချောင်းများသို့ မျောပါကျရောက်၏။ ထိုမြေဆီလွှာအနည်အနှစ်များကြောင့် မြစ်ကြမ်းပြင်ကို တိမ်စေ၏။ သောင်ထွန်းစေ၏။ ထို့ကြောင့် မြစ်ကျဉ်းပြီး ရေကြီးရေလျှံ ဖြစ်ပေါ်လာရတော့သည်။ “သစ်ပင်၊ သစ်တော မရှိခြင်း၏ ရလဒ်အကျိုးဆက်ကို ကျွန်ုပ်တို့အားလုံး ရင်ဆိုင်ကြရုံသာ။” အခြားအကြောင်းအရင်းတစ်ခုမှာ စနစ်တကျမရှိသော သယံဇာတ တူးဖော်မှုများပင်ဖြစ်၏။ မြစ်ထဲ၊ ချောင်းထဲ တူးချင်သလို တူးကြ၏။ စွန့်ပစ်မြေစာများ ပုံချင်သလို ပုံကြ၏။ ထိုအခါ ရေလမ်းကြောင်းများ ပျက်စီးခြင်း၊ ပိတ်ဆို့ခြင်း၊ ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်လာ၏။ မြစ်ချောင်းများ၏ ရေစီးဆင်းပုံစနစ် (Drainage System) ကွန်ရက်သည် လူများ၏ မဆင်မခြင်ပြုမှုများကြောင့် ပျက်စီးယိုယွင်းကြရသည်။ ရလဒ်ကား ရေကြီးမှုပမာဏများပြားလာခြင်း၊ ရေကြီးခြင်း အကြိမ်ရေ စိပ်လာခြင်းတို့ပင်တည်း။

ထို့ပြင် ရွှေ့ပြောင်းတောင်ယာ ဆောင်ရွက်ခြင်း၊ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်မှု၊ တောမီးရှို့မှု၊ လမ်းများ၊ တံတားများ ဖျက်ဆီးခံရမှု၊ နယ်မြေအေးချမ်းမှု မရှိခြင်းတို့ကိုလည်း မြေပေါ်ဘေးအန္တရာယ်များတွင် ထည့်သွင်းရပါမည်။ ယခုဆိုလျှင် ရှမ်းပြည်နယ်ဒေသအနှံ့ ခပ်စိပ်စိပ်တွေ့ရသည့် ထင်းရှူးတောများ ရှားပါးလာပေပြီ။ ပင်လယ်ကမ်းစပ် ဒီရေရောက်တောများသည်လည်း ပုစွန်ကန်များနှင့်အတူ ပျောက်ကွယ်ခဲ့ပေပြီ။ နယ်စပ်ဒေသအသီးသီးတွင် သစ်ပင်၊ သစ်တောမဲ့တောင်ကတုံးများ ပေါ်များခဲ့ပေပြီ။ ထိုသို့ သဘာဝဟန်ချက်များ ပျက်စီးလာသည်နှင့်အမျှ သဘာဝဘေးများက မိမိတို့ကို အချိန်တိုင်း စိန်ခေါ်နေလေတော့သည်။

**နတလ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟူသော အဓိကတာဝန်ကြီးနှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် “နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်/ ပြည်မ အကြားအလပ် မရှိစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်” ဟူသော မဟာဗျူဟာဖြင့်-တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုအပ်လျက်ရှိသည့် ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီးနှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသခြောက်ခုတို့တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးနိုင်ရန် ဖွံ့ဖြိုးရေးလုပ်ငန်းများ သတ်မှတ်လျာထားရန် လိုအပ်ပါသည်။ ထို့ကြောင့် ဤနေရာသည်ကား ဖွံ့ဖြိုးရေးအတွက် အမှန်တကယ် လိုအပ်လျက်ရှိ၏။ ဒေသကလည်း ဖွင့်ဟတောင်းဆို၏။ ဒေသခံများအတွက်လည်း များစွာအကျိုးရှိ၏။ သို့အတွက် နတလ၏ဝန်ထမ်းများသည် တောတိုး၊ တောင်ဖြတ်၊ မိုးထဲရေထဲ ပင်ပန်းစွာ ကွင်းဆင်းစစ်ဆေးလေ့လာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်ရန် လျာထားပေးကြ၏။ အရည်အသွေးပြည့်မီစွာ၊ ခိုင်ခံ့စေရန် ကျွမ်းကျင်လုပ်သားများ၊ အင်ဂျင်နီယာများက စေတနာအပြည့်ဖြင့် တည်ဆောက်ခဲ့ကြ၏။ လှပစွာ၊ ခံ့ထည်စွာလည်း အချိန်မီ တည်ဆောက်ပြီးစီး၏။ ဒေသခံပြည်သူတို့လည်း ပျော်ရွှင်ဝမ်းမြောက်စွာ ဖြတ်သန်းသွားလာ အသုံးပြုနေကြ၏။

*စာမျက်နှာ ၁၇ သို့*

❈ **“နတလ ဖွံ့ဖြိုးရေးလုပ်ငန်းများ” အပါအဝင် နိုင်ငံတော်၏ အခြားတည်ဆောက်ရေးလုပ်ငန်းများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်လိုလိုရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ရှောင်လွှဲ၍ မရနိုင်ခဲ့ပါ။ နှစ်စဉ်နှစ်တိုင်းလိုလို ဤမိုးကာလများတွင် မြန်မာနိုင်ငံအနှံ့အပြား ရက်ပေါင်းများစွာ မိုးများသည်းထန်ပြီး အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ဆောင်ရွက်ပြီး လမ်း/တံတားလုပ်ငန်းများနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများသည် နေရာတော်တော်များများ၌ လမ်းမြေပြိုခြင်း၊ ပဲ့ကျခြင်း၊ တောင်ပြိုကျခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ ရေနစ်မြုပ်ခြင်း၊ တံတားများ ရေတိုက်စားခြင်း စသည့် ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရပါသည်**

*စာမျက်နှာ ၁၆ မှ*

ဤသို့သော ကာလမျိုးတွင် ရုတ်တရက် မိုးသည်းထန်စွာရွာ၏၊ ရက်ပေါင်းများစွာ မရပ်မနားရွာ၏။ လေပြင်းထန်စွာတိုက်ခတ်၏။ တောင်တွေ မြေများပြိုကျ၏။ လမ်းကမ်းပါးများ တအိအိပဲ့ကျကုန်၏။ တစ်ရှိန်ထိုးစီးဆင်းလာသော မိုးရေများသည် ချောင်းများအတွင်းသို့ အဟုန်နှင့် ရောက်၏။ ရေပြင်သည် အရှိန်ဖြင့် မြင့်တက်လာ၏။ ကြမ်းတမ်းသော ရေစီးတို့သည် လမ်းကြောင်းပေါ်ရှိ တံတားကို ခပ်ပြင်းပြင်းကျော်ဖြတ်၏။ လေပြင်းကြောင့် ကျိုးပြတ်ပြိုလဲ လွင့်စင်သွားသော သစ်ပင်၊ သစ်တုံး၊ သစ်ကိုင်းတို့ ရေစီးနှင့်အတူ မျောပါလာ၏။ ယင်းတို့သည် တံတားတိုင်များနှင့် ကန့်လန့်ခံပိတ်စေ၏။ ရေစီးကြမ်းနှင့်အတူ သစ်တုံး၊ သစ်ပင်တို့က တံတားကို တဝုန်းဝုန်းနှင့် အကြိမ်ကြိမ်ဆောင့်၏။ တံတားတိုင်များ ကြေမွသွားလေ၏။ တံတားများလည်း ယိုင်နဲ့ပျက်စီး၏။ ချဉ်းကပ်လမ်းများ ဖရိုဖရဲ ပျက်စီးရတော့သည်။ စိတ်မချမ်းမြေ့ဖွယ် မြင်ကွင်းများပင် ဖြစ်တော့သည်။

သဘာဝတရားကြီးသည် ကျွန်ုပ်တို့အား တန်ဖိုးမဖြတ်နိုင်သော လက်ဆောင်များ ပေးထားပြီးဖြစ်ပါသည်။ သဘာဝကို ဖျက်ဆီးပါက သဘာဝတရား၏ ဒဏ်ခတ်မှုကိုတော့ ခံကြရပေမည်ကို သေချာစွာ သတိပေးရပါလိမ့်မည်။ တစ်စုံတစ်ခု ပျက်သည်နှင့် အားလုံးပြိုပျက်ကြရပေမည်။ ဤသည်ကား ကမ္ဘာမြေကြီး၏ ရှင်သန်လည်ပတ်နေသောစနစ်ဖြစ်၏။

နယ်စပ်ရေးရာဝန်ကြီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသများ၊ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများ၊ လူတိုင်းရောက်ရှိရန်ခက်ခဲသည့် ဒေသများတွင် Pioneer ရှေ့ပြေးစီမံကိန်းများအဖြစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

တစ်နည်းဆိုရသော် သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေများသော တောင်တန်းဒေသများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောအထပ်ထပ်၊ တောင်အလျှိုလျှိုကိုကျော်လွှား၍လည်းကောင်း၊ တောင်ခါးပန်းများကို ရစ်ပတ်၍လည်းကောင်း၊ လျှိုမြောင်များကို ဖြတ်သန်း၍လည်းကောင်း၊ မြစ်ချောင်းများကို ဖြတ်ကျော်၍လည်း ဆောင်ရွက်ကြရပါသည်။

ထို့ကြောင့် **"နတလ ဖွံ့ဖြိုးရေးလုပ်ငန်းများ"** အပါအဝင် နိုင်ငံတော်၏ အခြားတည်ဆောက်ရေးလုပ်ငန်းများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်လိုလိုရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ရှောင်လွှဲ၍ မရနိုင်ခဲ့ပါ။ နှစ်စဉ်နှစ်တိုင်းလိုလို မိုးကာလများတွင် မြန်မာနိုင်ငံအနှံ့အပြား ရက်ပေါင်းများစွာ မိုးများသည်းထန်ပြီး အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ဆောင်ရွက်ပြီး လမ်း/ တံတားလုပ်ငန်းများနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများသည် နေရာတော်တော်များများ၌ လမ်းမြေပြိုခြင်း၊ ပဲ့ကျခြင်း၊ တောင်ပြိုကျခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ ရေနစ်မြုပ်ခြင်း၊ တံတားများ ရေတိုက်စားခြင်း စသည့် ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရပါသည်။

> **" သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတော်၏ ဆောင်ရွက်ဆဲဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များကို အဟန့်အတားဖြစ်စေခဲ့ပါသည်။ ရပ်တန့်စေခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများကို နှောင့်ယှက်ပျက်စီးစေခဲ့ပါသည်။ နှောင့်နှေးစေခဲ့ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လျာထားသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံသားတို့၏ ဘေးအန္တရာယ်ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပြောင်းလဲသုံးစွဲရခြင်းကြောင့် နိုင်ငံ၏ ရှေ့ဆက်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရှိန်အဟုန်ယုတ်လျော့စေခဲ့ပါသည် "**

နိုင်ငံတော်သည် အဆိုပါသဘာဝဘေးကြောင့် ပျက်စီးပိတ်ဆို့သွားသော လမ်းပိုင်းနေရာများတွင် ချက်ချင်း မြေစာများ ဖယ်ရှားခြင်း၊ နောက်ထပ် မြေပြိုခြင်း မဖြစ်စေရန် တောင်နံရံများဖြတ်ခြင်း၊ Step ခံခြင်း၊ ရေစီးဒဏ်ခံနိုင်ရန် မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အချိန်နှင့် တပြေးညီ နေ့ညမပြတ်၊ အင်တိုက်အားတိုက် ပြန်လည်ဆောင်ရွက်ပေးခဲ့ပါသည်။ သို့သော် ရှေ့က ပြင်နေဆဲ နောက်က ပြိုပျက်သဖြင့် ပြန်လည်ပြင်ဆင်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်ပင်ဖြစ်ပါသည်။

**ပျက်စီးမှု၏ အဓိကအကြောင်းအရင်း**

နယ်စပ်ဒေသရှိ လမ်းအများစုမှာ တောင်တန်းဒေသများတွင် တည်ရှိနေပါသည်။ အတက်/ အဆင်းများပြီး အဆင့်အဆင့်တက်ခြင်း ၈ ရာခိုင်နှုန်းအထက် ရှိခြင်းကြောင့် မိုးရွာသွန်းမှုများချိန်တွင် ရေစီးကြမ်းသဖြင့် အပွန်းခံလွှာ ပျက်စီးမှုမြန်ဆန်ခြင်း၊ လမ်းသားများ ပြတ်ကျခြင်း၊ လမ်းဘေးရေမြောင်း(Side Drain)တိုက်စားခြင်း/ ပိတ်ဆို့ခြင်းတို့ကြောင့် လမ်းပေါ် ရေစီး၍ လမ်းသားပျက်စီးမှုကို အများဆုံး ဖြစ်ပွားစေပါသည်။ မိုးရေချိန်များမှုကြောင့်လည်းကောင်း၊ သစ်ပင်ကြီးများ/ ကျောက်တုံးများ ပိတ်ဆို့မှုကြောင့်လည်းကောင်း၊ မိုးရွာသွန်းချိန်တွင် ချောင်း/ မြောင်းများ လမ်းကြောင်းပြောင်း၍ တံတားနှင့် ရေထုတ်ပြွန်များ၏ ကမ်းကပ်ခုံ၊ Wing Wall၊ မြေထိန်းနံရံစသည်တို့ကို ရေတိုးတိုက်စားခြင်းတို့ကြောင့် လမ်း/ တံတားများ ပျက်စီးမှု အများဆုံး ဖြစ်ပွားခဲ့ရပါသည်။

ဖွံ့ဖြိုးပြီးလမ်းများမှာ အဆင့်မြှင့်တင်သော လမ်းမဟုတ်ဘဲ လမ်းလုံးဝမပေါက်သေးသော နေရာများတွင် လမ်းအသစ်ဖောက်လုပ်ခြင်း ဖြစ်သောကြောင့် မြေသားသိပ်သည်းမှု နည်းနေသေးခြင်းသည်လည်း ပျက်စီးရခြင်းအကြောင်းရင်းအနက် တစ်ချက်ပါဝင်ပါသည်။ ပူတာအို- မချမ်းဘော့- နောင်မွန်း လမ်းပိုင်းများဆိုလျှင် နွေ၊ မိုး၊ ဆောင်း သုံးနှစ်ကျော်ကြာပြီးမှသာ မြေပြိုမှုနည်းပါးသွားပြီး မြေသားသိပ်သည်းနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုကဲ့သို့ပင် အချို့နေရာများ၌လည်း သက်နုသင်ပုန်းကျောက်များဖြစ်ခြင်းနှင့် ခိုင်မာမှုမရှိသော မြေထုများတွင် ဆောင်ရွက်ရခြင်း၊ မက်စောက်သော တောင်ကမ်းပါးယံတွင် ခက်ခဲစွာ ဖောက်လုပ်ခဲ့ရခြင်း၊ ရန်ပုံငွေကန့်သတ်ချက်အရ မြေထိန်းနံရံများ ဆောင်ရွက်နိုင်မှု နည်းပါးခြင်းတို့ကြောင့် မြေပြိုမှုဖြစ်ပွားပြီး လမ်းပိတ်ဆို့မှု/ပျက်စီးမှုများ ဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။

**ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ရပ်တန့်စေခဲ့**

စင်စစ်အားဖြင့် သဘာဝဘေးအန္တရာယ်များသည် လမ်းတစ်လမ်း၊ တံတားတစ်စင်း၊ အဆောက်အအုံတစ်လုံးကိုသာ ထိခိုက်စေမည်မဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်နှင့် တိုက်ရိုက်ဆက်စပ်လျက် ရှိနေပေ သည်။

သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတော်၏ဆောင်ရွက်ဆဲ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များကို အဟန့်အတားဖြစ်စေခဲ့ပါသည်။ ရပ်တန့်စေခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကို နှောင့်ယှက်ပျက်စီးစေခဲ့ပါသည်။ နှောင့်နှေးစေခဲ့ပါသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် လျာထားသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံသားတို့၏ ဘေးအန္တရာယ်ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပြောင်းလဲသုံးစွဲရခြင်းကြောင့် နိုင်ငံ၏ ရှေ့ဆက်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရှိန်အဟုန် ယုတ်လျော့စေခဲ့ပါသည်။

**ပူးပေါင်းဆောင်ရွက်ကြရမည်**

ထို့ကြောင့် နိုင်ငံသားတိုင်းသည် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများ ရှိနေရန်လိုအပ်ပါသည်။ အခြေခံအကျဆုံးအချက်မှာ ရရှိသည့် အသိပညာ၊ ဗဟုသုတများကို လက်တွေ့ မြေပြင်တွင် အသုံးချနိုင်ရန်၊ မျှဝေပေးရန် လွန်စွာအရေးကြီးလှပါသည်။

ကမ္ဘာ့နိုင်ငံတိုင်းမှာ သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေးအတွက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်နေကြသော်လည်း ရာသီဥတု ပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ဘေးအန္တရာယ်ဖြစ်စဉ်များမှာလည်း မလျော့သော အရေအတွက်ဖြင့် တိုးပွားလျက်ရှိသည်ကိုတော့ သတိချပ်သင့်ပေသည်။ တိုးပွားဖြစ်ပေါ်လျက်ရှိသည့် ဘေးအန္တရာယ်များ လျှော့ချနိုင်ရန် နိုင်ငံသားတိုင်းက အသိစိတ်ဖြင့် ပူးပေါင်းကြိုးပမ်း ကာကွယ်ထိန်းသိမ်းနိုင်မှသာ၊ ကြိုးပမ်းဆောင်ရွက်မှသာ ထိခိုက်ဆုံးရှုံးမှုများကို သိသိသာသာ လျှော့ချပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးတည်ဆောက်မှု (Nation building) ကဏ္ဍအသီးသီးသည် လျင်မြန်စွာ တိုးတက်ပြောင်းလဲနိုင်မည်ဟု ယုံကြည်မိကြောင်း တင်ပြလိုက်ရပါသည်။ ။



ကချင်ပြည်နယ် မဝေ့ဇ-ခေါင်လန်ဖူး(၆၅/၄)မိုင် လမ်းပေါ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေစာများပြိုကျမှု မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုး-ကျော်ခို လမ်းပိုင်းပေါ်တွင် တောင်ပြိုမှုကို ရှင်းလင်းဆောင်ရွက်ပုံ။

## (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ အုတ်တွင်းမြို့နယ်၌ ကျင်းပ

**အုတ်တွင်း နိုဝင်ဘာ ၁၉**

၂၀၂၂ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် ကျရောက်သည့် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၁၇ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမှ ကြီးမှူး၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားကော်မတီတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲများအနေဖြင့် အသက် ၁၈ နှစ်အောက် အမျိုးသား အမျိုးသမီး မီတာ ၁၀၀ ငယ်/လတ်/ကြီး ပြေးပွဲ၊ အမျိုးသားမီတာ ၂၀၀ ငယ်/လတ်/ ကြီး ပြေးပွဲနှင့် အမျိုးသား၊ အမျိုးသမီးဘောလုံးပွဲများ ကျင်းပပေးခဲ့ရာ ပါဝင်ယှဉ်ပြိုင်သူစုစုပေါင်း ၃၀၀ ခန့်ရှိကြောင်းနှင့် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာဆိုင်ရာအဖွဲ့များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အေမင်းရည်စော (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ "သစ္စာ"ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင် လုယက်မှုကျူးလွန်သူများ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက် ညနေ ၆ နာရီ ၃၈ မိနစ်ခန့်တွင် ရန်ကုန်ဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ကုန်သည်လမ်းနှင့် ၂၆ လမ်းထိပ် အမှတ်(၇၁၈/၇၂၀)ရှိ "သစ္စာ"ကုန်မာနှင့် အိမ်အလှဆင် ပစ္စည်းအရောင်းဆိုင်တွင် ဆိုင်ရှင်ဖြစ်သူ ဦးမောင်မောင်ထွန်း (ခ) အင်မရမ်းနှင့် မိတ်ဆွေဖြစ်သူ ဦးမြင့်ကြည်တို့ ရှိနေစဉ် နှာခေါင်းစည်းအနက်ရောင်များ တပ်ဆင်ထားသော အသက် ၃၀ နှစ်ခန့်ရှိ အမျိုးသားသုံးဦးက ဓားမြှောင်များ ကိုင်ဆောင်ဝင်ရောက်လာကာ ဦးမောင်မောင်ထွန်းနှင့် ဦးမြင့်ကြည်တို့အား ရန်ပြုတိုက်ခိုက် ခြိမ်းခြောက်ပြီး ဦးမောင်မောင်ထွန်းပိုင် မီးခံသေတ္တာအတွင်းရှိ ငွေကျပ်သိန်း ၂၈၀၊ ဦးမြင့်ကြည်ပိုင် YGN 4H/ 6543 Toyota Allion ခဲရောင် မော်တော်ယာဉ်နှင့် I phone နှစ်လုံးတို့ကို လုယက်ယူဆောင်သွားခဲ့သဖြင့် လုယက်မှုကျူးလွန်သူ တရားခံများအား ပန်းဘဲတန်းမြို့မရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်လှစ်၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

## လုယက်မှုကျူးလွန်ခဲ့

အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သတင်းရယူစုံစမ်းခြင်း၊ ခိုင်လုံသည့် လုံခြုံရေးမှတ်တမ်း အထောက်အထားများကို အခြေခံကာ ရရှိလာသော သတင်းများအား ကွင်းဆက်မပြတ် ဖော်ထုတ် ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သည့် တရားခံ သုံးဦးအနက် တရားခံတစ်ဦးမှာ အဆိုပါ "သစ္စာ"ကုန်မာဆိုင်တွင် ယခင်က ယာဉ်မောင်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသော သီဟအောင် ဆိုသူဖြစ်ကြောင်း စတင်ဖော်ထုတ်သိရှိခဲ့ရပြီး တရားခံများ လုယက်ယူဆောင်သွားခဲ့သည့် YGN 4H/6543 Toyota Allion ခဲရောင် မော်တော်ယာဉ်ကို နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၆) ရပ်ကွက် ရန်ကင်းကလေးဆေးရုံအနီး ကန်ဘဲ့လမ်းမပေါ်တွင် ပြန်လည်တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်စုံစမ်း ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၈ ရက်ညနေ ၃ နာရီ ၅၅ မိနစ်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ဒဂုံရောအဝေးပြေးကားဝင်းရှိ "အင်ကြင်း" စားသောက်ဆိုင်တွင် လသာမြို့နယ် အမှတ် (၃) ရပ်ကွက် စဥ့်အိုးတန်းလမ်း အမှတ်(၆)နေ တရားခံ သီဟအောင်(ခ) ဝက်ပိန် ၂၉ နှစ် (ဘ)ဦးသိန်းသန်းထွန်းအား လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် ရွှေလက်စွပ် နှစ်ကွင်း၊ VIVO Y16 အမျိုးအစား အနက်ရောင်လက်ကိုင်ဖုန်းတစ်လုံး၊ Digitech အမျိုးအစား နာရီတစ်လုံး၊ အနက်ရောင် ပိုက်ဆံအိတ်တစ်လုံးနှင့် ငွေကျပ် ၆၄၀၀၀၀ တို့နှင့်အတူ စတင်ဖမ်းဆီးရမိခဲ့သည်။

## ထပ်မံဖမ်းဆီးရမိ

ဖမ်းဆီးရမိသူ သီဟအောင်(ခ) ဝက်ပိန်၏ ထွက်ဆိုချက်အရ လုယက်မှုတွင် အတူပါဝင်ကျူးလွန်ခဲ့သူများ ဖြစ်ကြသည့် မင်္ဂလာဒုံမြို့နယ် ပေါင်းကူးဥဩဘ ရပ်ကွက် မဥ္ဇူ(၂)လမ်းနေ မျိုးဇော်ထွန်း ၃၁ နှစ် (ဘ)ဦးတင်သောင်းအား လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် Redmi Note 11 Pro Prime အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးနှင့်အတူ ယင်းနေ့ ည ၉ နာရီခွဲတွင် ၎င်း၏ နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် မြစံပယ်လမ်း အမှတ်(၉၃)နေ ဘိုဘို (ခ)မြင့်ထွေး ၂၅ နှစ် (ဘ) ဦးမြင့်သန်းအား လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် ရွှေနားကပ်တစ်ရန်၊ VIVO Y17 အမျိုးအစား နက်/ပြာရောင်ဖုန်းတစ်လုံး၊ Techno Spark 7 အမျိုးအစား အစိမ်းရောင်ဖုန်းတစ်လုံးနှင့် အခင်းဖြစ်စဉ် ၎င်းဝတ်ဆင်ခဲ့သည့် ပလေကပ်ပုဆိုးတစ်ထည်၊ နက်ပြာရောင် တီရှပ်လက်တိုတစ်ထည်တို့နှင့်အတူ ယင်းနေ့ ည ၁၀ နာရီတွင် ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ "သစ္စာ"ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင်လုယက်မှု ကျူးလွန်သူ တရားခံများ (ဝဲမှယာ) သီဟအောင်(ခ)ဝက်ပိန်၊ ဘိုဘို(ခ)မြင့်ထွေး၊ မျိုးဇော်ထွန်း။

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ "သစ္စာ" ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင် လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှု




ဖမ်းဆီးရမိသူ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့အနေဖြင့် လတ်တလောငွေကြေး အသုံးလိုသည့်အတွက် သီဟအောင် (ခ) ဝက်ပိန် ယခင်ယာဉ်မောင်းအလုပ်လုပ်ကိုင်ခဲ့ဖူးသည့် "သစ္စာ" ကုန်မာဆိုင်ကို လုယက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်ရာတွင် သီဟအောင် (ခ) ဝက်ပိန်က ဦးဆောင်ခဲ့ပြီး ဘိုဘို (ခ)မြင့်ထွေးနှင့် မျိုးဇော်ထွန်းတို့က ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ ဆိုင်အတွင်းဝင်ရောက်လုယက်စဉ် မျိုးဇော်ထွန်းက ဦးမောင်မောင်ထွန်းအား ချုပ်နှောင်၍ သီဟအောင်(ခ) ဝက်ပိန်က ဓားဖြင့် ထိုးခဲ့ကြောင်း၊ ဘိုဘို(ခ)မြင့်ထွေးက ဦးမြင့်ကြည်အား ချုပ်နှောင်၍ ဆိုင်နောက်ဘက်သို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် ဦးမောင်မောင်ထွန်းအား ခြိမ်းခြောက်ကာ မီးခံသေတ္တာအတွင်းမှ ပိုက်ဆံများကို လုယူပြီး စားပွဲပေါ်တွင် တွေ့ရှိရသော ကားသော့ကိုယူ၍ ဆိုင်ရှေ့တွင် ရပ်ထားသည့် YGN 4H/6543 Toyota Allion ခဲရောင်မော်တော်ယာဉ်ကို သီဟအောင် (ခ) ဝက်ပိန်က မောင်းနှင်ယူဆောင်ကာ ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း။

## ထွက်ဆို

ရန်ကင်းမြို့နယ် ရန်ကင်းကလေးဆေးရုံအနီး ကန်ဘဲ့လမ်းမပေါ်အရောက်တွင် မော်တော်ယာဉ်ကို ရပ်ထားခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တက္ကစီငှား၍ မြောက်ဥက္ကလာပမြို့နယ် အမှတ် (၂) ရပ်ကွက် သုဓမ္မာလမ်းရှိ "ရွှေရိုးရာ" ဘီယာဆိုင်တွင် ဘီယာသောက်ခဲ့ကြပြီး အခင်းဖြစ်စဉ်က ရရှိခဲ့သော ငွေကျပ်သိန်း ၂၈၀ ကို မျိုးဇော်ထွန်းနှင့် ဘိုဘို(ခ)မြင့်ထွေးတို့ကို တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ စီပေး၍ သီဟအောင်(ခ)ဝက်ပိန်က ကျန်ရှိငွေကျပ်သိန်း ၂၂၀ ကို ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

ဖြစ်စဉ်တွင် လုယက်မှုကျူးလွန်သူ တရားခံ သီဟအောင်(ခ)ဝက်ပိန်ပါ သုံးဦးကို ငွေစက္ကူရောရာ ငွေကျပ်၆၄၀၀၀၀၊ ဖုန်းမျိုးစုံ လေးလုံး၊ ရွှေလက်စွပ်နှစ်ကွင်း၊ ရွှေနားကပ်တစ်ရန်၊ နာရီတစ်လုံး၊ ပိုက်ဆံအိတ်တစ်လုံး၊ လုယက်မှုကျူးလွန်စဉ် ဘိုဘို(ခ)မြင့်ထွေး ဝတ်ဆင်ခဲ့သည့် ပလေကပ်ပုဆိုးတစ်ထည်နှင့် နက်ပြာရောင် တီရှပ်လက်တိုတစ်ထည်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးတို့ အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၉

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မောတောင်မြို့ မြို့မရပ်ကွက်နေ ဟိန်းဇော်ဦး (ခ)ဖိုးအော်သည် ၎င်းအသုံးပြုသည့် "Hein Zaw Oo" Facebook အကောင့်၊ မြိတ်မြို့နယ် နောက်လယ်ရပ်ကွက်နေ မင်းမင်းလွင်(ခ) ကိုသာထူးသည် ၎င်းအသုံးပြုသည့် "Min Min Lwin" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၁၁-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** "မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်" (မင်္ဂလသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** သတင်းသမားပြောတဲ့သတင်းစကား
**၀၉:၁၀** တရုတ်ကာတွန်း "ပန်းနဂါးမိုးလေတံတား" (အပိုင်း-၁၂) (ဇာတ်သိမ်းပိုင်း)
**၀၉:၂၅** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (Level-2) (ပွဲစဉ်-၁၂)
**၁၂:၅၅** အသိပညာနှင့်အမှန်တရား
**၁၃:၀၅** Weekly Local News Highlights
**၁၃:၂၀** MRTV National News
**၁၃:၂၅** မြန်မာ့ဂန္ထဝင်ရုပ်ရှင် '**ငွေး**' (ဇော်လင်း၊ လင်းထင်၊ ချိုပြုံး) (ဒါရိုက်တာ-အောင်မြင့်မြတ်)
**၁၆:၃၅** "ရင်ခုန်ခံစားကာတာကမ္ဘာဖလား"
**၁၆:၅၀** "အနာဂတ်ရဲ့ကြယ်ပွင့်ကလေးများ"
**၁၇:၁၅** "Sports Diary"
**၁၇:၃၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၄၅** Economic Review
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သိရိဂေဟာ
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ '**အတိုးမပေးတဲ့ နီးလေး**' (အပိုင်း-၁၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ '**အားလုံးကချစ်တဲ့ ဒီကောင်မလေးထဝ်ဆင့်အကယ်ဒမီ တေးသံရှင် ချိုပြုံး**' (အပိုင်း-၃)
**၂၁:၂၀** ဆေးရောင်စုံရုပ်ရှင် "**ရွှေရိုး**" (ရန်အောင်၊ မိုမိုမြင့်အောင်) (ဒါရိုက်တာ-ရွှေဝင်းလွင်)

**mitv**

**07:02** Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
**07:10** The Art of Making Glaze Ware
**07:29** Sayit-Wyne Girls
**07:53** ASEAN Information Exchange Initiative: Renewable Energy
**08:01** News
**08:27** Myanmar Traditional Cart Business
**08:48** Listening Pleasure, Instrumental Music (Horn Violin) Yadanabon
**09:01** A Trip to Gyobyu Reservoir (Part-1)
**09:29** Today Myanmar: Bamboo Products
**09:37** Healthy Diet: Keto Diet
**09:47** Myanmar Childhood Games (Episode-3)
**10:01** News
**10:40** Perspectives: Consumer and Occupational Fraud
**11:01** Graffiti: Character Art

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆ :၀၀ မှ ၀၇:၀၀)**
လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံဆည်းရာ

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
မန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်မှုဘဝများ (ချင်းပြည်နယ်ကအော်ဂဲနစ်စိုက်ပျိုးရေး)(အပိုင်း-၁)

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
စံပယ်ပန်းအစွမ်းမွှေကြိုင်လန်း

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ငယ်ချစ်ဦးရဲ့ရင်ခွင်ပဟောင်းဆီ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပုစဉ်းရင်ကွဲ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
'ဝ'ဥစိုက်ကြမယ်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ံတွင်းမြိန်စေမဲ့ကယားရိုးရာမာလာဖူးသုပ်

**ပအိုဝ်း (၂၁:၀၀ မှ ၂၂:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁)

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
တိုင်းရင်းသားကျေးရွာက ကရင်ရိုးရာအိမ်ကလေးသို့

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၈:၄၅** "ဖွံ့ဖြိုးစည်ပင် စစ်ကိုင်းတိုင်းဒေသကြီးတစ်ခွင်"
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၄၅** သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၁)
**၁၁:၃၀** "**အတွေးအမြင်**"(အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
**၀၆:၅၀** ကယားမြေမှဆောင်းအာလူး
**၀၇:၃၅** သတိပြုစရာကျွဲ၊ နွားအရေပြားအကျိတ်နာရောဂါ
**၀၇:၅၅** ဝင်ငွေတိုးပွားရှေ့သွား
**၀၈:၂၀** '**စာသင်ခန်းမှသည်လယ်တောဆီ**' (ဇာတ်လမ်းတို)
**၀၈:၃၀** ငလိုက်စခန်းသာအပန်းဖြေဆင်စခန်း
**၀၉:၂၅** "**သုတဝေစည်တောင်သူဆီ**"
**၀၉:၄၅** ပန်းမြတ်သဇင်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး"

UNITE! Activism to End Violence Against Women & Girls

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် မှ ဒီဇင်ဘာလ (၁၀)ရက်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၀၇၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၀၈၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၆၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၆၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၁၅ ကျပ် | ၂၆၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၉၀ ကျပ် | ၂၇၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၅ ကျပ် | ၂၂၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၈၂ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၃၁ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၇၉၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၀၁ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၁ . ၁၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၅ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၁၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၀၀၀ | ၁၀၁၀ | ၉၁၇၉၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၅၀ | ၇၄၄ | ၂၄၆၀၉၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၉ | ၁၄၈၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၂၆၉ | ၅၀၄၉၀၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၁၀၁ | ၅၅၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စိုက်ပျိုးရေးတောင်သူများအား သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ပို့ချမည်

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ဦးဆောင်ပြီး စိုက်ပျိုးရေးတောင်သူများအား သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်နည်းသင်တန်းကို ယခုနိုဝင်ဘာလကုန်တွင် နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးတောင်သူများနှင့် စိုက်ပျိုးရေးဝါသနာရှင်များအား မန္တလေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့နည်းလမ်းများဖြင့် ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းတွင် သဘာဝမြေဩဇာပြုလုပ်နည်း၊ ပိုးသတ်ဆေးပြုလုပ်နည်း၊ သဘာဝမြေဆွေးပြုလုပ်နည်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်က ပြောသည်။

“စိုက်ပျိုးရေးတောင်သူတွေအနေနဲ့ သဘာဝမြေဩဇာကို ကိုယ်တိုင်ထုတ်လုပ်တတ်ပြီး စိုက်ခင်းထဲမှာ ထည့်သွင်းအသုံးပြုလို့ရအောင် သင်တန်းပေးတာပါ။ အခုလို မြေဩဇာနဲ့ ပိုးသတ်ဆေးတွေဈေးကြီးနေတဲ့အချိန်မှာ အမြဲတမ်းသုံးနေတဲ့ သွင်းအားစုတွေဖြစ်တဲ့ မြေဩဇာနဲ့ ပိုးသတ်ဆေးတွေအစား စွန့်ပစ်ပစ္စည်းတွေကနေ မိမိတို့ကိုယ်တိုင် ထုတ်လုပ်ထားတဲ့ သဘာဝမြေဩဇာကို အသုံးပြုနိုင်အောင် သင်တန်းပေးဖို့ စီစဉ်ဆောင်ရွက်တာပါ။ အခုလို သင်တန်းတွေပေးတဲ့အတွက် တောင်သူတွေ အကျိုးရှိပါတယ်။ ကိုယ်တိုင်ထုတ်လုပ်ထားတဲ့ မြေဩဇာ တွေသုံးတဲ့အတွက်ကြောင့် အစားအစာတွေ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချ ရပါတယ်။ သင်တန်းမှာ ဂျပန်နိုင်ငံက မြေဆွေးပြုလုပ်နည်း ပါမယ်။ သင်တန်းနည်းပြကတော့ ပြင်ပက ပညာရှင်က လာရောက်ပို့ချပေးမှာပါ။ တစ်ရက်က စာတွေ့၊ တစ်ရက်က လက်တွေ့ပါ။ တက်ရောက်လိုသူတွေအနေနဲ့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကို ဆက်သွယ်ပြီး တက်ရောက်နိုင်ပါတယ်” ဟု ၎င်းက ပြောသည်။



အဆိုပါ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ဖွင့်လှစ်ပို့ချပေးသွားမည့် သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်နည်းသင်တန်းတွင် အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ထားခြင်းမရှိဘဲ စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းသား၊ သင်တန်းသူဦးရေ ၃၀ သာ ကန့်သတ်ထားကြောင်း သိရသည်။

**မောင်အေးချမ်း**

# တပ်ကုန်းမြို့နယ်၌ ပန်းမုန်လာ အပင်များအောင်မြင်၍ ဈေးကောင်းရရှိရန် မျှော်လင့်

**တပ်ကုန်း နိုဝင်ဘာ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ကွင်းအမှတ် (၁၄၀၇) ကွင်း၊ မြေအောက်ရေများကို အသုံးပြုစိုက်ပျိုးသော ပန်းမုန်လာပွင့်စိုက်တောင်သူများ အပင်များ အောင်မြင်ဖြစ်ထွန်းကာ ပိုးမွှားကင်း၍ ပန်းပွင့်များ လှပရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

“စိုက်ပျိုးရေးလုပ်ငန်းတွေကို မိဘလက်ထက် ကတည်းက လုပ်ကိုင်တာ ဖြစ်ပါတယ်။ ဒီနှစ် ဒသမ ၈၀ ဧကစိုက်ကွက်ကို ဆောင်းသီးနှံအဖြစ် ပန်းမုန်လာပွင့် အပင် ၅၀၀၀ စိုက်ပျိုးထားပါတယ်။ ထယ်ရှည်း၊ မျိုးဖိုး၊ ဆေးဖိုး၊ အလုပ်သမားခအပါအဝင် သွင်းအားစုပစ္စည်းတွေလည်း ဈေးတက်တော့ ကုန်ကျစရိတ်များပါတယ်။ ယခင်နှစ်က ဒသမ ၈၀ ဧကပန်းမုန်လာပွင့်စိုက်ခင်း ၆၅ ရက်သားကို အခင်းပြတ်ဈေး သိန်း ၂၀ နဲ့ ရောင်းချရပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းက လပိုင်းအတွင်း ဝင်ငွေရရှိတဲ့အတွက် စိုက်ပျိုးသင့်ပါတယ်။ အခုနှစ်မှာ အခင်းပြတ်ဈေးရရှိရန် မျှော်လင့်ပါတယ်” ဟု တောင်သူ ဒေါ်သန်းငွေး၏ ပြောပြချက်အရ သိရသည်။



တပ်ကုန်းမြို့နယ်တွင် ဆောင်းသီးနှံအဖြစ် ပန်းမုန်လာပွင့်၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ခရမ်း၊ အာလူး၊ ကြက်သွန်၊ ပြောင်းဖူး၊ မတ်ပဲ၊ ကုလားပဲနှင့် ပန်းအမျိုးမျိုးတို့ကို မိုးရေမြေအစိုဓာတ်များ၊ မြေအောက်ရေများ အသုံးပြုစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**တင်စိုးလွင်**

# ကျောက်ပန်းတောင်းမြို့နယ်၌ ကြက်တူရွေးပဲသီးများ တစ်ပိဿာ ကျပ် ၁၃၀၀ အထိ ဈေးကောင်းရနေ

**ညောင်ဦး နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် လက်ပံအိုင့်၊ လဲ့ဂွ၊ မုန့်ကုန်း၊ ညောင်ဖြူပင်၊ ကုန်းတဲ၊ ညောင်ချိုင်း၊ ဆပ်ပြာကျင်း၊ မကြီးတိုင်း၊ စည်ပင်သာ၊ အိုးအိုင်၊ ကင်မွန်းခြံကျေးရွာများသည် ကြက်တူရွေးပဲသီးစိုက်ပျိုးခြင်းကို မြေအောက်ရေအသုံးပြု၍ ရာသီမရွေး စိုက်ပျိုးလျက်ရှိပြီး ကြက်တူရွေးပဲသီးပေါ်ချိန်တွင် တစ်ပိဿာကျပ် ၁၃၀၀ နှုန်းဖြင့် ရောင်းချနေရခြင်းကြောင့် တောင်သူများ အဆင်ပြေကြကြောင်း သိရသည်။

ကြက်တူရွေးပဲများကို ဝါဆိုလ၊ ဝါခေါင်လတွင် စတင်စိုက်ပျိုးကြပြီး ကြက်တူရွေးပဲသည် ရေကြိုက်သဖြင့် မြေအောက်ရေသွင်းပြီး စိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီး တစ်လကျော်တွင် အသီးသီးကာ သီးနှုန်းကောင်းမွန်ပြီး ဈေးနှုန်းမှာလည်း တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းဖြစ်ခြင်းကြောင့် စိုက်ရကျိုးနပ်သည့်ပဲ ဖြစ်ခဲ့ကြောင်း၊ ပဲသီးရောင်းချချိန်တွင်လည်း ကုန်စိမ်းပွဲရုံများက ချက်ချင်းဝယ်ယူကြသလို ညောင်ဦး၊ မြင်းခြံ၊ တောင်သာ၊ ငါ့သရောက်မြို့နယ်များမှ ပဲသီးဝယ်ပွဲစားများကလည်း လာရောက်ဝယ်ယူကြကြောင်း မုန့်ကုန်းကျေးရွာမှ ကြက်တူရွေးပဲစိုက်တောင်သူ ဦးမင်းညိုထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကျောက်ဆည်မြို့နယ်၌ ယာမြေများတွင် ငှက်ပျောသီးကို ပိုမိုစိုက်ပျိုးလာ

**ကျောက်ဆည် နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆန်စပါး၊ ကြက်သွန်၊ ငရုတ်၊ မြေပဲ၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ ငှက်ပျောစသည့်သီးနှံမျိုးစုံ စိုက်ပျိုးကြသော်လည်း ယခုအခါတောင်သူများအနေဖြင့် ယာမြေများတွင် ဈေးကွက်ဝင်ငှက်ပျောသီးများကို ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

ငှက်ပျောသီးစိုက်ပျိုးခြင်းသည် အလုပ်သမားလိုအပ်မှုနည်းခြင်းနှင့် သွင်းအားစုမြင့်မားခြင်းမရှိသောကြောင့် တောင်သူများ ပိုမိုစိုက်ပျိုးလာခြင်းဖြစ်ကြောင်း၊ ငှက်ပျောစိုက်ရာတွင် တစ်ပင်ချင်းစိုက် (တစ်ပင်တန်း)နှင့် နှစ်ပင်တွဲစိုက်(စွယ်စုံ)စိုက်ပျိုးခြင်းဟူ၍ အတန်းလိုက်စိုက်ပျိုးကြကြောင်း၊ ငှက်ပျောသီးသည် စိုက်ပျိုးပြီး ရှစ်လအကြာတွင် အဖူးများထွက်ရှိပြီး ၁၂ လအကြာတွင် စတင်ခုတ်ရောင်းရကြောင်း၊ နှစ်ပင်တန်း(စွယ်စုံ) ငှက်ပျောတစ်ဧက စိုက်ပျိုးမည်ဆိုပါက အပင်ရေ ၈၀၀ ခန့် ဝင်ဆံ့ကြောင်း၊ ကုန်ကျမှုအနေဖြင့် ထယ်စရိတ်၊ ထွန်စရိတ်၊ မျိုးဖိုး(ငှက်ပျောစို့အပင်ငယ်) နှင့် စိုက်စရိတ်အပါအဝင် ရေတင်ခြင်း၊ မြေဩဇာအသုံးပြုခြင်း၊ အသီးများရောင်းချပြီး ပင်စည်ခုတ်လှဲရှင်းလင်းခြင်းများအပါအဝင် စုစုပေါင်း ကျပ် ခုနစ်သိန်းကျော်မှ ရှစ်သိန်းနီးပါး ကုန်ကျကြောင်း၊ ရောင်းချရမှုအနေဖြင့် ငှက်ပျောတစ်ခိုင်လျှင် ငှက်ပျောခြောက်ဖီး သတ်မှတ်ကာ ငှက်ပျောအခိုင် ၄၀ ပါ နွားလှည်းတစ်စီးလျှင် ကျပ် တစ်သိန်းရှစ်သောင်း ဈေးဖြင့် ရောင်းချရကြောင်း၊ ငှက်ပျောတစ်ဧကစိုက်ပျိုးထားပါက ပျမ်းမျှလှည်းအစီးရေ ၁၃ စီးမှ ၁၄ စီး ရောင်းချရကြောင်း ကျောက်ဆည်မြို့နယ် သံရွာကျေးရွာမှ တောင်သူ ဦးမျိုးထွန်းက ပြောသည်။



ကျောက်ဆည်မြို့နယ်၌ ငှက်ပျောသီးများကို တောင်နောက်၊ သင်တောင်း၊ အင်တိုင်း၊ ကြက်မင်းတွန်၊ ဖောင်ရွာ၊ ပတ္တာ၊ ပင်တလည်၊ ပြည်ပန်း၊ သမန္တလင်း၊ မြင်းကဘက်၊ မုန့်ပေါင်း၊ လက်ပန်ဇင်ကျေးရွာများတွင် ၁၄၁၇ ဧကအထိ စိုက်ပျိုးထားပြီး ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ဇရစ်ခဲ၊ အုန်းကြော၊ ကြက်သားဟင်း ကျေးရွာများတွင်လည်း ၂၂၇ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ပွင့်ဖြူမြို့နယ်၌ ကစော့သီးပင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသူများ မိသားစုအပိုဝင်ငွေရရှိ

**ပွင့်ဖြူ နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း မြေအောက်ရေဖြင့် တစ်ပိုင်တစ်နိုင် ကစော့သီးပင်စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်အတွင်း ဆွတ်ခူးရောင်းချနေရသဖြင့် စိုက်ပျိုးသူများ ဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့မြို့နယ်က ဒေသခံတောင်သူတွေဟာ မိမိတို့ရဲ့နေအိမ်ဝိုင်း မြေကွက်လပ်တွေမှာ စားဖိုဆောင်သီးနှံမျိုးစုံကို မြေအောက်ရေနဲ့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါတယ်။ ကျွန်တော့်အနေနဲ့ ကစော့သီးပင်စိုက်ပျိုးတုန်းက ကိုယ့်အိမ်မိသားစု စားဖို့လောက်ပဲ စိုက်ပျိုးခဲ့တာ။ ဆွတ်ခူးလို့ရတဲ့အချိန်မှာ ကိုယ့်အိမ်အတွက် ဟင်းချက်စားဖို့ လုံလောက်တဲ့အပြင် ပိုလျှံနေလို့ ဈေးမှာရောင်းတာ တစ်ပိဿာကို ကျပ် ၂၀၀၀ နှုန်းနဲ့ ရောင်းခဲ့ရတယ်။ ကစော့သီးပင်ကို တောင်သူတွေအနေနဲ့ စိုက်ပျိုးစရိတ် အကုန်အကျ သက်သာစွာနဲ့ စိုက်ပျိုးနိုင်သလို ဈေးကောင်းလည်း ရရှိတာကြောင့် မိသားစုအပိုဝင်ငွေရအောင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြစေချင်တယ်” ဟု ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်မှ တစ်ပိုင်တစ်နိုင် စားဖိုဆောင်သီးနှံစိုက်ပျိုးသည့် ဒေသခံတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာပေါင်း ၂၀၅ ရွာရှိကာ စိုက်ပျိုးရေးအဆင်ပြေသည့်အတွက် တောင်သူများသည် ဟင်းသီးဟင်းရွက် စားပင်သီးနှံမျိုးစုံတို့ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး အချို့တောင်သူများမှာ သီးထပ်သီးညှပ်အဖြစ် နှစ်သီးစား၊ သုံးသီးစား စနစ်ဖြင့်ပါ စိုက်ပျိုးကြောင်း သိရသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂျူဒိုအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

**၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစား ကွင်း/ရုံများ၌ ဆက်လက်ကျင်းပပြုလုပ်ပြီး တပ်မတော်ဂျူဒို အားကစားပြိုင်ပွဲမှ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဇေယျာသီရိ အားကစားရုံ(A) ၌ ကျင်းပသည်။**




ဆုပေးပွဲသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော် အရာရှိကြီးများနှင့် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးသည်။

**ဆုများပေးအပ်**

ဦးစွာ အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူကို တပ်မတော်ဂျူဒို ကော်မတီအတွင်းရေးမှူးဗိုလ်မှူးကြီး အောင်ကျော်မိုးက လည်းကောင်း၊ ပြိုင်ပွဲအလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းများနှင့် တစ်ဦးချင်းအကောင်းဆုံး ဆုရရှိသူများကို တပ်မတော်ဂျူဒို ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်မျိုးသန့်က လည်းကောင်း ဆုများ ပေးအပ်ကြသည်။

ထို့နောက် ဂျူဒိုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ခြောက်ခုဖြင့် အမျိုးသား အမျိုးသမီး စုပေါင်းတံခွန်စိုက် ဒိုင်းဆုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမျိုးသား/ အမျိုးသမီး စုပေါင်းတံခွန်စိုက် ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုကို ပေးအပ်ချီးမြှင့်သည်။(ဃာပုံ)

**ပြိုင်ပွဲများယှဉ်ပြိုင်**

ထို့ပြင် တပ်မတော် (ကြည်း၊ ရေ၊လေ) အားကစားပြိုင်ပွဲများ ဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ် အားကစားခန်းမ၌ ၅၁ ကီလို လူသစ်တန်း (ဗိုလ်လုပွဲ)၊ ၆၀ ကီလို လူသစ်တန်း(ဗိုလ်လုပွဲ)၊ ၇၅ ကီလို လူသစ်တန်း(ဗိုလ်လုပွဲ)၊ ၈၀ ကီလို လူသစ်တန်း (ဗိုလ်လုပွဲ)၊ ၅၇ ကီလို (က) အဆင့် (အကြိုဗိုလ်လုပွဲ)၊ ၇၅ ကီလို (က) အဆင့် (ဗိုလ်လုပွဲ)၊ ၈၀ ကီလို (က) အဆင့် (ဗိုလ်လုပွဲ)၊ ၄၈ ကီလို အလွတ်တန်း(ဗိုလ်လုပွဲ)၊ ၅၇ ကီလို အလွတ်တန်း (အကြိုဗိုလ်လုပွဲ) နှင့် ၇၅ ကီလို အလွတ်တန်း (အကြိုဗိုလ်လုပွဲ) တို့ကို လည်းကောင်း၊ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲမှအမျိုးသား/ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲ၊ သုံးဆင့်ခုန်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ ပြိုင်ပွဲ၊ သုံးဆင့်ခုန်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်း ပြိုင်ပွဲလူရွေးပွဲ နှင့် ဗိုလ်လုပွဲစဉ်များကို လည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ (B)၌ အမျိုးသား/အမျိုးသမီး အကြိုဗိုလ်လုပွဲ ပြိုင်ပွဲစဉ်များကို လည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ ပညာစွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ၊ အမျိုးသား ပန်ကြပ်ဆီးလပ် အတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက် ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက် ပြိုင်ပွဲများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း) ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အသက် ၂၅ နှစ်အောက် သုံးယောက်တွဲအဖွဲ့ လိုက် အုပ်စုပတ်လည်ပွဲစဉ် များနှင့် ကရာတေးဒိုပြိုင်ပွဲတွင် အသင်းလိုက်ကုမိတဲ့ ပြိုင်ပွဲများ ကိုလည်းကောင်း ယှဉ်ပြိုင်ကစား ကြသည်။



မြန်မာ့သိုင်းပညာ စွမ်းရည်ပြပြိုင်ပွဲ။

**ဘောလုံးပြိုင်ပွဲ**

အလားတူ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား(ခ) အဆင့် ဘောလုံးပြိုင်ပွဲ တတိယ လုပွဲကို အမှတ်(၉၉) ခြေမြန် တပ်မဌာနချုပ် ကိုယ်စားပြု အသင်းနှင့် အနောက်တောင် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အသင်းတို့သည် ယနေ့ညနေပိုင်း တွင် ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ တတိယ နေရာလုပွဲစဉ်အဖြစ် ဆက်လက် ယှဉ်ပြိုင်ကစားကြရာ အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းက အနောက် တောင် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါ အားကစားပြိုင်ပွဲများ သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အား ကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက် ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ယခုအချိန်အခါတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့၊ ရွာဒေသများ သန့်ရှင်းသာယာ လှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နှင့် တန့်ယန်းမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ်ငါးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း။

ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ်ကိုးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့ စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



စစ်တွေကမ်းခြေတွင် သန့်ရှင်းရေးဆောင်ရွက်နေစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင်အသင်းဖွဲ့စည်းရန် လေးပွင့်ဆိုင်ခြေစမ်းပွဲ ပထမနေ့တွင် အစိမ်းရောင်အသင်းနှင့် ယူ -၂၂ အသင်း အနိုင်ရ

**ရန်ကုန်  နိုဝင်ဘာ  ၁၉**

၂၀၂၂ AFF Cup ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်း ဖွဲ့စည်းရန် လေးပွင့်ဆိုင်ခြေစမ်းပွဲ ပထမနေ့ကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ အစိမ်းရောင်အသင်းနှင့် ယူ-၂၂ အသင်း အနိုင်ရခဲ့သည်။

ခြေစမ်းပွဲကစားရန် လက်ရွေးစင်အသင်းအတွက် ရွေးချယ်ထားသည့် ပဏာမကစားသမား ၄၄ ဦးကို သုံးသင်းခွဲ၍ ဖွဲ့စည်းထားပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် ယူ-၂၂ အသင်းက ခြေစမ်းပွဲ ကစားနိုင်ရန် ကူညီကစားပေးခြင်းဖြစ်သည်။ နံနက်ပိုင်းကျင်းပသည့် ပွဲတွင် အစိမ်းရောင်အသင်းက အနီရောင်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ကစားသမားအင်အားပိုသာသည့် အစိမ်းရောင်အသင်းသည် ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

လက်ရွေးစင်အစိမ်းရောင်အသင်းတွင် ဒေးဗစ်ထန်၊ သီဟထက်အောင်၊ နန္ဒကျော်၊ လှိုင်းဘိုဘို၊ ကျော်မင်းဦး၊ ရန်ကျော်ထွေး၊ ဝင်းနိုင်ထွန်းတို့ ပါဝင်ကစားပြီး အနီရောင်အသင်းတွင် ဆန်းဆက်နိုင် (ဂိုး)၊ ဝင်းမိုးကျော်၊ လားဒင်မောရ၊ ရဲရင့်အောင်-၁ တို့ ပါဝင်ကစားခဲ့ကာ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အစိမ်းရောင်အသင်းအတွက် ဂိုးများကို ၁၃၊ မိနစ် ၄၀ တွင် အီစိုး၊ ၂၀၊ ၅၆၊ ၇၂ မိနစ်တွင် ဝင်းနိုင်ထွန်း၊ မိနစ် ၆၀ တွင် ရဲရင့်အောင်-၂၊ ၆၉ မိနစ်တွင် မြတ်ကောင်းခန့်၊ ၈၁ မိနစ်တွင် ရန်ကျော်ထွေးတို့က သွင်းယူခဲ့သည်။

ညနေပိုင်းကျင်းပသည့်ပွဲတွင် ယူ-၂၂ အသင်းက လက်ရွေးစင် အဝါရောင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရွေးစင် အဝါရောင်အသင်းတွင် ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူ၊ ကျော်ဇင်လွင်၊ ရန်နိုင်ဦး၊ ရာဇာအောင်၊ ဟိန်းဇေယျာလင်း စသည့်ကစားသမားများ ပါဝင်ကစားခဲ့ပြီး ယူ-၂၂ အသင်းမှာမူ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲ အတွက် လေ့ကျင့်နေသည့်အသင်းဖြစ်သည်။ ပထမပိုင်းတွင် ဂိုးမရှိသရေ ကျနေသော်လည်း ၄၈ မိနစ်တွင် ဇော်ဝင်းသိန်းက ပယ်နယ်တီမှတစ်ဆင့် ယူ-၂၂ အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ မိနစ် ၅၀ တွင် ရာဇာအောင်က အဝါရောင်အသင်းအတွက် ချေပဂိုးပြန်သွင်းယူခဲ့သော်လည်း ယူ-၂၂ အသင်းအတွက် အနိုင်ဂိုးကို ၈၅ မိနစ်တွင် အောင်ကျော်အေးက ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။

လေးပွင့်ဆိုင်ခြေစမ်းပွဲ ဒုတိယနေ့ကို နိုဝင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် အဝါရောင်အသင်းနှင့် အနီရောင်အသင်း၊ ညနေ ၄ နာရီတွင် အစိမ်းရောင်အသင်းနှင့် ယူ-၂၂ အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် Young Lionesses အသင်း အနိုင်ရ

**ရန်ကုန်  နိုဝင်ဘာ  ၁၉**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၂) ပထမနေ့ကို နိုဝင်ဘာ ၁၉ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းနှင့် Young Lionesses အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

ပထမနေ့ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် Young Lionesses အသင်းက တနင်္သာရီအသင်းကို လေးဂိုးပြတ်၊ သုဝဏ္ဏ လေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက အား/ကာဦးစီးဌာနအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရခဲ့သည်။

Young Lionesses အသင်းသည် ၁၀ ပွဲကစား ရမှတ် ကိုးမှတ် ရထားပြီး တနင်္သာရီအသင်းမှာမူ ၁၁ ပွဲကစား ၁၁ ပွဲရှုံးဖြင့် အမှတ်မရ သေးပေ။ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် ၁၀ ပွဲကစား ရမှတ် ၂၈ မှတ်၊ အား/ကာဦးစီး ဌာနအသင်းက ၁၀ ပွဲကစား ရမှတ် ၁၂ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၂) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် သစ္စာအားမာန်နှင့် မြဝတီယှဉ်ပြိုင်မည်ဖြစ်သည်။ **ရဲရင့်လွင်**

○ *ကျော့ဖုံးမှ*

အောင်လအန်ဆန်က တရစပ်ထိုးသတ်ခဲ့သည်။ အောင်လအန်ဆန်သည် ပွဲသိမ်းနိုင်ရန် တရစပ်ထိုးသတ်ရာ ၁ မိနစ် ၄၂ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ဖေဖော်ဝါရီလက ထိုးသတ်သည့်ပွဲတွင် ရုရှားနိုင်ငံသား ဘစ်ဒက်ရှ်ကို အရေးနိမ့်ခဲ့ပြီး ယခုပြန်လည်ထိုးသတ်သည့် စိန်ခေါ်ပွဲတွင် အိုကာမီကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ အိုကာမီသည် အဖွဲ့အစည်းမျိုးစုံနှင့် ပြိုင်ပွဲများထိုးသတ်ဖူးသူဖြစ်ပြီး ယခုပွဲတွင်မူ အောင်လအန်ဆန်ကို ပွဲအစ နှစ်မိနစ်အတွင်းမှာပင် အရေးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-ONE**

## ပွဲကြိုသုံးသပ်ချက်

နိုဝင်ဘာ ၂၁ ရက်မှာ ကမ္ဘာ့ဖလားပွဲစဉ် သုံးပွဲကို ယှဉ်ပြိုင်ကစားသွားမှာပါ။ အဲဒီပွဲစဉ်တွေထဲမှာ နာမည်ကြီး နယ်သာလန်၊ အင်္ဂလန်နဲ့ အမေရိကန်အသင်းတို့ ပါဝင်နေပါတယ်။

| ကမ္ဘာ့ဖလားပွဲစဉ် (၁) | |
|---|---|
| ၂၁-၁၁-၂၀၂၂ | တနင်္လာနေ့ |
| အင်္ဂလန် - အီရန် | ည ၇း၃၀ |
| ဆီနီဂေါ - နယ်သာလန် | ည ၁၀း၃၀ |
| အမေရိကန် - ဝေးလ် | နံနက် ၁း၃၀ |

# အဖွင့်ပွဲစဉ်မှာ အင်္ဂလန်၊ နယ်သာလန်နဲ့ ဝေးလ်တို့ ရမှတ်အပြည့် ရယူနိုင်မလား

**မိုးဇက်**

## အင်္ဂလန်နဲ့ အီရန်အသင်းအခြေအနေ

နာမည်ကြီး အင်္ဂလန်အသင်းက ယခုပွဲစဉ် မတိုင်မီ ကစားခဲ့တဲ့ နေးရှင်းလိဂ်ပြိုင်ပွဲမှာ ခြောက်ပွဲကစား သုံးပွဲသရေ၊ သုံးပွဲရှုံးနဲ့ တန်းဆင်းထားရပါတယ်။ ဒါ့ပြင် အင်္ဂလန်အသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို အားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ ရေစီဂျိမ်းစ်၊ ဘင်ချီဝဲလ်တို့ ပါဝင်လာနိုင်ခြင်းမရှိသလို ကယ်ဗင်ဖီးလစ်နဲ့ ကိုင်လီဝေါ်လ်ကာတို့လည်း ဒဏ်ရာရရှိနေတာကြောင့် နည်းပြဆောက်ဂိတ် အခက်တွေ့နေပါတယ်။

ဒါပေမယ့် နည်းပြဆောက်ဂိတ်အနေနဲ့ အသင်းရဲ့ လိုအပ်ချက်တွေကို ပြင်ဆင်ပြီး နည်းဗျူဟာအသစ်၊ ကစားကွက် အခင်းအကျင်းအသစ်နဲ့ အီရန်အသင်းကို ရင်ဆိုင်ကာ လိုအပ်တဲ့နိုင်ပွဲကို ဖော်ဆောင်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာကောင်းပါတယ်။

အီရန်အသင်းကလည်း ကစားသမားစုဖွဲ့မှုပိုင်းမှာ တောင့်တင်းတဲ့အသင်းတစ်သင်း ဖြစ်တာကြောင့် အင်္ဂလန်အသင်းကို အနိုင်ရဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ အီရန်အသင်းမှာ အားထားရတဲ့ ဆေယာမန်းနက်ချ်နဲ့ အိုမစ်အီဘရာဟီမီတို့ ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်လာနိုင်ခြင်း မရှိသလို ကြယ်ပွင့်တိုက်စစ်ကစားသမား ဆာဒါ အက်ဇ်မွန်းလည်း ဒဏ်ရာရရှိနေတာကြောင့် ပါဝင်ကစားဖို့ မသေချာဘူး။

အင်္ဂလန်အသင်းဟာ အသင်းသမိုင်း တစ်လျှောက် ခြောက်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုနဲ့ ကြုံတွေ့ထားပြီးဖြစ်ကာ ယခုပွဲစဉ်ရှုံးနိမ့်ပါက ခုနစ်ပွဲဆက် ရှုံးနိမ့်မှုနဲ့ ကြုံတွေ့မှာဖြစ်ပြီး

ဟယ်ရီကိန်း (၂၉ နှစ်)



အင်္ဂလန် (တိုက်စစ်)

၇၅ ပွဲကစား၊ ၅၁ ဂိုးသွင်း

သမိုင်းတစ်လျှောက် စံချိန်မှတ်တမ်းဆိုးတင်သွားမှာဖြစ်တာကြောင့် မဖြစ်မနေနိုင်ပွဲ ရရှိဖို့ လိုအပ်နေပါတယ်။

## ဆီနီဂေါနဲ့ နယ်သာလန်အခြေအနေ

အာဖရိကနိုင်ငံများ ချန်ပီယံ ဆီနီဂေါအသင်း အနေနဲ့ တောင့်တင်းကျစ်လျစ်တဲ့ ခံစစ်ကို ပိုင်ဆိုင်ထားသော်ငြား အဓိက တိုက်စစ်ကစားသမား မာနေး ပါဝင်လာနိုင်ခြင်းမရှိတဲ့အတွက် ဂိုးရဖို့ ရုန်းကန်ရနိုင်တယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ ရရှိခဲ့တဲ့ မာနေးရဲ့ ဒဏ်ရာကို အချိန်မီသက်သာလာအောင် အကောင်းဆုံးကြိုးစားခဲ့သော်လည်း နိုဝင်ဘာ ၁၇ ရက်မှာ ဒဏ်ရာအခြေအနေတိုးတက်လာခြင်း မရှိတာကြောင့် ပြိုင်ပွဲကို လွဲချော်တော့မှာဖြစ်ကြောင်း ကြေညာထားတာပါ။

စွမ်းဆောင်ရည်ကောင်းတွေ၊ ကစားသမားကောင်းတွေ ပိုင်ဆိုင်ထားတဲ့ နယ်သာလန်အသင်းအနေနဲ့ အုပ်စု (အေ) မှာ အိမ်ရှင်ကာတာအသင်း၊ အီကွေဒေါအသင်းတို့နဲ့ ကျရောက်နေတာကြောင့် ယခုပွဲစဉ်ကို မဖြစ်မနေ နိုင်ပွဲရရှိဖို့ အသေအချာပြင်ဆင်လာမှာပါ။ ဒါ့ပြင် နယ်သာလန်အသင်းက ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နောက်ပိုင်း ရှုံးပွဲကြုံတွေ့ထားခြင်း မရှိပါဘူး။

နယ်သာလန်အသင်းမှာ အားထားရတဲ့ ကစားသမား မက်ဖစ်ဒီပေး ရှိနေပြီး အသင်းအတွက် ၈၁ ပွဲ ပါဝင်ကစားထားကာ ၄၂ ဂိုး အထိ သွင်းယူထားတယ်။ ဒါ့ပြင် ဗန်ဒိုက်၊ ဒီဂျောင်၊ ဒီလစ်၊ မာလာစီယာ၊ ဂတ်ပိုစတဲ့ ကစားသမားကောင်းတွေ ပိုင်ဆိုင်ထားတဲ့ နယ်သာလန်ကို ဆီနီဂေါအသင်း အနိုင်ရဖို့ ခက်မယ်။

ဆီနီဂေါနဲ့ နယ်သာလန်အသင်းကြား ပထမဆုံးအကြိမ်တွေ့ဆုံတဲ့ ဒီပွဲစဉ်မှာ ဘယ်

မက်ဖစ် ဒီပေး (၂၈ နှစ်)



နယ်သာလန် (တိုက်စစ်)

၈၁ ပွဲကစား၊ ၄၂ ဂိုးသွင်း

အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး အဖိုးတန်သုံးမှတ်ကို ရယူသွားနိုင်မလဲ စိတ်ဝင်စားစရာဖြစ်ပါတယ်။

## အမေရိကန်နဲ့ ဝေးလ်အခြေအနေ

အမေရိကန်အသင်းရော ဝေးလ်အသင်းပါ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်သုံးပွဲမှာ နိုင်ပွဲရရှိထားခြင်းမရှိဘူး။ အထူးသဖြင့် ဝေးလ်အသင်းမှာ နာမည်ကြီး ကစားသမားတွေ အများအပြားရှိသော်ငြား ပြီးခဲ့တဲ့ နေးရှင်းလိဂ်မှာ ခြောက်ပွဲကစားပြီး ရှုံးပွဲ ငါးပွဲအထိရှိကာ သရေ တစ်ပွဲသာ ကျထားတာကြောင့် တန်းဆင်းထားရတယ်။

မည်သို့ပင်ဆိုစေ အုပ်စုတွင်းမှာ နာမည်ကြီး အင်္ဂလန်၊ အီရန်အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် အခုပွဲစဉ်က နှစ်သင်းစလုံးအတွက် မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။

အမေရိကန်အသင်းမှာ အားထားရတဲ့ ဆာဂျင်နိုဒက်စ် ဒဏ်ရာကြောင့် ပါဝင်ကစားဖို့ မသေချာဘူး။ အမေရိကန်နဲ့ ဝေးလ်အသင်းတို့ ခြေစမ်းပွဲ နှစ်ကြိမ်တွေ့ဆုံထားပြီး အမေရိကန်အသင်းက အသာရထားတယ်။ ဝေးလ်အသင်းက ၁၉၅၈ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ဖလားကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိတာ ဖြစ်ပါတယ်။

ယခုပွဲစဉ်မှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် အမေရိကန်အသင်းမှာ ပူလီဆစ် ရှိနေပြီး ဝေးလ်အသင်းမှာ ဂါရတ်ဘေးလ်ရှိနေတယ်။ ပူလီဆစ်က အမေရိကန်အသင်းအတွက် ၅၂ ပွဲ ပါဝင်ကစားထားပြီး ၂၁ ဂိုးသွင်းယူ ပေးထားတယ်။ ဘေးလ်က ဝေးလ်အသင်းအတွက် ၁၀၈ ပွဲပါဝင်ကစားထားပြီး ဂိုး ၄၀ သွင်းယူပေးထားတယ်။

နှစ်သင်းစလုံး ကစားသမားအစုံအလင်နဲ့

ဂါရတ်ဘေးလ် (၃၃ နှစ်)



ဝေးလ် (တောင်ပံ)

၁၀၈ ပွဲကစား၊ ဂိုး ၄၀ သွင်း

အဖိုးတန် သုံးမှတ်ရရှိရေးကို ဦးတည်လာမှာ ဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာပါတယ်။

# အမောပြေ

ဆရာမဲဇာ

ကျွန်တော်တို့ ကျန်းမာရေးပညာပေးလုပ်ငန်းများတွင် အဓိက အားထားနေရသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် နီးကပ်ဆောင်ရွက်နေရသည်မှာ လွတ်လပ်ရေးရပြီးစကတည်းကပင် ဖြစ်ပါသည်။ ခေတ်အမျိုးမျိုးပြောင်းလဲနေသည့်တိုင် ပြန်ကြားရေးဝန်ကြီးဌာနမှ ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အမြဲပင်ဦးစားပေးခဲ့ပါသည်။ သတင်းစာများမှစ၍ အသံလွှင့်အစီအစဉ်များ၊ ရုပ်မြင်သံကြားအစီအစဉ်များတွင် အထူးဂရုစိုက်ဖော်ပြပေးခဲ့ပြီး ရုပ်မြင်သံကြား ကြော်ငြာများခေတ်တွင်လည်း ကျွန်တော်တို့ကျန်းမာရေးဆိုင်ရာသတင်း၊ ဇာတ်လမ်းတိုများကို လူအများကြည့်ချိန် (Prime Time) များ၌ အခမဲ့နေရာပေး၍ အရေးတယူရှိခဲ့ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင်မူ အချိန်ရသမျှ နည်းလမ်းမျိုးစုံဖြင့် လူထုကို အသိပညာပေးရာတွင် ပူးပေါင်းမြှင့်တင်ဆောင်ရွက်ပေးခဲ့သဖြင့် လူထုထံသို့ ထိရောက်သောသတင်းအချက်အလက်များ၊ ကျန်းမာရေးကို ဦးစားပေးသည့်သဘောထားနှင့် အပြုအမူများကို ဖော်ထုတ်ပေးခွင့်ရပြီး မိမိတို့ရှိသမျှအင်အားဖြင့် ကပ်ရောဂါဆိုးကြီးကို ထိန်းချုပ်နိုင်ခဲ့ဖြစ်သည်ဟု သုံးသပ်မိပါသည်။

အရေးကြီးသော လက်တွဲဖော်ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၏လုပ်ငန်းအတော်များများတွင် ပူးပေါင်းပါဝင်ခွင့်ရယူရင်း အတော်အလျောက်ပြောင်းလဲလာမှုများကိုလည်း လေ့လာ၍လိုက်လျောညီထွေစွာ ပြောင်းလဲမှုများပြုလုပ်ကြရပါသည်။ ပြီးခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၏ သိသာသောအပြောင်းအလဲများကိုလည်း သတိထားမိပါသည်။

## သတင်းစာများ၏ အပြောင်းအလဲ

စာဖတ်သော အရွယ်ကတည်းက ဖတ်လာခဲ့သော သတင်းစာများ၏ အပြောင်းအလဲကို ပို၍မြင်သာပါသည်။ သာမန်သတင်းစာမျှသာ မဟုတ်တော့ဘဲ နိုင်ငံ၏ ဦးစားပေးမူဝါဒများနှင့်အညီ ထိရောက်သော ကဏ္ဍများ တိုးချဲ့ဖော်ပြနေသည်ကိုလည်း တွေ့နိုင်ပါသည်။ ထူးခြားချက်အနေဖြင့် "စိုက်မွေးစီးပွား"၊ "ကုန်သွယ်/စီးပွား ပြည်တွင်း/ပြည်ပသတင်းများ"နှင့် "ဇီဝစုံလင်သဘာဝဝန်းကျင်" ခေါင်းစဉ်သစ်များကို သတင်းစာများတွင် ဖတ်ခွင့်ရနေပြီဖြစ်ပါသည်။

ထိုသတင်းကဏ္ဍသစ်များတွင် သတိမူသူတို့အတွက် တန်ဖိုးရှိလှသောသတင်း၊ အချက်အလက်၊ အသိပညာနှင့် လုပ်ငန်းလမ်းညွှန်ချက်များကို ရယူနိုင်ရုံမက ထူးခြားသောဒေသထွက်ထုတ်ကုန်သီးနှံများအကြောင်းကိုပါ ဖတ်နိုင်၏။ စီးပွားရေးသံမှူးများမှတစ်ဆင့် ပေးပို့လာသော "ကုန်သွယ်စီးပွားသတင်းများ"မှာလည်း ယခင်က သတင်းစာဖတ်ပရိသတ်တို့ ဖတ်ခွင့်မရနိုင်သော သတင်းများသာဖြစ်ပါသည်။

ကမ္ဘာကြီးတွင် ပြောင်းလဲမှုဖြစ်စဉ်များကို အရှိန်အဟုန်နှင့် တွန်းပို့လာသော ကိုဗစ်-၁၉ ရောဂါကပ်ဆိုးကြီးကြောင့် ကျန်းမာရေးသာမက နိုင်ငံရေး၊ စီးပွားရေးအားလုံးမှာ ထိခိုက်ခဲ့ကြရပါသည်။ လူတို့ အိမ်တွင်းပုန်းနေကြရသဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ကူးသန်းရောင်းဝယ်မှုကဏ္ဍနှင့်တွဲ၍ ခရီးသွားကဏ္ဍနှင့်ဆက်စပ်နေသော လုပ်ငန်းအားလုံး ရပ်ဆိုင်းလုနီးပါးဖြစ်သွားခဲ့ရပါသည်။

## ဒစ်ဂျစ်တယ်နည်းပညာပြောင်းလဲမှုများ

ထိုအထဲတွင် မဖြစ်မနေအသုံးချရင်း အကောင်းဘက်သို့ ပြောင်းလဲသွားသောကဏ္ဍတစ်ရပ်ပေါ်ပေါက်လာပါသည်။ Digital Transformation ဟုခေါ်သော ဒစ်ဂျစ်တယ်နည်းပညာပြောင်းလဲမှုများကို တွင်ကျယ်စွာသုံးနိုင်သူများမှာ ရပ်တည်ခွင့်ရကြပါသည်။ သတင်းအချက်အလက်နည်းပညာ (Information Technology-IT) များမှာ မထင်မှတ်နိုင်လောက်အောင် အရှိန်အဟုန်ပြင်းစွာ ရှေ့တန်းရောက်လာပါသည်။

ထို့အတူ နည်းပညာတီထွင်သူများမှာ Forth Industrial Revolution ခေါ် စတုတ္ထအဆင့် စက်မှုတော်လှန်ရေး၏လှိုင်းကို စီးကာ ကြီးပွားချမ်းသာလာကြပါသည်။ ကျွန်တော်တို့၏ လူငယ်မျိုးဆက်သစ်များမှာလည်း "ခေတ်မီမီကမ္ဘာကြည့် ကြည့်မြင်"နိုင်လျှင် နိုင်ငံတကာအဆင့် လက်လှမ်းမီနိုင်ရုံသာမက မြန်မာတို့၏ ဉာဏ်ရည်ထက်မြက်မှုကို ကမ္ဘာသိအောင် ပြသနိုင်ခွင့်ရှိနေပါသည်။ မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော "နည်းပညာနှင့် သတင်းအချက်အလက်" ကဏ္ဍသည် လူငယ်တို့အတွက် အသုံးတည့်လှသဖြင့် လက်မလွှတ်တမ်း ဖတ်ရှုသင့်ပေသည်။

> " ပြန်ကြားရေးဝန်ကြီးဌာနက အားယူပြောင်းလဲလာသော လုပ်ငန်းစဉ်များမှာလည်း ယခုအခါ သိသာမြင်သာပြောင်းလဲမှုများကို တွေ့လာရပါသည်။ အထူးသဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ တိုးတက်ပြောင်းလဲမှုများတွင် ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေမှုပေးရန်များသာမက (Cultural Heritage) များကို ဖော်ထုတ်ကာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေဖို့ ဦးတည်သွားနေသော အစီအစဉ်ကောင်းများကို တွေ့လာရသည် "

နည်းပညာမှ ရယူထားသော သတင်းအချက်အလက်များသည် ထိုနည်းပညာစနစ်အတွင်းသို့ ထည့်သွင်းလိုက်သော သတင်းအချက်အလက်များအပေါ် မူတည်ပြန်သည်။(Garbage in - Garbage out) ဟူသော ကွန်ပျူတာစကားလုံးကို ပြန်လည်တင်ပြလိုပါသည်။ ကွန်ပျူတာစပေါ်ကတည်းက လူသုံးများသည့် "အမှိုက်ထည့်လျှင် အမှိုက်ထွက်မည်" ဟူသောစကားပင်။ ကွန်ပျူတာထဲသို့ထည့်လိုက်သောအချက်အလက်များ၏ တိကျမှန်ကန်မှုသည် အဖြေမှန်ထွက်ဖို့ အခရာဖြစ်ပါသည်။

သုတေသီများ၊ ပါရဂူများအားလုံးသည် ဒေတာ (Data) ရရှိမှုပေါ်မူတည်ပါသည်။ ဒေတာအများစုမှာလည်း လူတို့ကသာ ထုတ်လုပ်ထားပါသည်။ ဥပမာတစ်ခုကို တင်ပြလိုပါသည်။ လွန်ခဲ့သောငါးနှစ်ခန့်က ရန်ကုန်မြို့တွင်ပြုလုပ်သော သုတေသနတစ်ခုတွင် ရန်ကုန်မြို့သည် လုံခြုံစိတ်ချရကြောင်း၊ မြို့သူမြို့သားများသည် ပျော်ရွှင်နေကြောင်း စသောအချက်အလက်အတော်များများပါရှိသည်။ ထိုအချိန်က အငှားယာဉ်မောင်းများနှင့် ကားငှားစီးသူများ၏ ဆက်ဆံရေးအခြေအနေအကြောင်းကို ကွန်ပျူတာထဲတွင် မထည့်သဖြင့် မသိလိုက်ချေ။ ဘတ်စ်ကားများပေါ်တွင်လည်းကောင်း၊ ကားလမ်းမပေါ်တွင်လည်းကောင်း မည်ကဲ့သို့ဖြစ်ပျက်နေသည်ကို ရန်ကုန်သားတို့ သိသော်လည်း နိုင်ငံခြားသား သုတေသီတို့က မသိနိုင်ခဲ့ပေ။

"ဒေတာ"ဟု ပြောလာလျှင် လူတွေက (Hard Data) ခေါ်သော ကိန်းဂဏန်းအတိအကျသိရမှ အမှန်ဟုယူဆကြလေသည်။ သက်သေခံအထောက်အထားများ၊ သွယ်ဝိုက်ရသည့် သုံးသပ်ရသောအထောက်အထားများ (Circumstantial Evidence) များကို ပေးနိုင်သောအခြေအနေများကို မဖန်တီးမချင်း အဖြေမှန်၊ အတွေးမှန်၊ သဘောထားမှန်စသော(Soft Data)ခေါ် ဒေတာအပျော့စားများကို ပြန်လည်သုံးသပ်ကောက်ချက်ဆွဲကာ ဆုံးဖြတ်တတ်ရန် မလွယ်လှချေ။

## IQ နှင့် EQ

တစ်နည်းအားဖြင့် Emotional Education ခေါ်သော ခံယူသုံးသပ်ဆုံးဖြတ် နည်းပညာတစ်ရပ်ရှိနေကြောင်းကို သိရန်လိုလာပါသည်။ Emotional Quotient-EQ သည် မိမိတို့၏ စိတ်ခံစားချက်ကို မည်ကဲ့သို့ထိန်းချုပ်လမ်းကြောင်းအသုံးချတတ်မှုကို အရေးပေးလာကြသဖြင့် အလုပ်လျှောက်သူများကို လူတွေ့မေးမြန်းရာတွင် သူတို့၏ ဉာဏ်ရည်ဉာဏ်သွေး (IQ-Intelligence Quotient) ထက် EQ ကိုပို၍ အသားပေးလာသောခေတ်ကို ရောက်နေပါသည်။

ဤသို့သောခေတ်အပြောင်းတွင် မြန်မာတို့သည် IQ ကိုသာ အလေးထားနေသေးသဖြင့် ခေတ်နောက်ကျလျက်ရှိနေပေသည်။ မြန်မာတို့ချည်းသာမဟုတ်ပါ။ မြန်မာတို့က အထင်ကြီးနေသော စင်ကာပူနိုင်ငံမှာလည်း ထိုနည်းနှင်နှင်ဖြစ်ခဲ့သဖြင့် ထိုနိုင်ငံ၏ ခေါင်းဆောင်များကိုယ်တိုင်က စင်ကာပူကျောင်းများတွင် Emotional Education ဘာသာရပ်ကို ပြန်လည်ထည့်သွင်းသင်ယူစေဖို့ ဆုံးဖြတ်ပေးခဲ့ရပါသည်။

> ဤသို့သောခေတ်အပြောင်းတွင် မြန်မာတို့သည် IQ ကိုသာ အလေးထားနေသေးသဖြင့် ခေတ်နောက်ကျလျက် ရှိနေပေသည်။ မြန်မာတို့ချည်းသာ မဟုတ်ပါ။ မြန်မာတို့က အထင်ကြီးနေသော စင်ကာပူနိုင်ငံမှာလည်း ထိုနည်းနှင်နှင် ဖြစ်ခဲ့သဖြင့် ထိုနိုင်ငံ၏ ခေါင်းဆောင်များ ကိုယ်တိုင်က စင်ကာပူကျောင်းများတွင် Emotional Education ဘာသာရပ်ကို ပြန်လည်ထည့်သွင်းသင်ယူစေဖို့ ဆုံးဖြတ်ပေးခဲ့ရပါသည်

အချို့က ဤဘာသာရပ်ကို ရသပညာ (Aesthetics) ဟု ဘာသာပြန်၍သုံးကြ၏။ အမှန်သို့မရောက်သေးဟု ကျွန်တော်ထင်၏။ အမှန်တော့ကြုံတွေ့ရသောအခြေအနေ၊ လက်ခံရရှိသောဒေတာ၊ ပတ်ဝန်းကျင်မှ တွန်းအား၊ ဆွဲအားများကို သုံးသပ်လေ့လာပြီး မတုန်လှုပ်သော စိတ်အခြေခံဉာဏ်ပညာဖြင့် ဆုံးဖြတ်ရသည့်ကိစ္စများသာ လောကကောင်းကျိုးကို ပေးနိုင်ပါမည်။ "စိတ်ထားတတ်လျှင် မြတ်သည်" ဟူသောစကားအဓိပ္ပာယ်ကို အကျယ်စဉ်းစား၍ အသုံးချလျှင် ရလဒ်ကောင်းပါမည်။

## Head၊ Hand နှင့် Heart အထိ ပြောင်းလဲစေဖို့လို

ကျွန်တော်တို့ လူထုပညာမြှင့်တင်ရေး လုပ်ငန်းတွင်မူ 3-H ဟု လူသိများသော နည်းတစ်ရပ်ရှိပါ၏။ လူတို့၏ အသိပညာကိုမြှင့်တင်လိုလျှင် Head၊ Hand နှင့် Heart အထိ ပြောင်းလဲစေဖို့လိုသည်။ ခေါင်း (Head) သို့ရောက်သည်မှာ သညာ၊ ဒေတာ စသော ဗဟုသုတသာဖြစ်ပါသည်။ ထိုမျှနှင့်မလုံလောက်။ "နှုတ်မှုလက်မှုအတတ်စု" ကို သင်ယူလေ့ကျင့်ထားသော လက်၏ ကျွမ်းကျင်မှုလည်း လိုလာသည်။ လက်ဟုဆိုသော်လည်း ကာယကံ၊ ဝစီကံနှစ်မျိုးစလုံး အကျုံးဝင်ပါသည်။

အရေးကြီးသောအချက်မှာ လူငယ်တို့သုံးလေ့ရှိသော "Heart ထိသွားတယ်" ဟူသော စကားအတိုင်းပင်။ နှလုံးသားထဲသို့ ထိမိသွားအောင် အသိပညာမျှဝေပေးနိုင်ဖို့ လိုလေသည်။ ရှေးကသုံးသော "Learn by Heart" ဟူရာတွင်မူ အလွတ်ကျက်မှတ်မှုကို အဓိကထားကြတာမဟုတ်ပါ။ အလွတ်ကျက်မှတ်၊ အလွတ်ရနေခြင်းသည် Head ခေါ် ခေါင်းထဲကသာလာပါသည်။ အသည်းစွဲအောင်ကြုံရသော အဖြစ်အပျက်မှာမူ သေသည်အထိ မမေ့ရုံမက ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးလုံး၏အလုပ်ကို လွှမ်းမိုးနိုင်စွမ်းရှိပါသည်။

အသိအမြင်မှန်ကန်မှု၊ နှလုံးသွင်းမှန်ကန်မှုတို့ဖြင့် တည်ဆောက်ထားသော လူပုဂ္ဂိုလ်တစ်ယောက်အတွက် လူသားပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်တို့နှင့် ကြုံတွေ့လာတိုင်း မှန်ကန်သောသဘောထားဖြင့် ယောနိသော မနသီကာရစိတ်ထားဖြင့် ကောင်းသောအပြော၊ ကောင်းသောအလုပ်များကို သက်သာလွယ်ကူစွာ လုပ်ဆောင်နိုင်စွမ်းရှိသဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရေးရှုမည်သာဖြစ်ပါသည်။

ရသပညာအခြေခံရှိသူတစ်ယောက်အတွက် လောကကို အလှဆင်နိုင်ဖို့ မခက်ခဲသလို လောကဓမ္မအရ ဆူကြုံနိမ့်မြင့်ကြုံလာသမျှကိုလည်း မျှတစွာနှလုံးသွင်း၍ ကုသိုလ်စိတ်ဖြူဖြင့် နေနိုင်သူများ ဖြစ်လာပါသည်။ သမိုင်းတစ်လျှောက် ဆွေစဉ်မျိုးဆက်ထိန်းသိမ်းရင်း လက်ဆင့်ကမ်းလာခဲ့ကြသော ယဉ်ကျေးမှုအမွေအနှစ်များ (Cultural Heritage) များထဲတွင် မြင်သာသောရှေးဟောင်းပစ္စည်းများ၊ အဆောက်အအုံများကို လွယ်လွယ်တွေ့နိုင်သော်လည်း မမြင်သာသော ဓလေ့ထုံးစံ၊ ရသပညာများ (Intangible Cultural Heritage) များကိုမူ ဖော်ထုတ်သူနည်းသည်နှင့်အမျှ လျင်မြန်စွာပျောက်ကွယ်သွားပြီး အစားထိုးမရသော ဆုံးရှုံးမှုကြီးဖြစ်ရပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ တိုးတက်ပြောင်းလဲမှုများ

ပြန်ကြားရေးဝန်ကြီးဌာနက အားယူပြောင်းလဲလာသော လုပ်ငန်းစဉ်များမှာလည်း ယခုအခါ သိသာမြင်သာပြောင်းလဲမှုများကို တွေ့လာရပါသည်။ အထူးသဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ တိုးတက်ပြောင်းလဲမှုများတွင် ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေမှုပေးရန်များသာမက (Cultural Heritage) များကို ဖော်ထုတ်ကာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေဖို့ ဦးတည်သွားနေသော အစီအစဉ်ကောင်းများကို တွေ့လာရသည်။

ထူးခြားသောအစီအစဉ်ဖြစ်နေပါသဖြင့် စိန်ရတုပြည်ထောင်စုနေ့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့သော "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်"သည် လူထုကြားသို့ ထိရောက်စွာထိုးဖောက်နိုင်ပြီး ယခုအခါ (season-2) အဖြစ် စိန်ရတုလွတ်လပ်ရေးနေ့အတွက် ရည်သန်သည့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်"မှာ ပထမအဆင့်ပြီးစီးသွားပြီဖြစ်ပါသည်။

ဂန္ထဝင်သီချင်းများ၊ သမိုင်းဝင်ဂီတစာဆိုကြီးများ၊ မူရင်းအဆိုတော်ကြီးများကို ဦးထိပ်ထား၍ ခေတ်လူငယ်လူကြီးများအတွက် ဖျော်ဖြေရင်း အသိပညာဗဟုသုတများစွာရရှိစေသည့်အပြင် တိုင်းပြည်လွတ်လပ်ရေးအဓွန့်ရှည်စေဖို့ အခြေခံဖြစ်သော စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်များကိုလည်း တဖွားဖွားပေါ်ပေါက်စေခဲ့ပါသည်။ *စာမျက်နှာ ၂၄ သို့*

# ပဉ္စမအကြိမ်မြောက် မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးပြပွဲကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၉

ပဉ္စမအကြိမ်မြောက် မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးပြပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက်က မရမ်းကုန်းမြို့နယ် အင်းလျားကန် ဟိုတယ်ဝင်းရှိ Yangon Convention Center (YCC) ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော တောင်သူလယ်သမားများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြပွဲ ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူသူ တောင်သူများအတွက် ခေတ်မီစိုက်ပျိုး၊ မွေးမြူရေးနည်းပညာများ၊ မျိုးစေ့များ၊ နည်းပညာမြင့်စက်ပစ္စည်းများကို ယခုပြပွဲတွင် တစ်နေရာတည်း လေ့လာဝယ်ယူနိုင်မည်ဖြစ်၍ မိမိတို့နှင့် ကိုက်ညီသည့် စရိတ်စကသက်သာသော စက်ပစ္စည်းများကို ဝယ်ယူနိုင်မည် ဖြစ်ကြောင်းနှင့် စိုက်ပျိုးမွေးမြူသူများ၊ စားနပ်ရိက္ခာထုတ်လုပ်သူများ ရေရှည်ရပ်တည်နိုင်ရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီအားပေးကြရန် ပြောကြားသည်။

ထို့နောက် ပြပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

အဆိုပါပြပွဲတွင် ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီပေါင်း ၆၀ ကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းတို့ကို အခြေခံထုတ်လုပ်ထားသည့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များကို ပြခန်းပေါင်း ၃၀ ကျော်ဖြင့် နိုဝင်ဘာ ၂၁ ရက်အထိ ပြသမည်ဖြစ်ကြောင်းနှင့် ပြပွဲရက်များအတွင်း နို့စားနွားမွေးမြူရေးထုတ်လုပ်ရေးလုပ်ငန်း ရေရှည်တည်တံ့စေရန် နည်းလမ်းများ၊ ဇီဝဖိုးငှက် မွေးမြူရေးလုပ်၍ ငှက်သိုက်ထုတ်လုပ်ခြင်းဆိုင်ရာ ခေတ်မီနည်းပညာများ၊ A Bank ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် SME လုပ်ငန်းများအတွက် Networking and Orientation အစီအစဉ်များကို ဆွေးနွေးဟောပြောမည့် အစီအစဉ်များလည်း ထည့်သွင်းထားရှိကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၉

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ကလေးအလုပ်သမား ပပျောက်ရေး အလေးထားဆောင်ရွက်ပေး" မျက်နှာဖုံး ဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (နိုဝင်ဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ခင်မောင်အေး၊ သန့်လွင်ထွန်း (MPA)၊ သန်းစော (စီပီအေ) တို့၏ "ကလေးအလုပ်သမား ပပျောက်ရေး အလေးထားဆောင်ရွက်ပေး" မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာ ခင်မောင်ညို၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ မြသိန်း၊ ကိုဇော်ငွေး (ယဉ်ကျေးမှု)၊ နေညိုယဉ်၊ စံမြတ်ဘုန်း (စစ်ကိုင်း) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ ထက်ဝေအောင် (စစ်ကိုင်း)၊ K. M. A တို့၏ အမုန်းစကားနှင့် ဒီမိုကရေစီဆိုင်ရာ ဆောင်းပါးများ၊ ပါမောက္ခကိုကိုအောင်၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ တင်မာလွင်တို့၏ မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါးများ၊ ဆရာနောင်၊ ဒေါက်တာ မြင့်သန်းတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ လင်း (ဆေး-၁) ဒေါက်တာ စန်းဦး၊ မော်(သန်လျင်) တို့၏ ဖြစ်ရပ်မှန်၊ ဟာသဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



# လယ်ယာမြေဧက ၃၀၀ အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းပြီးစီး

ပန်းတနော် နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် မြေနုကျေးရွာအုပ်စု ပိုက်တန်းကျေးရွာရှိ လယ်ယာမြေဧက ၃၀၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက် သို့ အချိန်မီရောက်ရှိစေရေး ရည်ရွယ်၍ ကျေးလက်ကုန်ထုတ် ကွန်ကရစ်လမ်းကို ဖောက်လုပ်လျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါကုန်ထုတ်လမ်းသည် အရှည်ပေ ၁၅၅၀၊ အကျယ် ၁၂ ပေရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၃၅ ဒသမ ၇၅ သန်းဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီက ယခုနှစ်ဇူလိုင်လအတွင်း စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်တိုးတိုးက ပြောသည်။

လမ်းလုပ်ငန်းပြီးစီးမှုကို မြို့နယ် ဦးစီးမှူးက နိုဝင်ဘာ ၁၇ ရက်တွင် ကွင်းဆင်းကြည့်ရှုပြီး ကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကုန်ထုတ်လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးအတွက် ကျေးရွာကုန်ထုတ်လမ်း ကော်မတီဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။ **ငြိမ်းသူ**

# ပန်းဘဲတန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ဒါရိုက်တာအဖွဲ့များ ပြန်လည်ရွေးချယ်



ရန်ကုန် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၉ မီနီဘက်ဂျက်ကာလမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို နိုဝင်ဘာ ၁၆ ရက်က အဆိုပါအသင်းစုရုံး၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယဦးစီးမှူးက အမှာစကားပြောကြားသည်။

ဆက်လက်၍ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာ၊ နှစ်အလိုက်ဘဏ္ဍာရေး ရှင်းတမ်းများ ဖတ်ကြားရှင်းလင်းအတည်ပြုချက်ရယူပြီးနောက် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ဒါရိုက်တာအဖွဲ့များနှင့် အသင်းစာရင်းစစ်များ ရွေးချယ်တင်မြှောက်ပွဲကို တိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရေးကော်မတီက ဦးဆောင်၍ပြုလုပ်ကာ ဒါရိုက်တာအဖွဲ့ဝင်ခုနစ်ဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ **အာကာလင်း**

*စာမျက်နှာ ၂၃ မှ*

လွတ်လပ်သောနိုင်ငံတိုင်းတွင် နိုင်ငံ၏ရုံးသုံးစာပေရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာစာသည် ရုံးသုံးစာဖြစ်သော်လည်း တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏ဘာသာစကားကို လွတ်လပ်စွာအသုံးပြုခွင့်ရှိပါသည်။ ထို့အတူ တိုင်းရင်းသားညီအစ်ကိုများကလည်း မြန်မာမှုအနုပညာများကို ဝိုင်းဝန်းပြုစုပေးကြရာတွင် တူယှဉ်နွဲ့ပျော်ဂီတပွဲတော်သည် အဓိပ္ပာယ်ရှိလှသောအနှစ်သာရကို ထင်ဟပ်နေကြောင်း တွေ့ရပါသည်။

တစ်နေ့က ပြိုင်ပွဲဝင်သော အမျိုးသမီးကလေးမှာ ရှမ်း-ကချင်မိဘများမှ ပေါက်ဖွားလာသူ၊ စစ်ကိုင်းတိုင်းဒေသကြီးကို ကိုယ်စားပြုသူဖြစ်သော်လည်း သူမနှိုက်၍ ရလာသောသီချင်းမှာ ချင်းအမျိုးသားဂီတစာဆိုတစ်ဦး၏ ချင်းတောင်တန်းနှင့် ချင်းဓလေ့ဖော်ကျူးထားသည့်သီချင်းဖြစ်ပါသည်။ တိုင်းရင်းသားအားလုံးရှေ့တွင်၊ ရုပ်သံဖန်သားပြင်ပေါ်တွင် -

"သူငယ်ချင်းလိုက်ခဲ့စမ်းပါ၊ အလည်တစ်ခေါက်လိုက်ခဲ့စမ်းပါ xxx
တို့များရဲ့ ချင်းဓလေ့ထုံးစံမြင်စေချင်စမ်းသည် xxx
တောင်ပေါ်ခေါင်ရည် ချိုမြမြ၊ တစ်ကျိုက်လောက်သောက်ရင်
အမောပြေ xxx ဒါဟာလေ ချင်းပြည်ရဲ့ဓလေ့တစ်ခုပါ xxx"

ဆိုသော သီချင်းလေးသည် ရင်ထဲစွဲ၍ (By Heart) ကျန်ခဲ့ပါသည်။ ဤကား Intangible Cultural Heritage ပင်ဖြစ်ပါသည်။ ရှမ်း-ကချင်တိုင်းရင်းသူလေးက ချင်းဓလေ့ထုံးစံအကြောင်း မြန်မာလိုလှိုက်လှိုက်လှဲလှဲ ဆိုပြခဲ့သည်။ လွတ်လပ်ရေးစိန်ရတုမှ ရာပြည့်၊ ထိုမှ ကမ္ဘာတည်သရွေ့ တိုင်းရင်းသားအားလုံး လက်တွဲပူးပေါင်းကာ ငြိမ်းချမ်းသာယာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အသိမှန်၊ အလုပ်မှန်ဖြင့် ရှေ့ဆက်ထမ်းဆောင်ရမည့်တာဝန်များကို ပျော်ပျော်ရွှင်ရွှင် ရင်နှင့်အမျှ အားရှိသမျှတာဝန်ယူကြပါစို့။ ။

## ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Ye Min Aung Money Changer ဆိုင် ဓားပြတိုက်မှု ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှု




✪ *ကျော်ဖုံးမှ*

ဓားပြတိုက်မှုအား တရားခံလေးဦးက ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ပြီး သုံးဦးက ဆိုင်အတွင်း ဝင်ရောက်လုယက်ကာ တစ်ဦးမှာ ဆိုင်အပြင်ဘက်ရှိ မော်တော်ယာဉ်ပေါ်၌ အသင့် စောင့်ဆိုင်းနေခဲ့သည်ကို တွေ့ရှိပြီး အခင်းဖြစ်နေရာ၌ လုယက်သူများ ကျန်ရှိခဲ့သည့် ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ 9mm ကျည်ကိုးတောင့်နှင့် ကျည်ခွံတစ်ခုတို့ကိုသိမ်းဆည်းရမိခဲ့သဖြင့် ဓားပြတိုက်မှုကျူးလွန်သူ တရားခံများအား မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုဖွင့်လှစ်၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်တွင် ဓားပြတိုက်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးရနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သတင်းရယူစုံစမ်းခြင်း၊ ခိုင်လုံသည့် လုံခြုံရေးမှတ်တမ်း အထောက်အထားများကို အခြေခံကာ ရရှိလာသော သတင်းများ ကွင်းဆက်မပြတ် ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ ဓားပြတိုက်မှု ကျူးလွန်စဉ်က အသုံးပြုခဲ့သည့် မော်တော်ယာဉ်ကိုမောင်းနှင်ပေးခဲ့သူ မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ၁၀၃ လမ်း တိုက်အမှတ် (၂၇) ၆ လွှာ-အေနေ အောင်ပိုင်ဦး(ခ) ပိုင်ပိုင်(၁၉)နှစ် (ဘ) ဦးကျော်မင်းနိုင်ကို ငွေစက္ကူ ရောရော ၄၅ သိန်း၊ Redmi K30 အမျိုးအစား အပြာရောင်ဖုန်း တစ်လုံး၊ ဓားပြတိုက်မှုကျူးလွန်စဉ် ဝတ်ဆင်အသုံးပြုခဲ့သည့် အနက်ရောင် တီရှပ်အင်္ကျီလက်တို တစ်ထည်၊ အဖြူရောင် ဘောင်းဘီရှည် တစ်ထည်တို့နှင့်အတူ နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ မြယာကုန်းမီးပွိုင့်တွင် စတင်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ သာကေတမြို့နယ် (၇/အရှေ့) ရပ်ကွက် သဇင်နီလမ်း အမှတ်(၉)နေ အောင်ရဲနိုင်(ခ)အရှည်ကြီး (၂၄)နှစ် (ဘ)ဦးခင်မောင်သန်းအား Redmi K30 အမျိုးအစား ခရမ်းရောင် ဖုန်းတစ်လုံးနှင့်အတူ ယင်းနေ့နံနက် ၉ နာရီ ၃၅ မိနစ်တွင် သာကေတမြို့နယ် မင်းနန္ဒာလမ်းနှင့် မင်းရဲကျော်စွာလမ်းထိပ်တွင် ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ သာကေတမြို့နယ် (၆/အရှေ့) ရပ်ကွက် အောင်သုခ (၂၂) လမ်း အမှတ် (၁၁၅၄)နေ မင်းဟိန်း(ခ)ဂွပု(၂၄)နှစ် (ဘ) ဦးညဏ်ထွန်းမြင့်အား ယင်းနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် Oppo A16K အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးနှင့်အတူ ၎င်း၏ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဓားပြတိုက်မှုအား ဝေကြီး(ခ)ဝေဖြိုးအောင်(ဖမ်းဆီးရန်ကျန်)က ဦးဆောင်ပြီး အဖွဲ့ဝင်လေးဦးဖြင့် ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဓားပြတိုက်မှုကျူးလွန်စဉ် ဝေကြီး(ခ)ဝေဖြိုးအောင်က ပစ္စတိုသေနတ်အား ကိုင်ဆောင်ကာ အောင်ရဲနိုင်(ခ)အရှည်ကြီးနှင့်အတူ ဆိုင်အတွင်း ဝင်ရောက်လုယက်ဓားပြတိုက်ခဲ့ပြီး မင်းဟိန်း(ခ)ဂွပုက ဆိုင်အပေါက်ဝတွင် အခြေအနေ စောင့်ကြည့်ပေးကာ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်က ဆိုင်အပြင်၌ မော်တော်ယာဉ်ဖြင့် အသင့်စောင့်ဆိုင်း ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဓားပြတိုက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ်ကို ဝေကြီး(ခ) ဝေဖြိုးအောင် (ဖမ်းဆီးရန်ကျန်) က ယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဓားပြတိုက်မှု ကျူးလွန်ရာမှရရှိခဲ့သည့် ငွေကျပ် ၁၇၃ သိန်းအနက်မှ အောင်ပိုင်ဦး(ခ)ပိုင်ပိုင် အား ငွေကျပ် ၁၅ သိန်း၊ မင်းဟိန်း(ခ)ဂွပုအား ငွေကျပ် ၁၀ သိန်း၊ အောင်ရဲနိုင်(ခ)အရှည်ကြီးအား ငွေကျပ် ၁၅ သိန်းစီ ခွဲတမ်းအဖြစ် ပေးအပ်ခဲ့ပြီး ကျန်ငွေများကို ဝေကြီး(ခ) ဝေဖြိုးအောင်က ယူဆောင်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ဓားပြတိုက်မှု ကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသူများ ဖြစ်ကြသည့် တရားခံ အောင်ပိုင်ဦး(ခ) ပိုင်ပိုင်ပါ သုံးဦးတို့အား သက်သေခံပစ္စည်းများ ဖြစ်သည့် ငွေစက္ကူရောရော ငွေကျပ် ၄၅ သိန်း၊ ဖုန်းမျိုးစုံ သုံးလုံး၊ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ 9mm ကျည် ကိုးတောင့်၊ ကျည်ခွံတစ်ခု၊ ပြစ်မှုကျူးလွန်စဉ် အောင်ပိုင်ဦး(ခ)ပိုင်ပိုင် ဝတ်ဆင်ခဲ့သည့် အနက်ရောင် တီရှပ်အင်္ကျီလက်တို တစ်ထည်နှင့် အဖြူရောင် ဘောင်းဘီရှည် တစ်ထည်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် ဝေကြီး (ခ) ဝေဖြိုးအောင်အား အမြန်ဆုံး ဖမ်းဆီးရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ၎င်းတရားခံပြေးအား တွေ့မြင်သိရှိရပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပို့ တိုင်ကြားနိုင်ပါကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ၊ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ စက်လှေနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကမ်းခြေစောင့်တိုက်ရေယာဉ် ၁၁၄ မှ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကားယားကျွန်းအနောက်မြောက်ဘက် ၁ ဒသမ ၉ မိုင်ခန့်အကွာ၌ စက်လှေတစ်စင်းပေါ်မှ တရားမဝင် သစ်မျိုးစုံ ၅ ဒသမ ၁၀၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၆၀၅၀) နှင့် အဆိုပါ သစ်များ တင်ဆောင်လာသော စက်လှေတစ်စင်းနှင့် စက်လှေပါဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၁၆၀၅၀)ကို သစ်တောဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်မြို့ ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ခရီးသည်တင် မော်တော်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော မီးသွေးအိတ် ၄၅ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ထိုင်းနိုင်ငံထုတ်မုန့်မျိုးစုံ ကီလိုဂရမ် ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)နှင့် အဆိုပါ မီးသွေးအိတ်များနှင့် မုန့်မျိုးစုံများ တင်ဆောင်လာသော Mitsub Shi Fuso အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၈၆၇၅၀၀)ကို ဖမ်းဆီးအရေး ယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့က အေးရှားဝေါလ်ဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော ကြမ်းခင်းကော်ဖော ၂၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ်၆၃၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၈ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော Roller Bearing Model ဆိုဒ်မျိုးစုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၅၉၄၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၁၉ ရက် တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၆ ဒသမ ၅၀၃၆ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၉၅၂၀)ကိုသစ်တောဥပဒေအရ လည်းကောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဝေါမြို့နယ် မှုံကတုံးကျေးရွာအတွင်း၌ လိုင်စင်မဲ့ Daihatsu Hijet အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၈၉၅၂၀)ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၄၆၇၀၇၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**


ရန်တင်လှျံ(ခ)အားလျို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မံစီမြို့နယ်၊ နမ့်စန်မြို့နယ်နှင့် မူဆယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မံစီမြို့နယ် ဟန်ထက်ကျေးရွာအုပ်စု မံဝိန်းလေးကျေးရွာအနီး ဗန်းမော်-ရွှေကူသွားကားလမ်းတွင် သောင်းလဲ(ခ)ဇီဟူး မောင်းနှင်ပြီး ချစ်ကိုကို(ခ)ချစ်ကို လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ည ၇ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု ဟိုဦးကျေးရွာအနီး နမ့်စန် – လွိုင်လင်သွားကားလမ်းတွင် စိုင်းလောဝ်မွန်း မောင်းနှင်လာသည့် Mark II အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကျေးရွာအုပ်စု မိုင်းယု ၁၀၅ မိုင် ကျေးရွာအနီးတွင် ရန်တင်လှျံ(ခ)အားလျို့ မောင်းနှင်လာသည့် Toyota Crown အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# မသန်စွမ်းသူများနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်တွင် ပြိုင်ပွဲအမျိုးအစား ၂၀ တန်းခန့်၊ ရေကူးတွင် အလွတ်တန်းအမျိုးအစား ၁၆ တန်းခန့်၊ စစ်တုရင်ပြိုင်ပွဲတွင် မျက်စိအမြင်၊ မျက်စိမမြင်၊ ကိုယ်အင်္ဂါမသန်စွမ်းအတန်း ခြောက်တန်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ၌ ထူးချွန်သော မျိုးဆက်သစ်မသန်စွမ်းအားကစားသမားများကို မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်က စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မသန်စွမ်းလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ၀၉-၄၀၃၈၆၃၉၉၂၊ ၀၉-၉၈၉၂၉၈၉၀၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အာကာစိုး**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဈ) သုဓမ္မာလမ်း၊ မြေကွက်အမှတ် (၉၃၈/ ၁/၂)၊ အကျယ်အဝန်း (၂၀' x ၆၀')၊ ဧရိယာ (၀.၀၂၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျယ်အဝန်း (၂၀' x ၆၀') ရှိ BN(၂)ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးဟန်တင်၊ ဒေါ်ခင်ကြိုင်တို့၏အမည်ဖြင့် မှတ်သားတည်ရှိပြီး ဒေါ်ခင်ကြိုင် (၁၂/ဥကမ(နိုင်)၀၂၆၉၉၄)မှ ဦးဟန်တင် ကွယ်လွန်သွားသည့်အတွက် မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေနှင့်အဆောက်အဦနှင့်တကွ ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်ညိုမာ ( LL.B )၊ အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**
**အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(သက္ကလ) Grade-11 တန်းမှ မဝါဝါစိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထူး ၇/ကဝန(နိုင်)၁၃၄၅၄၇ ဖြစ်ပါကြောင်း။ **ဦးမြင့်ထူး**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/မြဝတီ)၊ ဦးပိုင်အမှတ် (၁၉၉ᶜ)၊ ဧရိယာ ၀.၁၁၁၂ ဧကရှိ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မူရင်းမှာ ပျက်စီးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် ဒေါ်စန္ဒီဦး၊ မြို့နယ်ဥပဒေအရာရှိမှ မြေငှားစာချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စီမံရေးရာဦးစီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ တစ်လအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးနေဇော် ၈/ပခက (နိုင်) ၁၉၆၀၅၂ ၏နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၃၃၃၇၇၄၈

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
ပုသိမ်မြို့နယ်တရားရုံးတော်၌
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇၁

| | | |
|---|---|---|
| တပ်ကြပ်ကြီး အောင်သိန်းနိုင် | နှင့် | ဒေါ်ချိုမာ |
| အနောက်တောင်တိုင်းစစ်ဌာနချုပ် | | အနောက်တောင်တိုင်းစစ်ဌာနချုပ် |
| ပုသိမ်မြို့နယ် | | ပုသိမ်မြို့နယ် |
| တရားလို | | တရားပြိုင် |

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်နေ တရားပြိုင် ဒေါ်ချိုမာ(ဘ)ဦးဖြူချမ်းဦး (ယခုနေရပ်လိပ်စာမသိရ) သိစေရမည်။

သင်၏အပေါ်၌ တရားလိုက တပ်ကြပ်ကြီး အောင်သိန်းနိုင်က အကြွင်းလင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၃ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခိုင်ဝေနှင်း)
ဒုတိယမြို့နယ်တရားသူကြီး(၃)
ပုသိမ်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန် အိမ်ရာစီမံကိန်း အဆင့်၊ ဇုန်(အေ)၊ တိုက်အမှတ်(အေ-၂)၊ အခန်းအမှတ် (၄၀၇)၊ Type(A)၊ ဧရိယာ ၁၁၈၅ Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးထွန်းဦး ၁၂/ကတတ(နိုင်)၀၂၅၀၆၂ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီဟန်**
၁၂/လမတ(နိုင်)၀၃၅၇၈၉
ဖုန်း-၀၉-၅၁၂၃၈၁၇၊၀၉-၇၇၅၁၂၃၈၁၇

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဟိုပုံးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၁၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများ၌ သံဃာတော်များ ဆွမ်းဆန်တော် အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ် လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီလွင်နှင့် ဝန်ထမ်းများသည် ဟိုပုံးမြို့ လုမ္ဗိနီကျောင်းတိုက်ရှိ ရဟန်းသာမဏေများအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို ဆက်ကပ် လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့ သန့်ရှင်းသာယာရေး မြို့တွင်းလမ်းများ အဆင့်မြှင့်

**သီပေါ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ မြို့ပြသန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စီမံချက်ရေးဆွဲ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယ သုံးလပတ် ငွေလုံးငွေရင်းရန်ပုံငွေ ၉ ဒသမ ၈၅ သန်းဖြင့် မြို့လယ်ရပ်ကွက် ရတနာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းအရှည် ပေ ၅၈၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေး ဌာန အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်စည် ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာအေးနှင့် ဝန်ထမ်းများက ဆောင်ရွက်ရာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။



ယခုအခါ ဒေသခံများအတွက် ရာသီမရွေးသွားလာနိုင်ပြီး ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့အတွက် များစွာအထောက်အကူပြုကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/40443, Yamaha FZ3-150, M/C ယာဉ်လက်ဝယ်ရှိသူ Victor Lighting Power Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/70490 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင် ၁၄/နေဖ(နိုင်)၀၈၂၀၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/69454, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လွင် ၁၄/ပသရ(နိုင်)၁၁၆၂၁၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်၊ ခတ္တာလမ်းနေ ဦးဝင်းအောင်-ဒေါ်သန်းသန်းရွှေတို့၏သား မောင်ကျော်ဆန်းလင်း ၇/ဝမန(နိုင်)၁၁၀၇၇၃သည် မိဘနှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ အကျိုးစီးပွားဆုတ်ယုတ်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် အပြီးအပိုင် စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော အကောင်းအဆိုး ကိစ္စမှန်သမျှအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းအောင်-ဒေါ်သန်းသန်းရွှေ**

## အမည်မှန်

ရမည်းသင်းမြို့၊ ကူတိုကျေးရွာနေ ဦးပါတူ၏သား ဦးအုံးကြိုင် ၉/ရမသ(နိုင်)၀၅၅၁၅၁၏ အမည်မှန်မှာ ဦးအုန်းကြိုင် ဖြစ်ပါကြောင်း။

**ဦးအုန်းကြိုင်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မျိုးလင်း ၈/စလန(နိုင်)၁၂၂၄၁၃၏နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်း နံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ အမှတ် (၂/၆၇)နေ ဒေါ်အားညီ၏သား၊ မောင်ဖူးအားရဲ့ ၁/မကန(နိုင်)၀၇၈၈၉၁ သည် မိခင်၏ ပြောဆိုဆုံးမစကားကို နားထောင်ခြင်းမရှိသည့်အပြင် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်အားညီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/63911 ယာဉ်လက်ဝယ်ရှိသူ ဦးရဲခေါင် ၁၄/မအပ(နိုင်)၁၆၅၃၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၃၉၆၇၆၊ Honda Wave 100, MC စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ ဒေါ်သန်းသန်းနုက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**စစ်တွေ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၉၉၀၂၆ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းစိုး ၁၀/ဘလန(နိုင်) ၀၇၂၈၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/40596, Honda PCX 160, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၁၄/ပသန(နိုင်)၁၈၅၅၅၆ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသည် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၇၇ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/4629 Toyota Hilux Surf KDN 185 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရွှေ ၁၃/လလန(နိုင်)၀၀၇၉၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(လှိုင်လင်မြို့)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဖျာပုံမြို့၊ ကျုံကူကျေးရွာ အုပ်စု၊ အကြီးဝကျေးရွာ၊ ဒေါ်ငွေး ၁၄/ဒဒရ(နိုင်) ၀၆၁၃၁၃၏သမီး မခြူးစံအိမ်သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များ ဆောင်ရွက်ပါသောကြောင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ငွေး**

**၁၄/ဒဒရ(နိုင်)၀၆၁၃၁၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈သယ/၆၇၀၀၅ ယာဉ် လက်ဝယ်ရှိသူ ဦးစိုးအောင် ၁၀/မဒန(နိုင်)၀၉၈၉၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၄၀၁၂ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆန်း ၁၀/မဒန(နိုင်)၁၆၃၂၂၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၁၄၉၉၃ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဆန်း ၁၀/မဒန(နိုင်)၁၆၃၂၂၉၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## တံဆိပ်အမည်အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း




ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၂)၊ စေတနာမွန်လမ်း၊ အိမ်အမှတ် (၃၃၂) နေ ဦးပြည်သိန်းနိုင်မှ SO YOUNG (Herbal Shampoo) တံဆိပ်အမည် အမှတ်အသားဖြင့် သဘာဝ ခေါင်းလျှော်ရည်လုပ်ငန်း ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိပြီး အဆိုပါတံဆိပ်အမည် အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးပြည်သိန်းနိုင် ၁၂/ရပသ(နိုင်)၀၅၃၃၆၅**
**စေတနာမွန်လမ်း ၊ အိမ်အမှတ် (၃၃၂)၊**
**ရပ်ကွက်ကြီး ( ၁၂ ) ၊ ပြင်ဦးလွင်မြို့**

## ဒီကရီကိုအတည်မပြုသင့်ကြောင်း အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**ပျဉ်းမနားခရိုင်တရားရုံးတော်**

**၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၆၁ နှင့် ဆက်နွယ်သည့်**

**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉၄**

ဒေါ်ကြူသက်ခိုင် **နှင့်** ၁။ ဦးစံအောင်
၂။ ဒေါ်ဘန်မိုး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ဒေါ်ဘန်မိုး အမှတ်(၆ယ/၁၁၀)၊ (၁)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိသူ) နေသူ သိစေရမည်။

၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၆၁ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ကြူသက်ခိုင် (ဒီကရီအနိုင်ရသူ)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်)အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာညွန့်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဇနကလမ်း၊ အကွက်အမှတ် (၂၉၊ ညောင်သုံးပင်တောင်ကွက်)၊ ဦးပိုင်အမှတ် (၇၅) ဟုခေါ်တွင်သော RPNO. ၁၄၆/V/၁၉၉၆-၉၇ အရ ဒေါ်ရီရီသန်း အမည်ပေါက် မြေကွက်အနက် အရှေ့ဘက်ခြမ်း အလျား x အနံ (၂၅ပေ x ၇၀ပေ) ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုဆို သော ဒေါ်ခင်စန်းလွင် ၁၂/သလန(နိုင်)၀၁၈၁၇၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးပြည်စိုးထွန်း ၅/ကဘလ(နိုင်)၁၄၃၁၄၂ က ပြန်လည်ဝယ်ယူရန်အတွက် ဒေါ်ခင်စန်းလွင်အား စရန်ငွေ ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည် (LL.B., D.B.L)** | **ဒေါ်နှင်းနှင်းထွေး(LL.B)(စဉ်-၂၄၉၆၈)** |
| **(စဉ်-၁၄၆၆၈)** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်(LL.B)(စဉ်-၅၀၈၅၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂) ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉-လမ်း၊ အမှတ်(၃၄)၊ ၃-လွှာ(ယာ)နေ ဒေါ်မြင့်မြင့်အေး ၁၀/မလမ (နိုင်)၁၈၄၄၄၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

(ဦးကိုကို) ၁၀/မလမ (နိုင်)၀၉၁၆၉၈ - ဒေါ်မြင့်မြင့်အေးတို့၏သမီးဖြစ်သူ ဒေါ်ဥမ္မာကို ၁၀/မလမ(နိုင်)၀၀၀၄၁၁ သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိခင်အား ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရတနာလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၉၆၄)**
**အမှတ်(၄၄)၊ ၁၂၂ လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၉၆၅၀၄၃၉၅၅**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာ ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရ်မင်းသား၏ ကောင်းမှုတော် မြစေတီဘုရားကြီး၏ ရွှေမိုက်နှင့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းအတွက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာရှိ မြစေတီမြတ်စွာဘုရားကြီး၏ အောက်ဖောင်းရစ်(၇)ဖောင်းနှင့် ဘုရားကြီး၏ သပိတ်မှောက်ခါးဖောင်း (၃)ဖောင်း ခေါင်းလောင်းတော်အောက်ပိုင်းအထိ ရွှေမိုက်ထုတ်လုပ်ငန်းနှင့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပါသည်။

ရွှေချလုပ်ငန်းအတွက် ချိပ်ပိတ်တင်ဒါတင်သွင်းလိုသူများသည် ၉"x ၉" ကြေးပြားတစ်ချပ်ကို နမူနာရွှေချ၍ တင်သွင်းလိုသည့် ဈေးနှုန်းနှင့်အတူ တင်သွင်းကြပါရန်။

လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်၊ ၁၈-၁၁-၂၀၂၂ ရက်မှစတင်၍ ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ ၉-၁၂-၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးလျှောက်ထားကြရန်နှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက် နံနက် ၉:၀၀ နာရီတွင် လျှောက်လွှာများ ပိတ်သိမ်း၍ ၁၁:၀၀ နာရီတွင် တင်ဒါဖွင့်ဖောက်ကြော်ငြာမည်ဖြစ်ပါသည်။ လျှောက်လွှာများကို ဂေါပကရုံးသို့ ကိုယ်တိုင်လာရောက် ဝယ်ယူရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြစေတီဘုရား ဂေါပကအဖွဲ့**
**ဖုန်း -၀၆၁-၂၄၆၅၂၁၇၊ ၀၉-၇၅၀၇၁၉၇၉၇**

## ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း အသင်းသူ၊ အသင်းသားများ သိသာပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မော်တော်ယာဉ်အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ၂၀၂၂-၂၀၂၅ ခုနှစ်အတွက် တာဝန်ယူဆောင်ရွက်မည့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်ရွေးချယ်ပွဲကို ၁၇-၁၂-၂၀၂၂ ရက်၊ (စနေနေ့) နံနက် ၉:၀၀ နာရီတွင် အမှတ်(၅၁-ဘီ-၁)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ တာမွေမြို့နယ်ရှိ Sky Star Hotel (Ruby Hall) ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် အသင်းဝင်များ တက်ရောက်ဆန္ဒမဲပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၂၀၂၂ခုနှစ် November ၂၁ ရက်အထိ အသင်းဝင်ပြီးသော အသင်းသားများသည် အလုပ်အမှုဆောင်အဖြစ်ပါဝင်ရွေးချယ်ခံနိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ အဆိုပြုလွှာအား ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထားပြီး အသင်းရုံးသို့ ပို့ပေးရမည်ဖြစ်ပါသည်။ အသေးစိတ်မေးမြန်းလိုပါက macsaa.info@gmail.com (သို့) 09892006864 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်ကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ဘားအံခရိုင်တရားရုံးတော်၌**

**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၃၃**

ဒေါ်တင်တင်အေး **နှင့်** ၁။ ဦးငွေအောင်
၂။ ဒေါ်မိုးနိုင်

**(တရားလို)** **(တရားပြိုင်များ)**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဝင်းကျန်ကျေးရွာနေ ဦးငွေအောင်(ဘ) ဦးလှအုန်းနှင့် ဒေါ်မိုးနိုင်(ဘ)ဦးစံပလွေ(အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်တင်အေးက ချေးငွေကျပ်အမှု တန်ဖိုးကျပ်သိန်း ၁၂၅၀၀၀၀/- (ကျပ်တစ်ရာနှစ်ဆယ့်နှစ်သိန်းငါးသောင်းကျပ်တိတိ) နှင့် နစ်နာကြေးငွေကျပ်-၅၀၀၀၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)ပြန်လည်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရ မည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ခရိုင်တရားသူကြီး**
**ဘားအံခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

တောင်သာမြို့၊ အင်းတဲကျေးရွာနေ (ဘ)ဦးချို ၉/တသန(နိုင်)၀၀၆၈၅၉၏သမီး ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် မသွယ်သွယ်ဝင်း၏ မွေးသက္ကရာဇ် အမှန်မှာ ၈-၁၂-၁၉၉၇ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်သာမြို့၊ ပန်းပေါင်း၊ အထက(ခွဲ) Grade-8မှ မောင်ဟိန်းစိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၉/တသန(နိုင်)၁၆၂၁၁၃ ဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်နေ ဒေါ်အုန်းကြည်ပိုင်ဆိုင်သော ရွှေကျင်မြို့၊ ပန်းပဲတန်းရပ်ကွက် ၄ (F) ဈေးအရပ်၊ ဦးပိုင်အမှတ် ၆၇ ( $\frac{ခ}{၁}$ ) ပိုင်ဆိုင်ခွင့် (B) မြို့အမည်အမျိုးအစား ဧရိယာ ၀ဒသမ ၀၉၂ ရှိ မြေနှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်တစ်လုံး သီးပင်စားပင် အကျိုးခံစားခွင့်အားလုံးကို ကျွန်ုပ်ကဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ပင်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေ၊ မြေပေါ်ရှိအကျိုးခံစားခွင့် စသည်တို့နှင့် ကန့်ကွက်လိုသူမည်သူမဆိုသည် အစိုးရစာရွက်စာတမ်းမူရင်းများ တရားရုံးတစ်ခုခု၏ အမိန့်၊ စီရင်ချက်၊ ဒီကရီ၊ ထုံးပုံကျအပြီးသတ်အမိန့်တို့၏ တာဝန်ခံမိတ္တူတို့၏ မူရင်းများကိုတင်ပြပြီး ကျွန်ုပ်ထံ ဤကြော်ငြာသည့်ရက်မှ (၃) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ကာလအတွင်း အထက်ပါတရားဝင်စာရွက်စာတမ်းများဖြင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို အပြီးပြတ်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးညီညီဝင်း (ဘ) ဦးဝင်းကြည်**
**၇/ ရကန (နိုင်) ၀၅၀၁၄၇**
**အမှတ် (၆၂၉)၊ ခုတင်တစ်ရာဆေးရုံလမ်း၊**
**ရှမ်းကုန်းကြေးနန်းတန်းရပ်ကွက်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ် (၁၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၂၃၀)၊ ဧရိယာ ၀ဒသမ ၁၃၇ဧကရှိမြေအား ပန်းတနော်မြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၄၀)နေ ဦးမောင်မောင်သန်း ၁၄/ပတန(နိုင်)၁၁၆၄၁၉ မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ပတ်ဝန်းကျင်ထောက်ခံချက်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက်အမှတ် (၆/နန္ဒဝန်)၊ဦးပိုင်အမှတ် (N-၂၄)၊ ဧရိယာ (၁၀၀x၁၀၀)ပေအကျယ်မြေအား ဒေါ်နိုင်နိုင်မော် (ဘ) ဦးမျိုးမြင့် ၇/ပမန(နိုင်)၀၄၄၇၉၄ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော (၁) ဦးသိန်းထိုက် ၇/ကကန(နိုင်)၀၀၈၅၆၁၊ (၂) ဦးကြည်လှိုင် ၁၂/ကတတ(နိုင်)၀၁၇၀၇၅ တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီငွေအောင် (LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၈၈)**
**ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၁၃၃၂၅၆၃**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက် နွယ်သာကီ(၈)လမ်း၊ အမှတ်(၂၈၀/A)၊ မြေညီထပ်အခန်း(A)တွင်နေထိုင်သူ ဒေါ်ကြူကြူမြင့် ၁၂/တတန(နိုင်)၁၈၃၃၃၁ ၏ လွှဲအပ်ချက်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူမြင့်သည် ဦးမောင်ခင်နှင့် မြောက်ဥက္ကလာပမြို့နယ်တရားရုံး၌ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ၌ လက်မှတ်ရေးထိုးပြီး အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ပါသည်။ ဒေါ်ကြူကြူမြင့်သည် ဦးမောင်ခင်၏ တရားဝင်ဇနီးမယားဖြစ်ပြီး အထက်ဖော်ပြပါ တိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြူကြူမြင့် သိရှိခြင်းမရှိဘဲ တစ်ဆင့်လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းတို့ (လုံးဝ) မပြုလုပ်ရန် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ကြူကြူမြင့်** | **ဒေါ်အေးမွန်မွန် (LL.B)** |
| **၁၂/တတန(နိုင်)၁၈၃၃၃၁** | **အထက်တန်းရှေ့နေ (စဉ်-၃၃၉၄၆)** |
| | **အမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၄၄၃၀၀၃၈၄၆** |

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ နဝရတ် (၃) လမ်း၊ အမှတ်(၁၂၇၅) (ခေါင်းရင်းခြမ်း) ဟုခေါ်တွင်သော အကျယ် အဝန်း (၁၀ပေx၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရှုတင်(CB-၀၂၂၀၅၄) ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးငွေအောင် ၈/ပဖန(နိုင်)၁၀၃၂၉၆က နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင် အပြီးအပိုင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည် ။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၃၇၁၄၀)**
**အမှတ် (၇၀၅) ၊ မာန်ပြေ(၁)လမ်းအရှေ့၊ ၂/တောင်ရပ်ကွက် ၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၃၈၉၇၁၇၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနုယဉ်ခင် ၁၁/ရသတ(နိုင်)၁၀၃၂၅၂ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်ကျော် ၁၁/မပန(နိုင်) ၀၇၅၇၂၅၏ နိုင်ငံကူး လက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## မွေးသက္ကရာဇ်အမှန်

ကွတ်ခိုင်မြို့နယ်၊ ပန်ကိုင်အောက်ရွာနေ ဦးဂမ်ဆိုင်း ၁၃/နမတ(နိုင်)၁၄၀၄၅၀၊ ဒေါ်အက်စတာ ၁၃/နမတ(နိုင်)၀၂၁၉၇၉တို့၏ သမီး မဆိုင်းစင်နန် ၁၃/ကခန(နိုင်)၀၈၈၄၆၇၏ မွေးသက္ကရာဇ် အမှန်မှာ ၁၄-၇-၁၉၉၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၈ယ/၇၂၄၇၂ Honda Wave Alpha 110 ယာဉ်လက်ဝယ်ရှိသူ Trillion Lin Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး(မကွေး)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/52340 Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလွင်မိုးအောင် ၈/ပမန(နိုင်)၁၂၅၄၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(ပခုက္ကူ)

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဝင်းမင်းထိုက် ၈/စလန(နိုင်)၁၄၅၁၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ခင်မေလွင် ၉/မထလ(နိုင်)၀၀၅၁၄၁၏သား ကောင်းစံသူ(ခ)ကောင်းကောင်း ၉/မထလ(နိုင်)၃၃၇၄၂၀သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှင့် သဘောထားကိုက်ညီမှုမရှိသော ကိစ္စများကို ဆောင်ရွက်နေပါသဖြင့် ကောင်းစံသူ(ခ)ကောင်းကောင်းအား ယနေ့မှစ၍ အမွေခံသားအဖြစ်မှ အပြီးတိုင် စွန့်လွှတ်ကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝ တို့ကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ဒေါ်ခင်မေလွင်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်-၄၆၀/၄၆၂၊ အခန်းအမှတ်(၂၀၃)၊ ၃-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅ပေx၅၀ပေ)ရှိတိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခင်သန်းဝင်း ၁၂/ကတန(နိုင်)၀၄၄၈၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးသိန်းထိုက် ၁၂/သဃက(နိုင်)၁၉၉၈၀၉က ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေအနက်မှ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါ သည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းထိုက်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၆၊ မြေကွက်အမှတ် ၂၂၆၃၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးဝင်းမြင့်အမည်ပေါက် ပါမစ်မြေကွက်အနက်မှ (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်လှဲ့လှဲ့သန်းဆွေ ၁၂/သဃက(နိုင်)၁၆၅၈၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွင်လမ်ညံ ၅/ကလထ(နိုင်)၁၄၉၁၄၄ က ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေအနက်မှ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆွင်လမ်ညံ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄ လွှာ (ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဝင်းမာအေး ၅/ဒပယ(နိုင်)၀၈၃၆၉၁၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၁၀၁၈၉၅

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မိုးဦး ၅/ယမပ(နိုင်)၁၁၇၇၁၅၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၂၅၃၁၀၈၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန်းမင်းထွန်း ၅/စကန(နိုင်)၁၈၅၂၁၄ ၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၇၇၁၆၇

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချမ်းမြေ့အောင် ၇/ဒဥန(နိုင်)၁၇၁၁၂၇၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၁၆၀၈၆၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်နိုင်လင်း ၅/မကန(နိုင်)၀၄၁၁၀၅ ၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၀၃၀၄၅၇၂

## ပျောက်ဆုံးကြောင်း

ကျွန်မ မသင်းသင်းမြတ် ၅/ယမပ(နိုင်)၁၃၄၄၃၅၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၄၆၆၀၇၇၈

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဖြိုးဝေဦး ၈/တတက (နိုင်)၁၅၉၅၆၈၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## မိဘအမည်မှန်

လားရှိုးတက္ကသိုလ်၊ သမိုင်းဘာသာရပ်၊ ဒုတိယနှစ် ကျောင်းသူ မမိုးစန္ဒာလွင်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်မူရင်း အရ ဦးဌေးလွင်(ခ) ဦးအောင်ကျော်ကျော် ၁၃/နခတ(နိုင်) ၀၄၈၃၇၅-ဒေါ်အိအိထား (ခ)ဒေါ်ဌေးဌေးမြင့် ၁၃/လရန(နိုင်)၂၂၈၇၃၆ ဖြစ်ပါသည်။

# သင့်ကြောင့် မီးမလောင်ပါစေနှင့်

## ငြင်းချက်ထုတ်ရန်ဆင့်စာ

